ပူဇာစ ပူဇနေယျာနံ ဧတံ မင်္ဂလ မုတ္တမံ၊ ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်၊ ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၁)၊ အမှတ်(၉၆)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်များချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၄

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်ကာကွယ်ရေးအတွက် ပေးအပ်သည့် တာဝန်ဝတ္တရားများကို ထမ်းဆောင်ရာတွင် ထူးကဲကောင်းမွန်စွာ ထမ်းဆောင်နိုင်ခြင်းအတွက် စစ်မှုထမ်း ၂၀ အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင် လက်မှတ်များကို ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စည်းလုံးညီညွတ်သောနိုင်ငံတော်ကိုထူထောင်နိုင်ခဲ့သည်မှာမြန်မာ့သမိုင်းတွင်အထင်အရှားရှိခဲ့ မူဝါဒလမ်းစဉ်ခုနစ်ရပ်အောင်မြင်ရေး တိုင်းရင်းသားပြည်သူတစ်ရပ်လုံး တက်တက်ကြွကြွပါဝင် အေးချမ်းသာယာဖွံ့ဖြိုးခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကြီးမလွဲမသွေကေန်ပေါ်ပေါက်စေရမည်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၄ ခုနှစ်၊ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ဖြစ်သော ကျက်သရေအပေါင်းနှင့်ပြည့်စုံသည့် ဤရက်မြတ်မင်္ဂလာအခါသမယတွင် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်လျက်ရှိကြသည့် တိုင်းရင်းသားပြည်သူအပေါင်းတို့အား ချစ်ကြည်လေးစားစွာ နှုတ်ခွန်းဆက်သအပ်ပါသည်။

ကျွန်ုပ်တို့ တိုင်းရင်းသားပြည်သူအပေါင်းတို့သည် အသက်၊သွေး၊ချွေးများစွာ ရင်းနှီး၍ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို ပြန်လည်ရယူနိုင်ခဲ့သည်မှာ ယနေ့ဆိုလျှင် (၅၆)နှစ်တင်းတင်း ပြည့်မြောက်ပြီ ဖြစ်ပေသည်။

မြန်မာ့သမိုင်းစဉ်တစ်လျှောက်လုံးတွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ရှမ်းအစရှိသော တိုင်းရင်းသား ညီအစ်ကိုမောင်နှမတို့သည် မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ကို အရင်းတည်၍ နိုင်ငံတော်အခွန့်ရှည်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် သက်စွန့်ကြိုးပမ်း ပါဝင်ဆင်နွှဲခဲ့ကြသည်။ မြန်မာ့လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့ကြသည့် တိုင်းရင်းသားပြည်သူများ၏ ရင်နှစ်သည်းချာများဖြစ်ကြသော တပ်မတော်သားများ၊ နိုင်ငံ့ဝန်ထမ်းများနှင့်တကွ ပြည်ထောင်စုတိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စွာကြိုးပမ်းစွမ်းဆောင်မှုဖြင့် ရရှိခဲ့သောအောင်ပွဲများကို အလေးအမြတ် မော်ကွန်းတင်ထားရမည် ဖြစ်ပေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ရှေးနှစ်ပေါင်းထောင်နှင့်ချီ၍ ကိုယ်ပိုင်ယဉ်ကျေးမှုရှိပြီး လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံတော်အဖြစ် ရပ်တည်ခဲ့သောနိုင်ငံဖြစ်သည်။ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများသည် အဆင့်အတန်းမြင့်မားသည့် ယဉ်ကျေးမှုနှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်တို့ကို သားစဉ်မြေးဆက် လက်ဆင့်ကမ်းထိန်းသိမ်းကြကာ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်ခဲ့ကြပေသည်။

စာမျက်နှာ ၃ ကော်လံ ၁

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့် တိုင်းရင်းသားခေါင်းဆောင်များအားလက်ခံတွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၃

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကယားပြည်နယ် အထူးဒေသ(၂)အဖွဲ့ဥက္ကဋ္ဌ ဦးစန္ဒာ၊ ဒုတိယဥက္ကဋ္ဌ ဦးထွန်းကျော်နှင့်အဖွဲ့အား ယနေ့ညနေ ၅နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

စာမျက်နှာ ၅ ကော်လံ ၁

လက်ခံတွေ့ဆုံ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကယားပြည်နယ်အထူးဒေသ(၂) အဖွဲ့ဥက္ကဋ္ဌဦးစန္ဒာ၊ဒုတိယ ဥက္ကဋ္ဌ ဦးထွန်းကျော်နှင့် အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိဇေယျာသီရိ ဗိမာန်ခန်းမ၌ လက်ခံ တွေ့ဆုံစဉ်။ (သတင်းစဉ်)



သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များဆက်ကပ် ဂုဏ်ထူးဆောင်တံဆိပ်များအပ်နှင်း

ရန်ကုန် ဇန်နဝါရီ ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဂန္ထဓုရ ပရိယတ္တိဝန်ဆောင် စာချဆရာတော်များ၊ ဝိပဿနာဓုရ ပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်း ပြည်ပသာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်း အပ်နှင်းလိုက်သည့် အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၄)ကိုလည်းကောင်း၊ ဂုဏ်ထူးဆောင် တံဆိပ်များအပ်နှင်းသည့် အမိန့် ကြော်ငြာစာအမှတ်(၂/၂၀၀၄)ကို လည်းကောင်း၊ မြန်မာနိုင်ငံစစ်မှုထမ်း သင်္ဂဟတံဆိပ်ချီးမြှင့်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၃/၂၀၀၄)ကို လည်းကောင်း၊ စစ်မှုထမ်းကောင်းတံဆိပ်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၄/၂၀၀၄)ကို လည်းကောင်း၊ ပြည်သူ့ဝန်ထမ်းကောင်း တံဆိပ် ချီးမြှင့်အပ်နှင်းသည့် အမိန့်ကြော်ငြာစာ အမှတ်(၅/၂၀၀၄)ကိုလည်းကောင်း၊ ရဲမှုထမ်းကောင်း တံဆိပ်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၆/၂၀၀၄)ကိုလည်းကောင်း၊

စာမျက်နှာ ၂ ကော်လံ ၄

အထူးထုတ်ရောင်စုံအချပ်ပို

လေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ၂၀၀၄ခုနှစ် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ဂုဏ်ပြုအထူးထုတ် ရောင်စုံ အချပ်ပို လေးမျက်နှာပါရှိပါသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဦးတည်ချက်များ စည်းလုံးညီညွတ်သည့်စွမ်းပကားဖြင့် ကြိုးပမ်းအကောင်အထည်ဖော်

တိုင်းရင်းသားပြည်သူများစွာတို့၏ အသက်၊ သွေး၊ ချွေးတို့ဖြင့် ရင်းနှီးရယူခဲ့ရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာသည် ၂၀၀၄ခုနှစ် ဇန်နဝါရီလ ၄ရက်(ယနေ့)တွင် (၅၆)နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်ပေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် နှစ်ပေါင်းထောင်နှင့်ချီ၍ အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံအဖြစ် ခမ်းနားထည်ဝါစွာ ရပ်တည်ခဲ့သောနိုင်ငံဖြစ်သည်။ မြန်မာတို့သည် အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ နိုင်ငံ့ဂုဏ်တို့ကို စွဲမြဲစွာဆက်ခံထိန်းသိမ်းပြီး နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ်ဖြင့် နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ခဲ့ကြသူများ ဖြစ်ကြသည်။

နယ်ချဲ့တို့သည် မြန်မာနိုင်ငံကို ၁၈၂၄ ခုနှစ်၊ ၁၈၅၂ ခုနှစ်နှင့် ၁၈၈၅ ခုနှစ်တို့တွင် ကျူးကျော်စစ်ပွဲသုံးကြိမ်ဆင်နွှဲခဲ့ရာ အားမတန်၍ မာန်လျှော့ခဲ့ရသည်။

သို့သော် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ရှိသူ ပုဂ္ဂိုလ်တို့၏ စစ်ရေး၊ နိုင်ငံရေး ပရိယာယ်ကြွယ်ဝစွာ ခုခံဆင်နွှဲတိုက်ပွဲဝင်ခဲ့မှုတို့ကြောင့် လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံအဖြစ်သို့ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လက်ဝယ်ပိုင်ပိုင် ပြန်လည်ရရှိနိုင်ခဲ့သည်။

တိုင်းရင်းသား ညီအစ်ကိုတို့သည် ပြည်ထောင်စုစိတ်ဓာတ်နှင့် မျိုးချစ်စိတ်ဓာတ်တို့ကို အရင်းတည်လျက် နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲစဉ်များတွင် သက်စွန့်ကြိုးပမ်း ပါဝင်ဆင်နွှဲခဲ့ကြပေသည်။ တိုင်းရင်းသား မျိုးချစ်သူရဲကောင်းများ၏ လွတ်လပ်ရေးကြိုးပမ်းမှုနှင့် အောင်ပွဲအလီလီတို့ကို မော်ကွန်းတင်နိုင်ခဲ့သည်။ မြန်မာ့သမိုင်းတွင်သာမက ကမ္ဘာ့သမိုင်းသို့တိုင် မြန်မာတို့၏ လွတ်လပ်ရေးအတွက် အသက်ပေးကြိုးပမ်းဆောင်ရွက်မှုများကို ကမ္ပည်းမှတ်တမ်း တင်ထားပြီးဖြစ်ပေသည်။ မျက်မှောက်ကာလတွင် မြန်မာတို့၏ လွတ်လပ်ရေးထိန်းသိမ်း ကာကွယ်စောင့်ရှောက်ခဲ့ကြပုံမှာလည်း မော်ကွန်းထိုးနိုင်ပေသည်။ တိုင်းရင်းသားပြည်သူများ၏ ရင်နှစ်သည်းချာများဖြစ်ကြသော တပ်မတော်သားများ၊ နိုင်ငံ့ဝန်ထမ်းများအပါအဝင် ပြည်ထောင်စုသားအားလုံး၏ စည်းလုံးညီညွတ်မှုစွမ်းပကားဖြင့် နိုင်ငံတော်ကြီးကို တည်ဆောက်ခဲ့ကြပုံများကိုလည်း အလေးအမြတ်ပြုကာ မော်ကွန်းမှတ်တမ်းတင်ကြရန်လည်း လိုအပ်ပေသည်။

ထိုသို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးတို့၏ အသက်၊ သွေး၊ ချွေးများစွာတို့ဖြင့် ရင်းနှီးရယူခဲ့ရသည့် လွတ်လပ်ရေးနှင့် လွတ်လပ်ရေးကြိုးပမ်းဆောင်ရွက်မှုများကို အစဉ်အမြဲသတိရ တန်ဖိုးထားနိုင်စေရန် လွတ်လပ်ရေးနေ့အခမ်းအနားများကို အစဉ်အလာမပျက် နှစ်စဉ်ကျင်းပလျက်ရှိကြရာ ၂၀၀၄ ခုနှစ် (၅၆)နှစ်မြောက်လွတ်လပ်ရေးနေ့ကို နိုင်ငံရေးအနှစ်သာရရှိရှိ ကျင်းပနိုင်ရေးအတွက်–

- **နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲလက်တွဲ ပူးပေါင်းကာကွယ်စောင့်ရှောက်ရေး၊**
- **ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးအတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး၊**
- **ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊**
- **နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး**

ဟူသော အမျိုးသားရေးဦးတည်ချက်များကို နိုင်ငံတော်က ချမှတ်ပေးထားပေသည်။

ယင်းဦးတည်ချက်များသည် နိုင်ငံတော်က ယနေ့ဦးတည်အကောင်အထည်ဖော်ကြိုးပမ်းလျက်ရှိသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်ရေးတွင် နိုင်ငံသား အားလုံးပါဝင်ဆောင်ရွက်ရမည့် အခန်းကဏ္ဍများကို ဖော်ညွှန်းလျက်ရှိပေသည်။

သို့ဖြစ်ရာ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များကို ပြည်ထောင်စုဖွား တိုင်းရင်းသား အားလုံးတို့က ပြည်ထောင်စုစိတ်ဓာတ်နှင့် မျိုးချစ်စိတ်ဓာတ်ကို အခြေခံပြီး စည်းလုံးညီညွတ်သည့်စွမ်းပကား၊ မြင့်မားခိုင်ကျည်သည့် ဂုဏ်ဒြပ်ဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းအကောင်အထည်ဖော်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

☞ ရှေ့ဖုံးမှ

နိုင်ငံတော် ရဲမှုထမ်းတံဆိပ် အပ်နှင်းသည့် အမိန့်ကြော်ငြာစာ အမှတ်(၇/၂၀၀၄)ကိုလည်းကောင်း၊ ပြည်သူ့ဝန်ထမ်းတံဆိပ်နှင့် ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ် ချီးမြှင့်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၈/၂၀၀၄)ကို လည်းကောင်း ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၄ ရက် (၅၆)နှစ်မြောက်လွတ်လပ်ရေးနေ့တွင် ထုတ်ပြန်ကြေညာသည်။

အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၄)ဖြင့် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်သုံးပါး၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော် ၁၈ ပါး၊ မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်တစ်ပါး၊ ဓမ္မကထိကဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော် နှစ်ပါး၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော် ၃၂ ပါး၊ သီလရှင်လေးပါး စုစုပေါင်း ၃၆ ပါး၊ မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော် ၄၅ ပါး၊ သီလရှင်ရှစ်ပါး စုစုပေါင်း ၅၃ ပါး၊ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော် ၂၂ပါး၊ သီလရှင် ရှစ်ပါး စုစုပေါင်း အပါး ၃၀၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော် ခုနစ်ပါး၊ မဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်လေးပါး၊ ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ဆက်ကပ် လှူဒါန်းခြင်းခံရသော ဆရာတော်တစ်ပါး၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကိုးပါး၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော် ၅၄ပါး၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော် ၃၇ပါး၊ သီလရှင်ငါးပါး၊ လူပုဂ္ဂိုလ်ရှစ်ဦး စုစုပေါင်း ၄၄ ပါး၊ သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော် ၂၉ ပါး၊ သီလရှင်နှစ်ပါး၊ လူပုဂ္ဂိုလ်နှစ်ဦး စုစုပေါင်း ၃၃ ပါး၊ အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရဘွဲ့ ငါးဦး၊ အဂ္ဂမဟာသီရိသုဓမ္မသီဂိဘွဲ့သုံးဦး၊ သီရိသုဓမ္မမဏိဇောတဓရဘွဲ့လေးဦး၊ သီရိသုဓမ္မသီဂိဘွဲ့ခြောက်ဦး၊ သီဟသုဓမ္မမဏိဇောတဓရဘွဲ့လေးဦး၊ သီဟသုဓမ္မသီဂိဘွဲ့ ၁၁ ဦး၊ သုဓမ္မမဏိဇောတဓရဘွဲ့ ငါးဦး၊ သုဓမ္မသီဂိဘွဲ့နှစ်ဦးတို့ ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၀၄)ဖြင့် ဂုဏ်ထူးဆောင်တံဆိပ်များချီးမြှင့်အပ်နှင်းခြင်းခံရသူများတွင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်နှစ်ဦး၊ ဝိဇ္ဇာပညာ ထူးချွန်တံဆိပ်(ပထမဆင့်) လေးဦး၊ ဝိဇ္ဇာပညာထူးချွန်တံဆိပ် (ဒုတိယဆင့်) လေးဦး၊ ဆေးပညာထူးချွန်တံဆိပ်(ဒုတိယဆင့်)တစ်ဦး၊ နည်းပညာထူးချွန်တံဆိပ် (ဒုတိယဆင့်)၁၀ဦး၊ လယ်ယာစီးပွားထူးချွန်တံဆိပ်(ဒုတိယဆင့်)တစ်ဦး၊ လယ်ယာစီးပွားထူးချွန်တံဆိပ်(တတိယဆင့်) ကိုးဦး၊ စက်မှုစီးပွားထူးချွန်တံဆိပ်(ပထမဆင့်) နှစ်ဦး၊ စက်မှုစီးပွားထူးချွန်တံဆိပ်(ဒုတိယဆင့်) ၁၂ဦး၊ စက်မှုစီးပွားထူးချွန်တံဆိပ်(တတိယဆင့်) ၈၀၊ စီမံထူးချွန်တံဆိပ်(ပထမဆင့်) ၄၅ဦး၊ စီမံထူးချွန်တံဆိပ်(ဒုတိယဆင့်) ၆၁ဦး၊ စီမံထူးချွန်တံဆိပ်(တတိယဆင့်) ၂၁၄ဦး၊ လူမှုထူးချွန်တံဆိပ် (ပထမဆင့်) ၅၄ဦး၊ လူမှုထူးချွန်တံဆိပ်(ဒုတိယဆင့်) ၇၉ဦး၊ လူမှုထူးချွန်တံဆိပ်(တတိယဆင့်) ၂၆၈ ဦး၊ ရဲသူရတံဆိပ်တစ်ဦး၊ ရဲဗလတံဆိပ်လေးဦး၊ ရဲသူရိန်တံဆိပ် ၂၁ဦး၊ ရဲကျော်စွာတံဆိပ် ၁၉ဦး၊ ရဲကျော်သူတံဆိပ်ရှစ်ဦး စုစုပေါင်း ၈၉၉ ဦး၊ အမိန့်ကြော်ငြာစာအမှတ်(၃/၂၀၀၄)ဖြင့်မြန်မာနိုင်ငံ စစ်မှုထမ်းသင်္ဂဟတံဆိပ်ချီးမြှင့်အပ်နှင်းခြင်းခံရသူ(၈၇၇)ဦး၊ အမိန့်ကြော်ငြာစာ အမှတ်(၄/၂၀၀၄) ဖြင့် စစ်မှုထမ်းကောင်းတံဆိပ်ချီးမြှင့်အပ်နှင်းခြင်းခံရသူများတွင် အငြိမ်းစား ၁၁ ဦး၊ တာဝန်ထမ်းဆောင်ဆဲ ၂၂၄၆ ဦး စုစုပေါင်း၂၂၅၇ဦး၊ အမိန့်ကြော်ငြာစာအမှတ်(၅/၂၀၀၄)ဖြင့် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ချီးမြှင့်အပ်နှင်းခြင်းခံရသူများတွင် အငြိမ်းစား ၂၃၉ ဦး၊ တာဝန်ထမ်းဆောင်ဆဲ ၇၀၄၉ ဦး စုစုပေါင်း ၇၂၈၈ ဦး၊ အမိန့်ကြော်ငြာစာအမှတ်(၆/၂၀၀၄)ဖြင့် ရဲမှုထမ်းကောင်းတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသူ ၂၅ ဦး၊ အမိန့်ကြော်ငြာစာအမှတ်(၇/၂၀၀၄) ဖြင့် နိုင်ငံတော်ရဲမှုထမ်းတံဆိပ် ချီးမြှင့် အပ်နှင်းခြင်းခံရသူ ၉၃ ဦး၊ အမိန့်ကြော်ငြာစာအမှတ်(၈/၂၀၀၄)ဖြင့် ပြည်သူ့ဝန်ထမ်းတံဆိပ်ချီးမြှင့်အပ်နှင်းခြင်းခံရသူများတွင် အငြိမ်းစား ၄၂ ဦး၊ တာဝန်ထမ်းဆောင်ဆဲ ၁၆၂၅၁ ဦး စုစုပေါင်း ၁၆၂၉၃ဦး၊ ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ်ချီးမြှင့်အပ်နှင်းခြင်းခံရသူများတွင် အငြိမ်းစား(၃၉)ဦး၊ တာဝန်ထမ်းဆောင်ဆဲ ၂၄၇၀၀ စုစုပေါင်း ၂၄၇၃၉ ဦးတို့ပါဝင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒီဇင်ဘာ ၃၁ ရက်က ကျင်းပသော ပညာရေးဝန်ကြီးဌာန ပညာရေးစုံညီပွဲတော် ဂီတနှင့်ပဒေသာကပွဲတွင် အထက(၂) လသာ၏ လသာရတနာ တေးဂီတအဖွဲ့က ဖျော်ဖြေတင်ဆက်စဉ်။ (က-ပ)

မြန်မာနိုင်ငံဆရာဝန်အသင်း ညီလာခံကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃

အကြိမ်(၅၀)မြောက် မြန်မာနိုင်ငံ ဆရာဝန်အသင်း ညီလာခံကို ဇန်နဝါရီ ၁၄ ရက်မှ ၂၀ ရက်အထိ အမှတ်(၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆရာဝန် အသင်းခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသည့် ဆရာဝန်များ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ ဒဂုံမြို့နယ် ယောမင်းကြီးလမ်း အမှတ် ၄၉ နေ မိခင်ကြီး ဒေါ်သန်းစိန်နှင့် သား ဗိုလ်ကြီးမောင်တင်၊ ဒေါ်ခင်အေးကြည် မိသားစုတို့က မိခင်ကြီးဒေါ်သန်းစိန်၏ မွေးနေ့အလှူအဖြစ် နှင်းဆီကုန်းဘိုးဘွားရိပ်သာတွင် တည်ဆောက်မည့် သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီးအတွက် ငွေကျပ် နှစ်သိန်းတိတိကို နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ ဒီဇင်ဘာ ၂၀ ရက်က လာရောက်လှူဒါန်းစဉ်။ (က-ပ)

တိုင်းရင်းသားညီအစ်ကိုမောင်နှမများအမျိုးဂုဏ်၊ဇာတိဂုဏ်ကိုသားစဉ်မြေးဆက်ထိန်းသိမ်း နိုင်ငံတော်၏အချုပ်အခြာအာဏာကိုပြည်ထောင်စုစိတ်ဓာတ်ဖြင့်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြ

❏ ရှေ့ဖုံးမှ

မြန်မာတိုင်းရင်းသားများသည် မျိုးရိုးသံယောဇဉ်၊ ဒေသသံယောဇဉ်တို့ဖြင့် ရစ်ပတ်နှောင်ဖွဲ့ခဲ့ကြလျက် မျိုးချစ်စိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်နှင့် ဝံသာနုရက္ခိတတရားတို့အပေါ် အခြေခံ၍ ပြည်ထောင်စုစိတ်ဓာတ်ကို ရှင်သန်ဖွံ့ဖြိုးစေခဲ့သည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏သမိုင်းသည် တိုင်းရင်းသားလူမျိုးများ၏သမိုင်းဖြစ်ပြီး တိုင်းရင်းသားများစည်းလုံးညီညွတ်သည့်ကာလများတွင် နိုင်ငံတော်၏အင်အားခိုင်မာတောင့်တင်း၍ ပတ်ဝန်းကျင်နိုင်ငံများ၏ လေးစားမှုခံရသော နိုင်ငံတော်အဖြစ် ထင်ရှားစွာရပ်တည်နိုင်ခဲ့သည်။ ပုဂံခေတ်တွင် ပထမမြန်မာနိုင်ငံတော်၊ တောင်ငူခေတ်တွင် ဒုတိယမြန်မာနိုင်ငံတော်၊ ကုန်းဘောင်ခေတ်တွင် တတိယမြန်မာနိုင်ငံတော်ဟူ၍ စည်းလုံးညီညွတ်သော နိုင်ငံတော်များကို ထူထောင်နိုင်ခဲ့သည်မှာ သမိုင်းတွင် အထင်အရှားရှိခဲ့ပေသည်။

မြန်မာတို့သည် ရှေးနှစ်ပေါင်းများစွာကပင် ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်စာပေ၊ ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်ရိုးရာဓလေ့တို့ကို ချစ်မြတ်နိုးသည့်စိတ်၊ ကိုယ့်တိုင်းပြည်နှင့် ကိုယ့်လူမျိုးကိုထိလျှင် မချိအောင်နာတတ်သည့်စိတ်၊ ကိုယ့်တိုင်းပြည်အတွက်ကိုယ်ကျိုးမငဲ့ဘဲ စွန့်လွှတ်စွန့်စားတတ်သည့်စိတ်ဟူသော မျိုးချစ်စိတ်ဓာတ်နှင့် ပြည့်ဝသူများဖြစ်ကြသည်။ လွတ်လပ်ရေးကိုမြတ်နိုးသူများလည်းဖြစ်ကြသည်။ ဤသို့သော မျိုးရိုးဗီဇနှင့်စိတ်ဓာတ်ရှိခြင်းကြောင့်လည်း ဆုံးရှုံးခဲ့သောလွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရယူနိုင်ခဲ့ခြင်းဖြစ်ပေသည်။

နိုင်ငံတော်အစိုးရအနေနှင့် အမျိုးသားစွမ်းပကားကိုအားကိုး၍ တစ်မျိုးသားလုံးပူးပေါင်းပါဝင်မှုဖြင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ယနေ့အချိန်အခါတွင် အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းမှန်ပေါ်တွင် ရောက်ရှိနေပြီဖြစ်သည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏ တာဝန်ကို ရယူခဲ့ရချိန်မှစပြီး အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ဦးစားပေးလုပ်ငန်းကြီးများအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ တိုင်းရင်းသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စီမံကိန်းများချမှတ်ပြီး အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့သည်။ တစ်ချိန်တည်းမှာပင် တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများကိုလည်း ဥပဒေဘောင်အတွင်း ဝင်ရောက်နိုင်ရေးအတွက် အပြန်အလှန် ယုံကြည်မှုများဖြင့် ညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း ၁၇ ဖွဲ့ ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့သည်။ ယနေ့အချိန်အခါတွင် ယင်းအဖွဲ့များ၏ တိုင်းရင်းသားခေါင်းဆောင်များသည် ယင်းတို့၏ ဒေသတွင်သာမက နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် အခြေခံအဆောက်အအုံများ တည်ဆောက်ရေးလုပ်ငန်းများတွင်ပါ နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိပေသည်။

မြန်မာနိုင်ငံသည် လွတ်လပ်၍ တက်ကြွသော နိုင်ငံခြားရေးဝါဒကို အစဉ်တစိုက် ကျင့်သုံးလျက်ရှိပါသည်။ ကမ္ဘာပေါ်ရှိနိုင်ငံအားလုံးနှင့် မိတ်ဝတ်မပျက် ချစ်ကြည်မှုအခြေခံသည့် ဆက်ဆံရေးကို ရှေးရှုပါသည်။ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် အိမ်နီးချင်းကောင်းပီသမှု၊ အပြန်အလှန်လေးစားမှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ကိုအခြေခံ၍ ချစ်ကြည်ရင်းနှီးစွာ အတူယှဉ်တွဲနေထိုင်သွားရန် အလေးပေးဆောင်ရွက်လျက်ရှိသည်။ ကမ္ဘာ့ငြိမ်းချမ်းရေး၊လုံခြုံရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကုလသမဂ္ဂအဖွဲ့ကြီးနှင့် နိုင်ငံတကာအဖွဲ့အစည်းများတွင်လည်းကောင်း၊ ဒေသဆိုင်ရာအဖွဲ့အစည်းများဖြစ်သော အာဆီယံ၊ ဘင်းစတက်နှင့် မဟာမဲခေါင်ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင်လည်းကောင်း တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံသစ်များ အာဆီယံပေါင်းစည်းရေးကို အထောက်အကူဖြစ်စေရန်နှင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်း လေးနိုင်ငံ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မဟာဗျူဟာချမှတ်ရေး ထိပ်သီးအစည်းအဝေးကို မြန်မာနိုင်ငံပုဂံမြို့တွင် ၂၀၀၃ ခုနှစ်၊ နိုဝင်ဘာလအတွင်းက အောင်မြင်စွာကျင်းပနိုင်ခဲ့ပေသည်။

နိုင်ငံတော်အစိုးရသည် အမျိုးသားစီးပွားရေးဘဝကို အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ ဤသို့ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးကိုအခြေခံပြီး စက်မှုနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်ဖြစ်ထွန်းအောင် အမျိုးသားရေးမူဝါဒနှင့် စီးပွားရေးမူဝါဒများ ချမှတ်ပြီး ဘက်စုံကဏ္ဍစုံ တိုးတက်ဖြစ်ထွန်းရေးအတွက် အထူးအလေးထား ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ အဓိကသီးနှံစပါးကို အခြေခံပြီး စိုက်ဧကတိုးချဲ့ခြင်း၊ ခေတ်မီစိုက်ပျိုးနည်းစနစ်များနှင့် အထွက်တိုး မျိုးကောင်းမျိုးသန့်များအသုံးပြုခြင်း၊ စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်ခဲ့သည်။ တိုင်းနှင့်ပြည်နယ်အနှံ့ စက်မှုဇုန်ကြီး ၁၈ ဇုန်ကို တည်ထောင်ပေးနိုင်ခဲ့သည်။ ဤသို့ ထူးခြားအောင်မြင်နေသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများဖြစ်ထွန်းလာစေရန် ထိထိရောက်ရောက် အထောက်အကူပြုသည့်အချက်များမှာ နိုင်ငံတော်အစိုးရအနေနှင့် နိုင်ငံတော်တစ်ဝန်းလုံးတွင် ဖြန့်ကြက်တည်ဆောက်ပေးလျက်ရှိသည့် လမ်းမကြီးများ၊ မြစ်ကူးချောင်းကူးတံတားကြီးများ အပါအဝင် ပို့ဆောင်ရေးကဏ္ဍဆိုင်ရာ အခြေခံအဆောက်အအုံများ၏ တိုးတက်ဖြစ်ထွန်းမှုများပင်ဖြစ်ပေသည်။

အလားတူစွာ ကဏ္ဍပေါင်းစုံ ခေတ်မီဖွံ့ဖြိုးအောင် ဆောင်ရွက်နိုင်ရေးအတွက် လျှပ်စစ်စွမ်းအားကဏ္ဍဖွံ့ဖြိုးရေး၊ သဘာဝအရင်းအမြစ် စွမ်းအင်ရတနာသိုက်အသစ်များ ရှာဖွေထုတ်လုပ်ရေးကဏ္ဍတို့ကိုလည်း အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိပေသည်။

နိုင်ငံတော်အစိုးရသည် ကဏ္ဍပေါင်းစုံတိုးတက်ဖြစ်ထွန်းလာစေရန် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု သတ်မှတ်ကာ ပြုစုပျိုးထောင်လျက်ရှိသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအခန်းကဏ္ဍသည် အရေးပါသဖြင့် နိုင်ငံတော်အစိုးရသည် အမျိုးသားပညာရည်မြင့်မားရေး အနှစ် ၃၀ နှစ်ရှည်စီမံကိန်းများ ရေးဆွဲချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပေသည်။

နိုင်ငံတော်တစ်ဝန်းလုံးတွင် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့် အခြေခံပညာကျောင်းများကို အရှိန်အဟုန်ဖြင့် တိုးမြှင့်တည်ဆောက်ပေးလျက်ရှိသည်။ ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခုစလုံးတွင် ဝိဇ္ဇာသိပ္ပံပညာရပ်၊ ကွန်ပျူတာပညာနှင့် အင်ဂျင်နီယာဘာသာရပ်များ သင်ယူနိုင်သည့် အခြေအနေကောင်းများကို တည်ထောင်နိုင်ခဲ့ပြီဖြစ်သည်။ ယခုအချိန်တွင် တက္ကသိုလ်၊ ကောလိပ်ပေါင်း ၁၅၄ ခုအထိ တိုးချဲ့ဖွင့်လှစ်ထားပြီးဖြစ်သည်။ သင်ကြားရေးအစီအစဉ်များကိုလည်း တိုးချဲ့ခဲ့ရာ ဘာသာရပ်အရေအတွက်နှင့် သင်တန်းအရေအတွက်များ တိုးပွားလာပြီး ပါရဂူဘွဲ့သင်တန်းများအထိပင် ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပေသည်။

ကျန်းမာရေးကဏ္ဍတွင်လည်း နိုင်ငံသားများကျန်းမာကြံ့ခိုင်စေရန် အလေးထားလျက် ဆေးရုံ၊ ဒေသန္တရဆေးပေးခန်း၊ ကျေးလက်ကျန်းမာရေးဌာန စသော ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို တစ်နိုင်ငံလုံးတွင် ဖြန့်ကြက်တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သည်။ ယခင်က ကျန်းမာရေးဝန်ကြီးဌာနအောက်တွင် ဆေးပညာတက္ကသိုလ် လေးခုသာရှိခဲ့ရာမှ ယခုအခါ ဆေးပညာတက္ကသိုလ် ၁၄ ခုအထိ တိုးချဲ့ဖွင့်လှစ်ပြီးဖြစ်ပေသည်။

ယနေ့ကမ္ဘာကြီးသည် လျင်မြန်သည့် ပြောင်းလဲမှုအရှိန်အဟုန်နှင့် နည်းပညာတိုးတက်မှုအသစ်များကို ရင်ဆိုင်နေရသည့်ကာလဖြစ်သည်။ နည်းပညာတိုးတက်မှုနှင့်အတူ သတင်းအချက်အလက်ဆက်သွယ်ရေးစနစ် ထွန်းကားမှုသည် လျင်မြန်လွန်းသည့်အရှိန်အဟုန်ဖြင့် ကမ္ဘာ့လူ့အဖွဲ့အစည်းကြီးကို လွှမ်းမိုးလျက်ရှိသည်။ သို့ဖြစ်၍ နိုင်ငံတကာတွင် တိုးတက်ပြောင်းလဲနေသော သတင်းအချက်အလက် ဆက်သွယ်ရေးစနစ်ဆိုင်ရာ နည်းပညာသစ်များကိုအသုံးပြုပြီး နိုင်ငံတကာဆက်သွယ်ရေးစနစ်ကွန်ရက်တွင် လိုက်လျောညီထွေစွာ ချိတ်ဆက်ထားနိုင်ပြီဖြစ်သည်။ ဤဆောင်ရွက်ချက်များကို စဉ်တိုက်တိုးတက်နေစေရန်အတွက်လည်း ထိန်းသိမ်းဆောင်ရွက်ရန်လိုပေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ဖြစ်ထွန်းမှသာ နိုင်ငံတော်တည်ငြိမ်အေးချမ်းမည်ဖြစ်သကဲ့သို့ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ပတ်ဝန်းကျင်ကောင်းများ ဖြစ်ထွန်းမှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အဆောက်အအုံများပေါ်ထွန်းလာမည် ဖြစ်သည်။ သို့မှသာလျှင် အမျိုးသားစီးပွားရေးဘဝ တိုးတက်ဖြစ်ထွန်းမှုအရှိန်အဟုန်ကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။ အလားတူပင် အမျိုးသားစီးပွားရေး တိုးပွားစည်ပင်မှုအခြေခံကောင်းများသည် တိုင်းရင်းသားစည်းလုံးညွတ်ရေးနှင့် ပြည်ထောင်စုအခွန့်ရှည်တည်တံ့ခိုင်မြဲရေးတို့ကို ပိုမိုခိုင်ခံ့စေပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် သာယာဝပြောမှုတို့ကို ဖော်ဆောင်ပေးမည်ဖြစ်သည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံဖြစ်ထွန်းလာရန်အတွက် နိုင်ငံတော်သည် တည်ငြိမ်အေးချမ်းရန် လိုအပ်ပေသည်။နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ စီးပွားရေး ခိုင်မာတောင့်တင်းအောင် ဆောင်ရွက်ရန်လိုအပ်ပေသည်။ ထို့အပြင် တစ်မျိုးသားလုံး၏အမျိုးသားပညာရည်အဆင့်မြင့်မားနေရန်လည်း လိုအပ်ပေသည်။

ရရှိထားပြီးဖြစ်သော နိုင်ငံတော်အေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်အတူ အနာဂတ်ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအား စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ရေးအတွက် မြန်မာနိုင်ငံ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ကို ချမှတ်ထားပြီးဖြစ်သည်။ ထိုမူဝါဒလမ်းစဉ်ခုနစ်ရပ်အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကျရာအခန်းကဏ္ဍမှ ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် တက်တက်ကြွကြွပါဝင်ရန်လည်း လိုအပ်ပေသည်။

ကျွန်ုပ်တို့သည် အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး မလွဲမသွေကေန်ပေါ်ပေါက်လာစေရမည် ဟူသော ခိုင်ကျည်တည်မြဲသော သန္နိဋ္ဌာန်ဖြင့် ၂၀၀၄ခုနှစ်၊ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်လေးရပ်ကို အောက်ပါအတိုင်း ချမှတ်ခဲ့ပေသည်–

(က) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး၊

(ခ) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးအတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး၊

(ဂ) ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊

(ဃ) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

ဤအမျိုးသားရေးဦးတည်ချက်လေးရပ်ကို ကျွန်ုပ်တို့ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးတို့သည် ပြည်ထောင်စုစိတ်ဓာတ်နှင့် မျိုးချစ်စိတ်ဓာတ်ကို အခြေခံပြီး ညီညွတ်သည့်စွမ်းအား၊ မြင့်မားသည့်အရည်အသွေးဖြင့် အားသွန် ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့မင်္ဂလာအခါသမယတွင် ချစ်ကြည်လေးစားစွာ တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

မြန်မာ့ရုပ်မြင်သံကြား

၄-၁-၂၀၀၄
(တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၆:၃၀ ၁။ ၂၀၀၄ခုနှစ် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော် အလံတင်အခမ်းအနားကျင်းပပုံ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
- ၇:၃၀ ၂။ နံနက်ခင်းသတင်း
- ၈:၁၅ ၃။ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၃၀ ၄။ International News
- ၈:၄၅ ၅။ Say it in English

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
- ၁၁:၂၅ ၃။ သုံးဆယ်ရေလှောင်တမံ
- ၁၁:၄၀ ၄။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁:၅၅ ၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"နက်ရှိုင်းမေတ္တာ"** (အပိုင်း–၄)
- ၁၂:၂၅ ၆။ Milo Success in Soccer
- ၁၂:၄၀ ၇။ မြန်မာရုပ်ရှင် **"ဒူးမထောက် လက်မမြှောက်"** (ညွန့်ဝင်း၊ အောင်အောင်၊ နွဲ့နွဲ့မူ၊ ဆွေဇင်ထိုက်) (ဒါရိုက်တာ–ထူးကျော်)
- ၁၄:၃၀ ၈။ ဗိုလ်မြတ်ထွန်းတံတား
- ၁၄:၄၅ ၉။ International News

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use
- ၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(ရုက္ခဗေဒ၊ သတ္တဗေဒ အထူးပြုများ) [ရုက္ခဗေဒ]
- ၁၆:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၁၇:၁၀ ၆။ သာယာချိုအေး ၃၈ဖြာမင်္ဂလာတေး (အများအကျိုးဆောင် သယ်ပိုး)
- ၁၇:၂၀ ၇။ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
- ၁၇:၃၅ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၁၈:၃၀ ၉။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၀။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၁။ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား
- ၁၉:၁၅ ၁၂။ ၂၀၀၃–၂၀၀၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်(အပိုင်း–၁)
- ၁၉:၂၅ ၁၃။ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
- ၁၉:၄၀ ၁၄။ အချုပ်အခြာအာဏာခွန့်ရှည်ကြာ ခိုင်မာစေမှု ဒို့ရှေးရှု **"လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း"** (အပိုင်း–၂)
- ၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ အချုပ်အခြာအာဏာ ခွန့်ရှည်ကြာ ခိုင်မာစေမှု ဒို့ရှေးရှု **"ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းဖြင့် ခမ်းနား ထွန်းပေါ် မြန်မာနိုင်ငံတော်"**
- ၁၉။ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ် **"ရေပြင်ညီ"** (အကယ်ဒမီရန်အောင်၊ခိုင်သင်းကြည်၊ သစ္စာဝင့်ထည်၊သုသုဟံသာ) ဒါရိုက်တာ–သက်တင်)
- ၂၀။ ၂၀၀၄ခုနှစ် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ရုပ်မြင်သံကြား ဥာဏ်စမ်းပဟေဠိပြိုင်ပွဲ (အခြေခံပညာအဆင့်)

အမေရိကန်စစ်ဘက်ရဟတ်ယာဉ်တစ်စင်း ဖော်လူဂျာ၌ပျက်ကျ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အခြားတစ်ဦးဒဏ်ရာရ

ဘဂ္ဂဒက် ဇန်နဝါရီ ၃

အမေရိကန်စစ်ဘက်ရဟတ်ယာဉ်တစ်စင်း ဖော်လူဂျာမြို့တွင် သောကြာနေ့က ပျက်ကျသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အခြားတစ်ဦး ဒဏ်ရာရသည်ဟု စစ်ဘက်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အဆိုပါ အိုအိပ်ချ် ၅၈ ဒဲလ်တာကီယိုဝါရဟတ်ယာဉ်သည် ဖော်လူဂျာ၌ သောကြာနေ့ နေ့ခင်းပိုင်းတွင် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ယင်းရဟတ်ယာဉ်မှာ ထောက်လှမ်းရေးရဟတ်ယာဉ်ဖြစ်ပြီး ဘာကြောင့်ပျက်ကျရသည်ကို အသေးစိတ် ပြောဆိုခြင်းမရှိပေ။

သေဆုံး

ပြီးခဲ့သောနှစ် နိုဝင်ဘာလတွင် ဖော်လူဂျာမြို့ပြင်၌ တိုက်ခိုက်ရေးသမားများက ပစ်ချသဖြင့် ချီနွတ်ပို့ဆောင်ရေးရဟတ်ယာဉ် ပျက်ကျခဲ့ပြီး အမေရိကန်တပ်ဖွဲ့ဝင် ၁၆ ဦး သေဆုံးခဲ့ရသည်။ **(အင်တာနက်)**

ဇန်နဝါရီ ၂ ရက်က ဘဂ္ဂဒက်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များ ရှိနေမှုကို ကန့်ကွက်ဆန္ဒပြနေသော အီရတ်ပြည်သူများကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘူဂေးရီးယားတပ်ဖွဲ့များ အီရတ်သို့သွားရန်ငြင်းဆို

ဆိုဖီယာ(ဘူဂေးရီးယား) ဇန်နဝါရီ ၃

အရှေ့အလယ်ပိုင်း နိုင်ငံဖြစ်သော အီရတ်နိုင်ငံတွင် တိုက်ခံခြင်းခံရသဖြင့် ဘူဂေးရီးယားတပ်ဖွဲ့ဝင်ငါးဦးသေဆုံးခဲ့ပြီးနောက် အီရတ်၌တပ်ဖြန့်ထားခြင်းကို ဘူဂေးရီးယားတပ်ဖွဲ့ဝင် နှစ်ဒါဇင်ကျော်က ငြင်းဆိုနေကြောင်း အဆင့်မြင့်အရာရှိတစ်ဦးက သောကြာနေ့တွင် ပြောကြားလိုက်သည်။

ဇန်နဝါရီလ အစောပိုင်းတွင် အီရတ်၌ရှိနေသော ဘူဂေးရီးယား တပ်ဖွဲ့ဝင်များနှင့်အလဲအလှယ်ပြုရန် ရှိသော ဘူဂေးရီးယားတပ်ဖွဲ့ဝင်၂၅နှင့်၃၀ကြား သည် အီရတ်၌သွားရောက်တာဝန်မထမ်းဆောင်ရန် ဆုံးဖြတ်ကြသည်ဟု ဘူဂေးရီးယားစစ်တပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးနီကိုလိုင်ကိုလက်ဗ်က ပြောကြားသည်။

ဘူဂေးရီယားနိုင်ငံသည် အီရတ်တွင် အမေရိကန်ပြည်ထောင်စုက စစ်ပွဲဆင်နွှဲခြင်းကို ထောက်ခံခဲ့ပြီး လွန်ခဲ့သည့် ဩဂုတ်လ၌ အီရတ်သို့တပ်ဖွဲ့ဝင် ၄၈၅ ဦးကို စေလွှတ်ထားခဲ့သည်။ အစားထိုးမည့် ဘူဂေးရီးယား တပ်ဖွဲ့ဝင်အချို့သည် လွန်ခဲ့သည့် သီတင်းပတ်၌တပ်ဖွဲ့ဝင်ငါးဦး တိုက်ခိုက်ခံရပြီး သေဆုံးခဲ့ရပြီးနောက် ၎င်းတို့၏ စိတ်များပြောင်းလဲသွားခဲ့ကြသည်။ဘူဂေးရီးယားတပ်ဖွဲ့ဝင်များ သေဆုံးမှုရှိသော်လည်း အမေရိကန်ဦးဆောင်သော ပူးပေါင်းအဖွဲ့၏ အဖွဲ့ဝင်အဖြစ်ဘူဂေးရီးယားနိုင်ငံက ရှိမြဲရှိမည်ဟု အစိုးရအရာရှိများက ပြောကြားသည်။ **(အင်တာနက်)**

အမေရိကန်အမျိုးသားအစောင့်တပ်နှင့်အရန်တပ်ဖွဲ့ဝင်များသေဆုံးမှု တိုက်ခိုက်ရေးတပ်ဖွဲ့ဝင်များနည်းတူ ပို၍များပြားလာနေ

ဝါရှင်တန် ဇန်နဝါရီ ၁

အီရတ်တွင်ရှိသော အမျိုးသားအစောင့်တပ်နှင့် အရန်တပ်မှ တပ်ဖွဲ့ဝင်များ သေဆုံးမှုအရေအတွက်သည် အီရတ်၌ စစ်ဘက်သေဆုံးသူများအရေအတွက်နှင့် ပို၍တူမျှလာသည်ဟု ပင်တဂွန်ကဖော်ပြသည့် ကိန်းဂဏန်းများအရ သိရသည်။

ဒီဇင်ဘာလထဲ၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ ၃၉ ဦးရှိခဲ့ရာ ၁၀ ဦး သို့မဟုတ် ၂၆ ရာခိုင်နှုန်းမှာ မြို့စောင့်တပ်စစ်သားများဖြစ်သည်ဟု ပင်တဂွန် အစီရင်ခံစာ သုံးသပ်ချက်အရ သိရသည်။ ယင်းသေဆုံးသည့်အရေအတွက်သည် နိုဝင်ဘာလတွင် သေဆုံးခဲ့သော ၁၄ ဦးထက် ပိုလာခဲ့သည်။ နိုဝင်ဘာလသည် စစ်ပွဲ၏ အသေအပျောက် အများဆုံးလဖြစ်ခဲ့ပြီး ၈၁ ဦးမျှ သေဆုံးခဲ့သည်။ ဒီဇင်ဘာလ၌ အမှန်တကယ်သေဆုံးသည့် အရေအတွက်မှာ ၄၀ ဖြစ်ခဲ့သည်။ သို့ရာတွင် တစ်ဦး၏ နာမည်ကို မထုတ်ပြန်ဘဲ ထားသည်။

ပြောကြား

လွန်ခဲ့သည့် မတ်လ၌ စစ်ပွဲစတင်ဖြစ်ပွားခဲ့သည်မှစပြီး သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်များ၏ ၁၄ ရာခိုင်နှုန်းမှာ အစောင့်တပ် သို့မဟုတ် အရန်တပ်ဖွဲ့ဝင်များဖြစ်သည်။ ယခုထိ အရန်တပ်ဖွဲ့ဝင် ၆၈ ဦး သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

အရန်တပ်ဖွဲ့ဝင်

အီရတ်နိုင်ငံတွင် ယခုအခါ အမေရိကန်တပ်ဖွဲ့ဝင် ၁၃၀၀၀၀ နီးပါးရှိသည့်အနက် လေးပုံတစ်ပုံမှာ အရန်တပ်ဖွဲ့ဝင်များဖြစ်သည်။ မတ်လ ၂၀ ရက်၌ အီရတ်တွင် စစ်ပွဲစတင်ခဲ့သည်မှ သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် ၄၇၈ ဦး၏ သုံးပုံနှစ်ပုံနီးပါးမှာ အသက် ၂၀ ဝန်းကျင် အရွယ်များဖြစ်ကြပြီး အငယ်ဆုံးမှာ ၁၈ နှစ် ဖြစ်သည်။ အသက် ၁၈ နှစ်အရွယ် အမေရိကန်တပ်ဖွဲ့ဝင် ခုနစ်ဦးရှိရာတွင် ခုနစ်ဦးစလုံး သေဆုံးကြပြီဖြစ်သည်။ သေဆုံးသူများတွင် အသက်အကြီးဆုံးမှာ ၅၅ နှစ်ရှိ တပ်ကြပ် ဖလွိုက်ဂျိနိုက်တင်းဖြစ်ပြီး ဩဂုတ်လ ၉ ရက်၌ တိုက်ပွဲ၌မဟုတ်ဘဲ သေဆုံးရခြင်း ဖြစ်သည်။ **(အင်တာနက်)**

ဒီဇင်ဘာ ၃၀ရက်က အင်ဒိုနီးရှားနိုင်ငံ ဆူမတြားကျွန်းမှ တွေ့ရှိရသော ရောမစပါးကြီးမြွေကြီး။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်စစ်ပွဲအတွင်း သေဆုံးတပ်ဖွဲ့ဝင်နှင့်ငွေကြေးကုန်ကျမှု အမေရိကန်သမ္မတနှင့် အပေါင်းပါတို့ ဖုံးကွယ်ထားဟုဆို

ဘဂ္ဂဒက် ဇန်နဝါရီ ၁

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ အမေရိကန်ကျူးကျော်သူများကို ခုခံတိုက်ခိုက်မှုများ ပြင်းပြင်းထန်ထန် ဆက်လက်ဖြစ်ပွားလျက်ရှိနေရာ အမေရိကန်သမ္မတ ဘုရှ်သည် ၎င်း၏ အမေရိကန်တပ်ဖွဲ့ဝင်များကို လိုအပ်ချက်အတိုင်း ဆောင်ရွက်ရန် အီရတ်၌ ဆက်လက်ထားရှိသွားရန်ရှိသော်လည်း ယခုအခါမှာ တပ်ဖွဲ့ဝင်အင်အားကို လျှော့ချပေးနိုင်ရန် ထွက်ပေါက်လမ်းစ ရှာဖွေနေပြီဖြစ်ကြောင်း သိရှိသည်။

အီရတ်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်ကို ရွေးကောက်ပွဲကျင်းပမည့်အချိန် လျှော့ချနိုင်လိမ့်မည်ဟု အမေရိကန်အစိုးက မျှော်လင့်ထားရှိသော်လည်း မသေချာကြောင်း၊ အီရတ်နိုင်ငံတွင်း အမေရိကန်တပ်ဖွဲ့ဝင်များ၏ လုံခြုံရေးအခြေအနေသည် ပိုမိုဆိုးရွားလာပြီး၊ တိုက်ခိုက်မှုများလည်း ဆက်တိုက်ဖြစ်ပွားလျက်ရှိနေကြောင်း၊ ဒီမိုကရက်တစ်ပါတီက ပြောကြားလျက်ရှိသည်။

ဖုံးကွယ်ထား

အီရတ်နိုင်ငံ၌ သေဆုံးဒဏ်ရာရရှိခဲ့သူ အမေရိကန်တပ်ဖွဲ့ဝင် အမြောက်အမြားရှိနေပြီဖြစ်ကြောင်း၊ အီရတ်ပြည်သူအများမှာလည်း မရေရာ၊ မသေချာသည့် ဘဝကိုရောက်ရှိနေရပြီး စစ်ပွဲအတွက် တန်ဖိုးများစွာပေးခဲ့ရကြောင်း၊ အမေရိကန်သမ္မတနှင့် အပေါင်းအပါတို့သည် အီရတ်စစ်ပွဲအတွင်း သေဆုံးသူအရေအတွက်နှင့် ငွေကြေးအကုန်အကျကို ဖုံးကွယ်ထားကြောင်း ဒီမိုကရက်တစ်ပါတီ မဲဆွယ်ပွဲတစ်ခုတွင် ဝေဖန်ပြောကြားခဲ့သည်။

(စီအင်န်အင်န်)

အင်ဒိုနီးရှားမှ ၁၅မီတာရှည် စပါးကြီးမြွေကြီး ကမ္ဘာ့စံချိန်များ မှတ်တမ်းစာအုပ်၌ စာရင်းဝင်

ဂျကာတာ ဇန်နဝါရီ ၁

အင်ဒိုနီးရှားနိုင်ငံရှိ ဥယျာဉ်တစ်ခုအတွင်းတွင် ၁၅ မီတာရှည်ပြီး ၄၄၇ ကီလိုဂရမ်လေးသော စပါးကြီးမြွေကြီးကို အများပြည်သူကြည့်ရှုနိုင်ရန် ပြသထားပြီဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံ၌ပင် ၁၉၁၂ ခုနှစ် ဝန်းကျင်က ဆူလာဝေဆီကျွန်းတွင် တွေ့ရှိခဲ့သော စပါးကြီးမြွေကြီးက ၁၀ မီတာရှည်ရာ ယခုတွေ့ရှိရသည့် စပါးကြီးမြွေက ငါးမီတာ ပိုရှည်ပြီး ကမ္ဘာ့စံချိန်များ မှတ်တမ်းတင်စာအုပ် ဂင်းနစ်တွင် မှတ်တမ်းတင်ဖော်ပြခြင်းခံရပြီ ဖြစ်သည်။

ယခု စပါးကြီးမြွေကြီးကို ဆူမတြားကျွန်းမှာ တွေ့ရှိခဲ့ခြင်းဖြစ်ပြီး ဘာကူဘာ လူမျိုးစုများထံမှ တောင်းယူခဲ့ရခြင်း ဖြစ်သည်။ အဆိုပါ စပါးကြီးမြွေကြီးသည် တစ်လကို ခွေးငါးကောင်ခန့် မျိုလေ့ရှိသည်။ ပန်းဥယျာဉ်အတွင်း စပါးကြီးမြွေကြီးထားရှိပြီးနောက်ပိုင်း လာရောက်သည့်ဧည့်သည် လေးပုံ သုံးပုံလောက်တိုးလာသည်ဟု သိရသည်။ **(စီအင်န်အင်န်)**

နာဂလိုဏ်ဂူအောင်ချမ်းသာစေတီတော်ဘက်စုံတည်ဆောက်ရေးငွေလှူဒါန်း နိုင်ငံတော်ဝန်ကြီးချုပ်သက်န်းဒွိစုံတစ်ထောင်လှူဒါန်းပွဲတက်ရောက်ဆက်ကပ်လှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၃

နာဂလိုဏ်ဂူအောင်ချမ်းသာစေတီတော် ဘက်စုံတည်ဆောက်ရေးအတွက် အလှူတော်ငွေပေးအပ်လှူဒါန်းပွဲနှင့် သင်္ကန်းဒွိစုံတစ်ထောင် လှူဒါန်းပွဲ မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်ရှိ ကလေးဝတောရကျောင်းတိုက် သုကုမာရမဂ္ဂဒီပနီသုံးထပ်ကျောင်း၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ကလေးဝ တောရကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဘဒ္ဒန္တ ဇာဂရာဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များကြွရောက်တော်မူကြပြီး အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယ ဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အလှူရှင်များနှင့် တပည့် ဒါယကာ ဒါယိကာမများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်း သာသနာရေးဦးစီးဌာနမှ ဦးစီးမှူး ဦးစံသင်းလှိုင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ရှေးဦးစွာ အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကိုနမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်လိုက်သည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ကလေးဝတောရကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဘဒ္ဒန္တဇာဂရာဘိဝံသထံမှ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့က ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် လှူဖွယ်ပစ္စည်းများနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီက လှူဒါန်းသည့် ဆွမ်းဆန်တော်အိတ် ၁၀၀၊ ဆီပိဿာ ၃၀၊ ဆားပိဿာ ၃၀ နှင့် ကုလားပဲပိဿာ ၁၅၀ တို့ကို ကလေးဝတောရ ဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသအား ဆက်ကပ်လှူဒါန်းသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ နာဂလိုဏ်ဂူ အောင်ချမ်းသာစေတီတော် ဘက်စုံတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတီတော်၏အထွတ်သို့ တက်ရောက်၍ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆက်လက်၍ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် အဖွဲ့ဝင်များက ဆရာတော် သံဃာတော်တို့အား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ကလေးဝတောရ ဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသက နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ တိပိဋကဓရ ရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ထေရဝါဒ ဗုဒ္ဓသာသနာပြု ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် နယ်စပ်ဒေသသာသနာပြု ရဟန်းတော်များအတွက် သင်္ကန်းဒွိစုံ ၁၀၀၀ ကို ဆရာတော်ကြီး၏ကိုယ်စား ဥပါသကာများက လှူဒါန်းကြသည်ကို သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က လက်ခံသည်။

ယင်းနောက် နာဂလိုဏ်ဂူ အောင်ချမ်းသာစေတီတော် ဘက်စုံတည်ဆောက်ရေးအတွက် ဦးမောင်မောင်ခဆွေ-သီရိသုဓမ္မသီဂိ ဒေါ်အေးအေးစိုး မိသားစုက ငွေကျပ် ၁၀၀၀၀၀၀၀၊ လူမှုထူးချွန်ပထမဆင့် သီဟသုဓမ္မမဏိဇောတဓရ သီရိသုဓမ္မမဏိဇောတဓရ ဦးသိန်းဝင်း၊ သီဟသုဓမ္မသီဂိ သီရိသုဓမ္မသီဂိ ဒေါ်နီသားသမီး မြေးတစ်စု(ရွှေသံလွင်ကုမ္ပဏီ) မိသားစုက ငွေကျပ် ၃၀၀၀၀၀၀၊ Gunkul Engineering & Fresh Airconditioner Co., Lld. မန်နေဂျင်းဒါရိုက်တာ ဦးဇေယျသူရမွန်-ဒေါ်ခိုင်ခိုင်မြင့် မိသားစုတို့ကငွေကျပ် ၂၃၀၀၀၀၀၊ ဒေါ်သန်းသန်းလေး (Representative of China Airline and Mandarin Airline) က ငွေကျပ် ၂၀၀၀၀၀၀၊ သိဒ္ဓိအောင် ခတ်ပေါင်းစုံဆရာ ဦးသန်းဦးနှင့် အဖွဲ့က ငွေကျပ် ၁၆၀၀၀၀၀၊ ဒေါ်အေးမြနွယ် (ပုဂံဟိုတယ်)က ငွေကျပ် ၁၅၀၀၀၀၀၊ ဦးအိုက်ထွန်း-ဒေါ်ခင်မေ မိသားစုက ငွေကျပ် ၁၅၀၀၀၀၀၊ သုဓမ္မသီဂိ ဒေါ်ခင်သန်းက ငွေကျပ် ၁၀၀၀၀၀၀၊ သီရိသုဓမ္မမဏိဇောတဓရ ဦးထွန်းထွန်း-ဒေါ်ဝေဝေ (သိရောမဏိကျောက်မျက်ရတနာ ကုမ္ပဏီလီမိတက်)က ငွေကျပ် ၁၀၀၀၀၀၀၊ သီဟသုဓမ္မမဏိဇောတဓရ ဦးမောင်မောင် (Asia Express)က ငွေကျပ် ၁၀၀၀၀၀၀၊ ဦးကြဲတိုင်းအောင်-ဒေါ်ခင်စန္ဒာရီ မိသားစုက ငွေကျပ် ၁၀၀၀၀၀၀၊ ဒုတိယဗိုလ်မှူးကြီး ခင်မောင်အေး(ငြိမ်း)-ဒေါ်နန်းကျိန်ခမ်း မိသားစုကငွေကျပ် ၁၀၀၀၀၀၀၊ သီရိသုဓမ္မမဏိဇောတဓရ ဦးစိန်လှဝင်းက ငွေကျပ် ၅၀၀၀၀၀၊ သီရိသုဓမ္မမဏိဇောတဓရ တိုးကြားဦးသန်းလှမိသားစုက ငွေကျပ် ၅၀၀၀၀၀၊ ဦးတင်လှ-သီဟသုဓမ္မသီဂိဒေါ်အေးအေးကြည် မိသားစုကငွေကျပ် ၅၀၀၀၀၀၊ ဦးရဲထွန်းနိုင်-ဒေါ်လမင်းငယ်မိသားစု (လမင်းကံသာကုမ္ပဏီ) က ငွေကျပ် ၅၀၀၀၀၀၊ သီရိသုဓမ္မ မဏိဇောတဓရ ဒူးရင်းသီးဦးစိုးမြင့်ကငွေကျပ်၅၀၀၀၀၀၊ ဒေါ်ခင်မိမိလှိုင်က ငွေကျပ် ၅၀၀၀၀၀၊ ဦးနေလင်းထွန်း မိသားစုက ငွေကျပ် ၅၀၀၀၀၀ အပါအဝင် အလှူရှင်များက ငွေကျပ် ၃၇၇၈၅၁၀၀ကို ပေးအပ်လှူဒါန်းကြရာ ဝန်ကြီးများက လက်ခံကြသည်။

ရေစက်ချအမျှဝေ

ထို့နောက် ကလေးဝတောရ ဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသက အနုမောဒနာ တရားဟောကြားတော်မူပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အဖွဲ့ဝင်များ၊ အလှူရှင်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ပူဇော်ကန်တော့

ယင်းနောက် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲ မင်္ဂလာအခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် သုံးထပ်ကျောင်းအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များကို ပူဇော်ကန်တော့ကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် နာဂလိုဏ်ဂူ အောင်ချမ်းသာ စေတီတော်သို့ သွားရောက်၍ စေတီတော်နှင့်ဗုဒ္ဓရုပ်ပွားတော်မြတ်များကို ဖူးမြော်ကြည်ညိုကြပြီး စေတီတော်၏ ဘက်စုံတည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

● ရှေ့ဖုံးမှ

ထိုသို့ တွေ့ဆုံရာတွင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင်၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ်ဗိုလ်ချုပ်ကျော်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

တွေ့ဆုံပွဲတွင် တိုင်းရင်းသားခေါင်းဆောင်များက မိမိတို့အဖွဲ့အနေဖြင့် နိုင်ငံတော်ဝန်ကြီးချုပ်၏ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်နှင့် ပတ်သက်၍ အပြည့်အဝကြိုဆိုထောက်ခံပါကြောင်းနှင့် အမျိုးသားညီလာခံကိုလည်း မပျက်မကွက် တက်ရောက်ကြမည်ဖြစ်ကြောင်း ပထမဦးစွာ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းရင်းသား ခေါင်းဆောင်များက ဒေသဖွံ့ဖြိုးရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လမ်း၊တံတားလုပ်ငန်းများ၊ စီးပွားရေး လုပ်ငန်းများနှင့် ပတ်သက်၍ တင်ပြဆွေးနွေးကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်အား ကယားပြည်နယ် အထူးဒေသ(၂)အဖွဲ့ဥက္ကဋ္ဌ ဦးစန္ဒာက နှစ်သစ်ကူးဂါရဝပြု လက်ဆောင်ပေးအပ်သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏(၅၆)နှစ်မြောက်လွတ်လပ်ရေးနေ့ ကမ္ဘာ့နိုင်ငံများမှနိုင်ငံအကြီးအကဲများဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံသို့ လည်းကောင်း ကမ္ဘာ့နိုင်ငံများမှနိုင်ငံအကြီးအကဲများနှင့် ဝန်ကြီးချုပ်များက လွတ်လပ်ရေးနေ့သဝဏ်လွှာများ အသီးသီး ပေးပို့ကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ

၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတဟူကျင်တောင်ထံမှ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် တရုတ်ပြည်သူများနှင့် မိမိကိုယ်တိုင်က အဆွေတော်နှင့် မြန်မာပြည်သူများထံ ဝမ်းမြောက်ဂုဏ်ယူစွာ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့ပါကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ပိုမို၍ ကြီးပွားချမ်းသာစေရန် လုပ်ဆောင်ရာတွင် အဆွေတော်ဦးဆောင်သော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် အခက်အခဲများကို ကျော်လွှားအောင်မြင်နိုင်မည်ဟု မိမိနားလည်သဘောပေါက်ပါကြောင်း ဖော်ပြပါရှိသည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ထံသို့လည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဝမ်ကျားပေါင်က လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့ရာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရနှင့် မိမိကိုယ်တိုင်က အဆွေတော်နှင့် မြန်မာနိုင်ငံ အစိုးရနှင့် ပြည်သူများထံ ဝမ်းမြောက် ဂုဏ်ယူစွာ လွတ်လပ်ရေးနေ့သဝဏ်လွှာ ပေးပို့ပါကြောင်း ဖော်ပြပါရှိသည်။

ကိုရီးယားသမ္မတနိုင်ငံ

၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ကိုရီးယားသမ္မတနိုင်ငံ သမ္မတနိုမူဟွန်က လွတ်လပ်ရေးနေ့ သဝဏ်လွှာ ပေးပို့သည်။

အဆိုပါ သဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့်အဆွေတော်၏ ပြည်သူများထံ မိမိကိုယ်တိုင်နှင့် ကိုရီးယားသမ္မတနိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား ဝမ်းမြောက်ဂုဏ်ယူစွာ သဝဏ်လွှာ ပေးပို့ပါကြောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် ကိုရီးယားသမ္မတနိုင်ငံတို့၏ ချစ်ကြည်ရင်းနှီးစွာနှင့် ပူးပေါင်းဆောင်ရွက်မှုတွင် ထူးခြားသိသာစွာ ဖွံ့ဖြိုးတိုးတက်ခဲ့သည်ကို များစွာကျေနပ်မှုဖြစ်ပါကြောင်း ဖော်ပြပါရှိသည်။

ထိုင်းနိုင်ငံ

၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံသို့ ထိုင်းနိုင်ငံဝန်ကြီးချုပ်ဒေါက်တာ သက်ဆင်ရှင်နာဝပ်ထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာ ပေးပို့သည်။

အဆိုပါ သဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ထိုင်းနိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား အဆွေတော်ထံသို့ မိမိဝမ်းမြောက်ဂုဏ်ယူကြောင်း သဝဏ်လွှာ ပေးပို့ပါကြောင်း၊ ထိုင်းနှင့် မြန်မာနိုင်ငံကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုသည် အာဆီယံ အခြေခံဖွဲ့စည်းမှုအတွင်းနှင့် နှစ်နိုင်ငံအတွင်း ပိုမိုခိုင်မြဲပြီး ဖွံ့ဖြိုးတိုးတက်မည်ဟု မိမိယုံကြည်ပါကြောင်းဖြင့် ဖော်ပြပါရှိသည်။

ကမ္ဘောဒီးယားနိုင်ငံ

၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံသို့ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်ထံမှ လွတ်လပ်ရေးနေ့သဝဏ်လွှာ ပေးပို့သည်။

အဆိုပါ သဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူများထံကမ္ဘောဒီးယားအစိုးရနှင့်ပြည်သူများကိုယ်စား မိမိဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးမှုနှင့် အပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မှုတို့သည် မိမိတို့နှစ်နိုင်ငံပြည်သူများနှင့် အာဆီယံအကျိုးစီးပွားအတွက် ပိုမိုခိုင်မာတောင့်တင်းပြီး ဖွံ့ဖြိုးတိုးတက်မည်ဟု မိမိအပြည့်အဝယုံကြည်ပါကြောင်း ဖော်ပြထားသည်။

ဖိလစ်ပိုင်နိုင်ငံ

၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတမစ္စစ်ဂလိုရီယာ မာဂါပါဂါလ်အာရိုယိုထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာ ပေးပို့သည်။

အဆိုပါ သဝဏ်လွှာတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ အစိုးရနှင့် ပြည်သူများထံ မိမိနှင့်အတူဖိလစ်ပိုင်အစိုးရနှင့် ပြည်သူများက ဆုမွန်ကောင်းများ ပို့သပါကြောင်းဖြင့် ဖော်ပြပါရှိသည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ထံသို့လည်း ဖိလစ်ပိုင်နိုင်ငံသမ္မတ ဂလိုရီယာမာဂါပါဂါလ် အာရိုယိုက လွတ်လပ်ရေးနေ့ သဝဏ်လွှာ ပေးပို့ရာတွင် (၅၆) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူများထံ မိမိနှင့်အတူ ဖိလစ်ပိုင်အစိုးရနှင့် ပြည်သူများက ဝမ်းမြောက်ဂုဏ်ယူစွာ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့ပါကြောင်း ဖော်ပြထားသည်။

(မြန်မာ့အလင်း)

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

4-1 (5).p65 1 3/25/05, 11:25 PM

အရှိတရား မျက်ဝါးထင်ထင်

ယနေ့သည် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ဖြစ်သည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့က ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို လက်ဝယ်ပိုင်ပိုင်ရရှိခဲ့သည်။ ပြည်ထောင်စုမြန်မာနိုင်ငံ အလံတော် မိုးယံထက်၌ လူးလွန့်လှုပ်ရှားနေချိန်တွင် နယ်ချဲ့တို့၏ ယူနီယံဂျက် အလံ မြေသို့ခခဲ့သည်။ ထိုနေ့နံနက် အရုဏ်ဦးအချိန်သည် နယ်ချဲ့တို့၏ အုပ်စိုးချုပ်ချယ်မှုအဝဝတို့ နိဂုံးတိတ်ခဲ့သည်။ နေမဝင်အင်ပါယာဟု ကြွေးကြော် မောက်မာခဲ့သူတို့ မြန်မာမြေ၌ နေဝင်ခဲ့လေသည်။

မြန်မာ့မြေ၊ မြန်မာပိုင်နက်နှင့် အချုပ်အခြာအာဏာကို တစ်ဆစ်စီချိုး၍ တစ်စစီမျိုခဲ့သည့် နယ်ချဲ့တို့အား ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးတို့က နယ်မြေဒေသအလိုက် တွန်းလှန်တိုက်ခဲ့ကြသည်။ အသက်၊ သွေးစတေး၍ သမိုင်းကြွေးကို ဆပ်ခဲ့ကြသည်။ ကမ္ဘာ့နယ်မြေများစွာကို ကောက်ကျစ်မှု နည်းလမ်းစုံဖြင့် သွေးခွဲအုပ်ချုပ်သည့်နည်းနာတို့ကို အသုံးပြု၍ မြန်မာမြေ၌ အုပ်ချုပ်မှုစနစ် အခြေခိုင်အောင် နယ်ချဲ့တို့စိုက်ထူခဲ့သည်။ စုစည်းညီညွတ်မှုနှင့် ဦးဆောင် အမျိုးသားနိုင်ငံရေးမူဝါဒ မရှိခြင်း၊ တိုင်းပြည်နှင့်လူမျိုးအား အသက်ပေး ကာကွယ်စောင့်ရှောက်မည့် အမျိုးသားတပ်မတော်တစ်ရပ် ပေါ်ထွက်ရန် အခါမသင့် အခွင့်မကြုံခဲ့မှုတို့ကြောင့် သူ့ကျွန်ဘဝ၌ နှစ်ပေါင်းတာရှည်ခဲ့ရသည်။

တိုင်းရင်းသားပြည်သူများသည် လူမှုရေးနိမ့်ကျခဲ့ရသည်။ ပညာရေး အောက်ကျခဲ့ရသည်။ ပြည်မနှင့်တောင်တန်းဒေသတို့ မြေချင်းဆက်၍ အတူ ရှိခဲ့သော်လည်း အဝေးကြီးဝေး၍ လွဲမှားသော အမြင်ယူဆချက်တို့ဖြင့် အမှောင် ဖုံးခဲ့ရသည်။ လူကြီးတို့၏ ကြီးမားသောအတွေ့အကြုံ၊ လူငယ်တို့၏ တက်ကြွသော ခွန်အားတို့ပေါင်း၍ အမျိုးသား၊ အမျိုးသမီး အလွှာစုံတို့ပါဝင်သော နိုင်ငံရေးလှုပ်ရှားမှုတို့ အရှိန်မြင့်လာသည်။ လွတ်လပ်ရေးအရယူမည်ဟူသော မျိုးချစ်စိတ်တို့ နှလုံးအိမ်၌စိမ့်ဝင်၍ ခန္ဓာကိုယ်အနှံ့ ဆံဖျားမှသည် ခြေသည်းသို့တိုင် ပျံ့နှံ့နေသော ချင်ခြင်းတို့ကြီးမားလာသည်။ အရှိန်အဟုန်မြင့်လာသည်။ ထိုအချိန် တွင် နိုင်ငံရေးအယူဝါဒစုံတို့ ပေါ်ပေါက်လာသည်။ အစုအဖွဲ့တို့ ဖြစ်ပေါ် လာသည်။ နိုင်ငံရေးအယူဝါဒအလိုက် ပြည်ပအဆက်အသွယ်လှုပ်ရှားမှုတို့ ကူးလူးဆက်ဆံလာသည်။ အမျိုးသား၊ အမျိုးသမီး အရွယ်စုံတို့ ပါဝင်လာ ကြသည်။

ဝါဒအယူ၊ အစုအဖွဲ့တို့ ကွဲပြားခြားနားသော်လည်း လွတ်လပ်သောနိုင်ငံ၊ လွတ်လပ်သော လူမျိုးဘဝ၊ လွတ်လပ်ရေးကို ရယူပိုင်ဆိုင်လိုသည့် အမျိုးသားရေး ခံစားချက်တို့ တူညီစွာဖြင့် အတူရပ်တည်နိုင်ခဲ့ကြသည်။ ထို့မှ ဘီအိုင်အေ တပ်မတော်ဟူ၍ ပေါ်ထွန်းခဲ့သည်။ ရဲဘော်သုံးကျိပ်ဟူ၍ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ အမြုတေတစ်ခုအဖြစ် မော်ကွန်းတင်ရစ်ခဲ့သည်။

လွတ်လပ်ရေးကြိုးပမ်းမှုမှ သန္ဓေတည်ပေါ်ထွန်းလာခဲ့သည့် တပ်မတော် သည် နိုင်ငံနှင့်လူမျိုးအကျိုးကို အစဉ်ရှေးရှုခဲ့သည်။ သူ့ကျွန်ဘဝ၌ ပြင်ဆင် ဖွဲ့စည်းမှု၊ ကန့်သတ်ချုပ်ချယ်မှုမျိုးစုံတို့ကို ရင်ဆိုင်ရင်း ခိုင်မြဲစွာပေါ်ပေါက် လာခဲ့သည့် တိုင်းရင်းသားလူငယ်တို့ ပါဝင်သော တပ်မတော်ဖြစ်သည်။ ဖက်ဆစ်က နယ်မြေတိုးချဲ့ရန် မြန်မာ့မြေ၌ စုဖွဲ့သည်။ နယ်ချဲ့အရင်းရှင်တို့က ၎င်းတို့လက်လွတ်ဆုံးရှုံးခဲ့ရသည့် ကိုလိုနီနယ်မြေများကို ပြန်လည်ရရှိရေးအတွက် တပ်ပေါင်းစုဖွဲ့၍ ပြင်ဆင်နေသည်။ ၎င်းတို့ပိုင်ဆိုင်သည့် ကိုလိုနီနိုင်ငံသားများဖြင့် ဖွဲ့စည်းထားသည့် တပ်အင်အားများစွာကို ထည့်သွင်းထားသည်။ အရင်းရှင်နယ်ချဲ့ တို့အတွက် မြန်မာနိုင်ငံသည် အရေးကြီးဆုံးသော ခြေကုပ်စခန်းတစ်ခုအဖြစ် မှတ်ယူထားသည်။ ဖက်ဆစ်တို့သည် မြန်မာနိုင်ငံသားတို့အား လွတ်လပ်ရေး အတုကို ပေးခဲ့သည်။ နိုင်ငံခြားသားများမပါဝင်သော အစိုးရအဖွဲ့ကို ဖွဲ့စည်း ပေးခဲ့သည်။ မြန်မာနိုင်ငံသားအားလုံးသည် ဖက်ဆစ်တို့ စစ်အောင်နိုင်ရေး အတွက် ပေးဆပ်မှုများစွာတို့ဖြင့် ဆင်းရဲဒုက္ခစုံ၊ ရက်စက်ရမ်းကားမှုစုံတို့ကို ရင်စည်းခံစားခဲ့ကြရသည်။ အရင်းရှင်နယ်ချဲ့နှင့် ဖက်ဆစ်တို့ဆင်နွှဲသည့် စစ်ပွဲကြောင့် မြန်မာ့မြေ၊ မြန်မာ့ရေနှင့် မြန်မာ လေပိုင်နက်တို့သည် မီးဟုန်းဟုန်းတောက်ခဲ့ရသည်။ နယ်ချဲ့စစ်မီးမုန်တိုင်း အတွင်းမှ တစ်ခါက မြန်မာပြည်၏ သောက၊ ဒုက္ခနှင့် နစ်နာဆုံးရှုံးခဲ့ရသည်များမှာ စာဖွဲ့၍ ကုန်နိုင်ဖွယ် မရှိချေ။ ဥဒါန်းမကျေ ရှိခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့တွင် အချုပ်အခြာအာဏာပိုင်သောနိုင်ငံအဖြစ်သို့ ရောက်ရှိခဲ့သည်။ လွတ်လပ်သည့် မြန်မာပြည်အား ဆင်းရဲဒုက္ခအတွင်းသို့ စတင်ပို့ဆောင်ခဲ့သည့် အဖွဲ့အစည်းမှာ ဗမာပြည်ကွန်မြူနစ်ပါတီ(ဗကပ)တို့ဖြစ်သည်။ ထိုမှစ၍ သောင်းကျန်းမှုရောင်စုံတို့ မှိုလိုပေါက်ခဲ့သည်။ ထိုထိုသော ပြည်တွင်းရောင်စုံ သောင်းကျန်းမှုတို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် လွတ်လပ်ရေး ဟူသော အရသာကို ထိရောက်ထိုက်တန်စွာခံစားခွင့် မရခဲ့ကြဘဲ အေးချမ်း တည်ငြိမ်မှုတို့ ကင်းမဲ့ကာ ဆင်းရဲဒုက္ခတို့ ကြုံတွေ့ခဲ့ကြရလေသည်။

ထိုစဉ်က နိုင်ငံတော်အစိုးရအဖွဲ့ဖြစ်သော ဖဆပလသည် ပြည်တွင်း သောင်းကျန်းမှုကို ထိန်းချုပ်နိုင်စွမ်းမရှိသည့် အပြင် ပါတီအတွင်း အကွဲအပြဲ များသည် လူထုအတွင်းကူးစက်ခဲ့သည်။ အမျိုးသား အရေးထက် ပါတီအဖွဲ့ အစည်းအရေးကိုသာ ဦးစားပေးခဲ့ကြ၍ နိုင်ငံရေး တည်ငြိမ်အေးချမ်းမှုမရှိနိုင်သော လွတ်လပ်ရေးခေတ်ဦးကာလ ဖြစ်ခဲ့ရပေသည်။ နိုင်ငံရေးမတည်ငြိမ်မှုနှင့် ပြည်တွင်းဆူပူသောင်းကျန်းသူများကြောင့် ပြည်ပမှုပယောဂစုံတို့ ပူးကပ်ခဲ့ရသည်။ ထိုထက်ပို၍ ဆိုးရွားသောအဖြစ်နှင့် ထပ်မံကြုံတွေ့ရပြန်သည်။ ၎င်းမှာ တရုတ်ဖြူ ကူမင်တန်တပ်များ၏ ကျူးကျော်ဝင်ရောက်မှုပင်ဖြစ်သည်။ သံလွင်မြစ်ကို ပိုင်းခြား၍ ရှမ်းကုန်းပြင်မြင့်မှသည် တနင်္သာရီနယ်မြေအဆုံးထိ သိမ်းပိုက်နိုင်ရန် ကြိုးစားခဲ့သည်။

အစိုးရဖွဲ့၍ တိုင်းပြည်ကို တာဝန်ယူအုပ်ချုပ်သော နိုင်ငံရေးပါတီသည် အမျိုးသားနိုင်ငံရေးထက် ပါတီနိုင်ငံရေးကို ဦးစားပေးမှု၊ အာဏာလုမှုများ၌ နစ်မွန်းနေခဲ့ပြီး ရွေးကောက်ပွဲကိုပင် အောင်မြင်ထမြောက်အောင် ဆောင်ရွက် နိုင်စွမ်း မရှိသည်အထိ နိုင်ငံရေးသိက္ခာချွတ်ခြုံကျခဲ့သည်။ လွတ်လပ်သော နိုင်ငံတစ်နိုင်ငံအဖြစ် ခံ့ထည်စွာရပ်တည်နိုင်ရေးအတွက် တိုင်းရင်းသားညီအစ်ကို များဖြင့် ဖွဲ့စည်းထားသည့်တပ်မတော်သည် ပြည်ပကျူးကျော်မှုကို ချုပ်ငြိမ်း စေခဲ့သည်။ ပြည်တွင်းရောင်စုံသောင်းကျန်းမှုစုံကို ဖြိုခွင်းခဲ့သည်။ အေးချမ်း

မောင်ကြွင်နာ

လုံခြုံတည်ငြိမ်မှုကို တည်ဆောက်ပေးခဲ့သည်။ နိုင်ငံရေးအစိုးရအဖွဲ့၏ မပြည့်မီ သော အရည်အသွေးကို အမျိုးသားရေးအတွက်ငဲ့ကွက်ကာ ဖြည့်ဆည်းကူညီ ခဲ့သည်။ သစ္စာခိုင်ကျည်စွာဖြင့် တာဝန်ကျေခဲ့သည်။ သွေးသက်ခန္ဓာများစွာ ပေးဆပ်ခဲ့သည်။ ဘဝများစွာစတေး၍ တိုင်းပြည် အေးချမ်းစေရန်၊ ပြည်ထောင် စုကြီး လုံခြုံငြိမ်းအေးစေရန် တည်ဆောက်ကာကွယ်ခဲ့သည်။

နိုင်ငံရေးအစိုးရအဆက်ဆက်၌ ပေးအပ်သောတာဝန်ကို ကျေပွန်စေခဲ့သည်။ ပြည်သူအတွက် ပြည်သူ့ဘက်မှ ရပ်တည်ခဲ့သည်။ လွတ်လပ်သော နိုင်ငံ တစ်နိုင်ငံ၏ စံမီစေရေး၊ အရည်အသွေးပြည့်မီစေရေး၊ ဒေသ၊ နေရာမရွေး အလုပ်အကျွေးပြုခဲ့သည်။ ၁၉၈၈ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နိုင်ငံရေးအပြောင်းအလဲမှာ စိုးရိမ်ကြောက်မက်ဖွယ် ကောင်းအောင် တိမ်းစောင်း ခဲ့သည်။ နိုင်ငံတော်ကြီး မှောက်လဲပြိုကျလု ဖြစ်ခဲ့သည်။ ပြည်တွင်းရေး မတည်ငြိမ်သည်နှင့်အမျှ ပြည်ပမှုအမှောင့်ပယောဂတို့ ကြီးမားစွာပူးကပ်ခဲ့ သည်။ လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ်မှ အစိတ်စိတ်အမြွှာမြွှာ ကွဲပြားလုနီးပါးဖြစ်ခဲ့သည်။ အုပ်ချုပ်ရေးတို့ ရပ်ဆိုင်းသွားခဲ့သည်။ ပြည်တွင်း မငြိမ်သက်မှုကို အခွင့်ကောင်းယူ၍ သောင်းကျန်းသူတို့က အလုံးအရင်းဖြင့် တိုက်ပွဲကြီးများ ဆင်နွှဲခဲ့သည်။ ပြည်ပမှစစ်အင်အားစုတစ်ခုလည်း နိုင်ငံ တော်ပိုင်နယ်မြေကို ကျူးကျော်ဝင်ရောက်လာခဲ့သည်။ နိုင်ငံတော်၏ လွတ်လပ် ရေးနှင့် အချုပ်အခြာအာဏာကိုကာကွယ်ရန် တပ်မတော်သည် နိုင်ငံတော်၏ တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည်။ ဤသည်မှာ သမိုင်းပေးတာဝန်တစ်ရပ်ကို ထမ်းဆောင်ခြင်း မည်ပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ၁၉၄၈ခုနှစ် လွတ်လပ်ရေးရရှိသည်မှ နှစ်ပေါင်း၄၀ကျော်သည့်တိုင် တည်ဆောက်၍ မရနိုင်ခဲ့သည့် ပြည်တွင်းငြိမ်းချမ်းရေးကို အခိုင်အမာ ရယူတည်ဆောက်နိုင်ခဲ့သည်။ အပြန်အလှန်နားလည်ယုံကြည်မှုများနှင့် ညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၇ဖွဲ့သည် ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့သည်။ ယခင်အစိုးရအဆက်ဆက် မဆောင်ရွက်နိုင်ခဲ့သည် များအား နှစ်ဦးနှစ်ဖက် အပြန်အလှန်လေးစားယုံကြည် နားလည်မှုများနှင့် ရိုးသားဖြူစင်သော သဘောထားများကြောင့် ဒေသတွင်း သာမက နိုင်ငံတော် ဖွံ့ဖြိုးရေးအတွက် အခြေခံအဆောက်အအုံများ တည်ဆောက်ရေးလုပ်ငန်းများ၌ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်နေကြသည်ကို ပြည်သူတစ်ရပ်လုံး ဝမ်းမြောက်ကြည်နူးဖွယ် တွေ့မြင်နေရပြီး ဖြစ်သည်။

လွတ်လပ်သောနိုင်ငံတစ်နိုင်ငံ၏ အခြေခံဖြစ်သည့် လူသားအရင်းအမြစ်၊ သဘာဝအရင်းအမြစ်၊ အရင်းအနှီး၊ နည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ နေ့မအားညမနား ကြိုးပမ်း တည်ဆောက်ရာ၌ မိဘပြည်သူများ၏ ပူးပေါင်းပါဝင်မှု၊ တိုင်းရင်းသား အင်အားစုများ၊ ဌာနဆိုင်ရာများ၊ အမျိုးသားစီးပွားရေးစွမ်းအားစုများ၊ အစိုးရ မဟုတ်သည့် လူမှုရေးအသင်းအဖွဲ့များ၏ စည်းလုံးညီညွတ်သည့် ပူးပေါင်း ဆောင်ရွက်မှုများဖြင့် အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် သစ်ကို တည်ဆောက်ပုံဖော်နေခြင်း ဖြစ်သည်။

၁၉၈၈-၈၉ ဘဏ္ဍာနှစ်တွင် တစ်မျိုးသားလုံး၏ ပြည်တွင်း အသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ) အနိမ့်ဆုံးသောအခြေအနေမှ ၁၁ဒသမ ၁ရာခိုင်နှုန်းတိုးတက်သည်အထိ ကြိုးစားဆောင်ရွက်နိုင်ခဲ့ခြင်း၊ အလုပ်သမားဦးရေ ၁၉သန်းမှ ၂၉သန်းအထိ တိုးတက်ဖြစ်ပေါ်စေခြင်း၊ တစ်နှစ်စပါးတင်းသန်း ၆၅၄ မှ တင်းသန်း ၁၀၀၀အထိ တိုးတက် ရရှိစေခြင်း၊ ဆည်မြောင်းတာတမံ စီမံကိန်းပေါင်း ၁၅၅ခုနှင့် ရေမရရှိနိုင်သည့် ဒေသများ၌ မြစ်ရေတင်စီမံကိန်း ၂၆၅ခု တည်ဆောက်ပေးနိုင်ခဲ့၍ စိုက်ပျိုးမြေဧက နှစ်သန်းကျော် တိုးပွားဖြစ်ထွန်း စေခြင်း၊ ဆည်မြောင်းတာတမံစီမံကိန်း ၄၀ ကို တည်ဆောက်နေသကဲ့သို့ နောက်ထပ်စီမံကိန်း ၈၄ခုကို ဆက်လက်တည်ဆောက်ရန် စီမံထားရှိခြင်း၊ ဒေသအလိုက် စက်မှုကုန်ထုတ်လုပ်ငန်းများ တိုးတက်ဖြစ်ထွန်းရေးနှင့် အလုပ် အကိုင်များ ပိုမိုရရှိစေရေးအတွက် စက်မှုဇုန်ကြီး၁၈ဇုန်နှင့် နောက်ထပ် တိုးချဲ့စက်ဇုန်များကို တည်ထောင်ပေးခြင်း၊ နိုင်ငံတော်ပိုင်စက်ရုံအကြီးအသေး ၂၅၇ခု တည်ဆောက်ပေးသည့်အပြင် ပုဂ္ဂလိက ကဏ္ဍအတွက် စက်ရုံပေါင်း ၂၄၂၉၃ထိ တိုးတက်ဖြစ်ထွန်းစေခြင်း၊ နိုင်ငံတော်၏ အရှေ့နှင့်အနောက်၊ တောင်နှင့်မြောက် ကွန်ရက်ယှက်နွယ်သွားလာနိုင်စေရန် လမ်းသစ် ၅၅ခု၊ လမ်းမိုင် ၂၀၀၀အထိ တိုးပွားစေခြင်း၊ ယခင်က ဧရာဝတီမြစ်ကူး စစ်ကိုင်း တံတားနှင့် စစ်တောင်းမြစ်ကူးတံတားသာ အထင်ကရရှိခဲ့ရာမှ ယနေ့တွင် ဧရာဝတီမြစ်ကူး တံတားကြီးခုနစ်စင်း၊ ချင်းတွင်းမြစ်ကူး တံတားနှစ်စင်း၊ သံလွင်မြစ်ကူးတံတား သုံးစင်းအပါအဝင် ပေ ၁၈၀အထက် မြစ်ကူး ချောင်းကူးတံတားပေါင်း ၁၇၄စင်း အသစ်ပေါ်ထွန်းစေခဲ့သည့်အပြင် မြန်မာနိုင်ငံ တွင် အရှည်ဆုံးတံတားဖြစ်လာမည့် သံလွင်တံတား(မော်လမြိုင်)နှင့် ဧရာဝတီ တံတား(ရတနာပုံ)တို့ အပါအဝင် တည်ဆောက်ဆဲ တံတား ၃၅စင်းနှင့် တည်ဆောက်ရန်စီစဉ်နေဆဲ တံတား၂၃စင်း၊ ရထားလမ်း ၁၀၁၂ မိုင်ကျော်တို့ တိုးပွားလာစေခြင်း၊ လေယာဉ်ကွင်း၂၁ကွင်းသာ ရှိခဲ့ရာမှ ၂၇ကွင်းအထိ တိုးတက်ဖြစ်ထွန်းလာသကဲ့သို့ ဖော်ကာ F-၂၈ ဆင်းနိုင်သည့် လေယာဉ်ကွင်း ခြောက်ကွင်းသာရှိခဲ့ရာမှ ၁၈ကွင်းအထိ တိုးချဲ့ဖြစ်ပေါ်လာခြင်းတို့မှာ နိုင်ငံတော် သစ်အတွက် အခိုင်အမာ တည်ဆောက်ပေးခဲ့သည့် အခြေခံအုတ်မြစ်များ ဖြစ်ပေသည်။

၎င်းအပြင် ယခင်ကလျှပ်စစ်ဓာတ်အားသုံးစွဲမှု ယူနစ်သန်းပေါင်း ၂၂၂၆ ဒသမ ၄၅သာရှိခဲ့ရာမှ ယနေ့တွင် ယူနစ်ပေါင်း ၅၀၆၄ ဒသမ ၂၀ အသုံးပြု နေပြီးဖြစ်၍ ၂ဒသမ ၂၇ဆတိုးမြှင့်ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ရေအားလျှပ်စစ် စီမံကိန်း ၂၈ခု၊ သဘာဝဓာတ်ငွေ့အားသုံးစက်ရုံ ခြောက်ခု တိုးချဲ့တည်ဆောက် ပေးနိုင်ခဲ့သည်။ မဂ္ဂါဝပ် ၂၈၀ ထုတ်လုပ် သည့် ပေါင်းလောင်းရေအား လျှပ်စစ်စီမံကိန်း၊ မဂ္ဂါဝပ် ၇၈၀ ထုတ်လုပ်သည့် ရွဲရွာရေအားလျှပ်စစ် စီမံကိန်းတို့မှာ ကြီးမားခံ့ထည်သည့် စီမံကိန်းများဖြစ်သည်။

လူ့စွမ်းအားအရင်းအမြစ်များ ဘက်စုံပေါ်ထွန်းလာစေရေးအတွက် တိုင်းနှင့် ပြည်နယ် ၁၄ခုတွင် အထူးဒေသကြီး ၂၄ခုသတ်မှတ်ပြီး အဆိုပါဒေသကြီးများတွင် တက္ကသိုလ် ကောလိပ်များ တိုးချဲ့ဖွင့်လှစ်ပေးခဲ့သည်။ ယခင်က တက္ကသိုလ်နှင့် ကောလိပ်ပေါင်း ၃၂ခုသာရှိခဲ့ပြီး ယနေ့အချိန်တွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်ပေါင်း ၁၅၄ခုအထိ တိုးတက်တည်ဆောက်ပေးခဲ့သည်။ မဟာ သုတေသနဘွဲ့ ၁၈ မျိုး၊ မဟာဘွဲ့မျိုး ၄၀၊ပါရဂူဘွဲ့မျိုး ၂၀ အပါအဝင်ဒီပလိုမာနှင့် ဘွဲ့အမျိုးအစားပေါင်း ၁၅၀အထိလည်းကောင်း၊ ဆေးဘက်ဆိုင်ရာမဟာဘွဲ့နှင့် ပါရဂူဘွဲ့မျိုး ၉၀၊ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၌ မဟာဘွဲ့နှင့် ပါရဂူဘွဲ့ ၇၃မျိုး တိုးချဲ့သင်ကြားပေးနိုင်ခဲ့သည်။

၁၉၄၈ ခုနှစ်မှ စတင်ခဲ့သည့် လွတ်လပ်ရေးသက်တမ်း ၄၀ ကျော်အထိ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ရရှိ ခံစားခွင့်မရရှိခဲ့သည့် အေးချမ်းတည်ငြိမ်ဖွံ့ဖြိုးတိုးတက်မှုများသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြိုးစားဆောင်ရွက်မှုများကြောင့် ပေါ်ပေါက်လာခဲ့သည်။ ဆယ်စုနှစ် တစ်ခုကျော်ကာလအတွင်း တပ်မတော်၊ ပြည်သူ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းမဟုတ်သော လူမှုရေး အဖွဲ့အစည်းများ၏ စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်အကောင် အထည်ဖော်မှုမှ ရရှိလာသည့် အသီးအပွင့်များဖြစ်သည်။

အထက်ပါ အောင်မြင်မှုများသည် တပ်မတော်နှင့်တိုင်းရင်းသား ပြည်သူ တို့၏ ဖြူစင်သောစေတနာ၊ မှန်ကန်သော ဆောင်ရွက်ချက်၊ အပြန်အလှန် လေးစားယုံကြည်မှုများ တစ်နည်းအားဖြင့်ဆိုရသော် တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးကို အခြေခံပြီး ပြည်ထောင်စုကြီးနှင့် အချုပ်အခြာအာဏာတည်တံ့ ခိုင်မြဲရေးအတွက် အနှစ်သာရပြည့်ဝသော ဆောင်ရွက်မှုများကြောင့် ဖြစ်သည်။ မိမိတစ်ဦးတစ်ဖွဲ့ အာဏာရရှိရေးအတွက် ဥဏ်ကစားကြသည့်ပွဲမျိုး မဟုတ်မှုဘဲ လွတ်လပ်၍ အချုပ်အခြာအာဏာပိုင် နိုင်ငံတော်တစ်ခုအတွက် အမှန်တကယ် လိုအပ်ချက်များ တည်ဆောက်နေသည့် အရှိတရားကို မျက်ဝါးထင်ထင် အကောင်အထည်ဖော်ခဲ့သည်များဖြစ်ကြောင်း ၂၀၀၄ခုနှစ် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို လေးနက်စွာ ဦးညွှတ်ဂုဏ်ပြု ရေးသားတင်ပြအပ် ပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၄-၁-၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **"သမ္မာဒိဋ္ဌိငါးမျိုး"**
၉:၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား
၉:၁၁ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွှဲ
၄:၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
၄:၃၀ ၅။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က)ပထမနှစ် (ဒဿနိကဗေဒ) (ခ)ပထမနှစ်(ဥပဒေပညာ)
၅:၀၀ ၆။ အမေးကမ္ဘာတွေးစရာ
၆:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၈။ နိုင်ငံတကာသတင်း
၆:၂၀ ၉။ မိုးလေဝသသတင်း
၆:၂၅ ၁၀။ မြန်မာ့ရှုခင်း
၆:၄၀ ၁၁။ လျှပ်တစ်ပြက်
၇:၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဖန်ခြေနင်းနှင့် ယမင်းရွှေစင်"** (အပိုင်း-၃၄)
၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၅။ လျှပ်တစ်ပြက်
၁၆။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လွှိုပုနှင့်သောင်းချမ်"** (အပိုင်း-၁၈)

ကြည့်ရှုစစ်ဆေး

ဒီဇင်ဘာ၂၈ရက်က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့် မကွေးမြို့ မူလတန်းကြိုကျောင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။

(လူမှုဝန်ထမ်း)

ဂုဏ်ထူးဆောင်တံဆိပ်များချီးမြှင့်အပ်နှင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
အမိန့်ကြော်ငြာစာ
အမှတ်၊ ၂/၂၀၀၄

၁၃၆၅ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်

(၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်တံဆိပ်များကို အပ်နှင်းလိုက်ပါသည်–

သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်

၁။	ဦးတင်ရှိန် တောင်ငယ်ကျေးရွာ ဘုတ်ပြင်းမြို့နယ်	အမှတ်(၅၅၉) ခြေမြန်တပ်ရင်း
၂။	ဦးမျိုးဦး အင်းလေးမြိုင်ရပ်ကွက် မြိတ်မြို့နယ်	အမှတ်(၅၅၉) ခြေမြန်တပ်ရင်း

ဝိဇ္ဇာပညာထူးချွန်တံဆိပ်(ပထမဆင့်)

၁။ ဒေါက်တာသန်းညွန့် ဥက္ကဋ္ဌ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့။

၂။ ဦးတင့်အောင်(ဗိုလ်ကလေးတင့်အောင်) အကြံပေးအရာရှိ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ရုပ်ရှင်ဒါရိုက်တာ၊ စာရေးဆရာ။

၃။ ဒေါ်သိန်းဆိုင်(မမြတ်လေး) အမှတ် (၁၂၄)၊ ပြည်ထောင်စုရိပ်သာလမ်း၊ ဒဂုံမြို့နယ်။

၄။ ဦးလှထွန်း အမှတ်(၅)၊အင်းလျားမြိုင်လမ်း၊ ဗဟန်းမြို့နယ်။

ဝိဇ္ဇာပညာထူးချွန်တံဆိပ်(ဒုတိယဆင့်)

၁။ ဦးသော်ကောင်း ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်မှူး (အငြိမ်းစား)၊ ပညာရေးဝန်ကြီးဌာန။

၂။ ဒေါက်တာခင်မောင်ညွန့် ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား)၊ ရှေးဟောင်းသုတေသနဦးစီးဌာန။

၃။ ဦးမြင့်ကြည်(တက္ကသိုလ်မြတ်စိုး) ညွှန်ကြားရေးမှူး (အငြိမ်းစား)၊ မြန်မာစာအဖွဲ့ဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန။

၄။ ဦးလှမြိုင်(ကိုဆောင်း) အယ်ဒီတာချုပ် (အငြိမ်းစား)၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း။

ဆေးပညာထူးချွန်တံဆိပ်(ဒုတိယဆင့်)

၁။ ဒေါက်တာမြင့်စိန် လက်ထောက်စက်ရုံမှူး၊ မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ၊ မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန။

နည်းပညာထူးချွန်တံဆိပ်(ဒုတိယဆင့်)

၁။ ဒေါက်တာထွန်းဆိုင် စိုက်ပျိုးရေးပညာရှင်၊ ဝန်ကြီးရုံး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

၂။ ဦးသိန်းဦး ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ကွန်ပျူတာအဖွဲ့ချုပ်။

၃။ ဦးသောင်းတင် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း။

၄။ ဦးအောင်ဇော်မြင့် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း။

၅။ ဦးပြုံးမောင်မောင် တွဲဖက်အတွင်းရေးမှူး(e-National Task Force)။

၆။ ဦးသိန်းထွဋ် တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း။

၇။ ဒေါက်တာကျော်သိန်း ဒု–ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်။

၈။ ဒေါက်တာအောင်မော် အဖွဲ့ဝင်၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်များအသင်း။

၉။ ဦးခွန်ဦး အတွင်းရေးမှူး၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း။

၁၀။ ဦးသိန်းထွန်းဖေ အတွင်းရေးမှူး၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း။

လယ်ယာစီးပွားထူးချွန်တံဆိပ် (ဒုတိယဆင့်)

၁။ ဒေါက်တာပြေတင် အထွေထွေမန်နေဂျာ၊ မြန်မာ့ဝါနှင့်ပိုးချည်လုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

လယ်ယာစီးပွားထူးချွန်တံဆိပ် (တတိယဆင့်)

၁။ ဦးသင်းအောင် ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

၂။ ဦးနိုင်ကြည်ဝင်း မန်နေဂျာ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

၃။ ဦးအောင်မြင့်ထွန်း လ/ထမန်နေဂျာ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

၄။ ဒေါ်မြင့်မြင့်စန်း လ/ထမန်နေဂျာ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

၅။ ဒေါ်အောင်မေသန်း လ/ထမန်နေဂျာ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

၆။ ဦးဖေမောင်သန်း လ/ထကြီးကြပ်ရေးမှူး၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

၇။ ဦးစိုင်းစံထွန်း တောင်သူအမှတ်(၁၉/၁၂၆)၊ အဝေယျာဆည်လမ်း၊ မန်ဆူရွာ၊ဟူးမွန်ကျေးရွာအုပ်စု၊လားရှိုးမြို့နယ်၊ရှမ်းပြည်နယ် (မြောက်ပိုင်း)။

၈။ ဦးသိန်းမြင့်(တောင်သူလယ်သမား) အမှတ်(၂)ရပ်ကွက်၊ ကုန်သည်လမ်း၊ ဒိုက်ဦးမြို့၊ ပဲခူးတိုင်း။

၉။ ဦးထွန်းအေး အမှတ်(၆၄)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်(၂) ရပ်ကွက်၊ လဲချားမြို့နယ်၊ ရှမ်းပြည်နယ်။

စက်မှုစီးပွားထူးချွန်တံဆိပ် (ပထမဆင့်)

၁။ ဒေါက်တာမင်းသိမ်း ညွှန်ကြားရေးမှူး၊ ဆေးဝါးထုတ်လုပ်မှုနည်းပညာဖွံ့ဖြိုးရေးဌာန၊ အဏုဇီဝဆေးဝါးထုတ်လုပ်ရေးဌာန၊ မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

၂။ ဦးစိုးမြင့် ညွှန်ကြားရေးမှူးချုပ်၊ စွမ်းအင်စီမံရေးဦးစီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန။

စက်မှုစီးပွားထူးချွန်တံဆိပ် (ဒုတိယဆင့်)

၁။ ကြည်း–၂၁၄၇၃ ဗိုလ်မှူးဌေးအောင် ပင်မဆက်သွယ်ရေးအလုပ်ရုံ၊ ကာကွယ်ရေးဝန်ကြီးဌာန။

၂။ ဦးမျိုးသွင် အင်ဂျင်နီယာချုပ်၊ ဆည်မြောင်းဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

၃။ ဦးစိုးနိုင် စက်ရုံမှူး၊ ဇေယျဝတီအမှတ်(၂)အရက်ချက်စက်ရုံ၊ မြန်မာ့စားသောက်ကုန်လုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

၄။ ဦးတင်အောင် စက်ရုံမှူး(ခဲမဖြူသတ္တုစင်စက်ရုံ၊သန်လျင်)၊အမှတ်(၂) သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန။

၅။ ဦးအောင်စန်း ဒုတိယအင်ဂျင်နီယာချုပ်၊ မြန်မာ့လေကြောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန။

၆။ ဦးဇော်ညွန့် စက်ရုံမှူး၊ မြန်မာ့သင်္ဘောကျင်းလုပ်ငန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန။

၇။ ဦးဝင်းတင့် စက်ရုံမှူး၊ မြန်မာ့သင်္ဘောကျင်းလုပ်ငန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန။

၈။ ဦးဇော်ဝင်း အင်ဂျင်နီယာချုပ်(တူးဖော်ရေး)၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း(ရုံးချုပ်)၊ စွမ်းအင်ဝန်ကြီးဌာန။

၉။ ဦးမြင့်ဆွေ အမှုဆောင်အင်ဂျင်နီယာ(က) (တူးဖော်ရေး)၊ မြန်အောင်ရေနံမြေ၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန။

၁၀။ ဦးလှပိုက် ဒုတိယအင်ဂျင်နီယာချုပ်၊ တိုင်းလျှပ်စစ်အင်ဂျင်နီယာရုံး (ရန်ကုန်)၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။

၁၁။ ဦးကြည်သာ ညွှန်ကြားရေးမှူး(စက်မှု)၊ စက်မှုယန္တရားဌာနခွဲ၊ ရေအားလျှပ်စစ်ဦးစီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။

၁၂။ ဦးအောင်လှိုင် ဒုတိယညွှန်ကြားရေးမှူး၊ အမှတ်(၂)တည်ဆောက်ရေး၊ ရေအားလျှပ်စစ်ဦးစီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။

စက်မှုစီးပွားထူးချွန်တံဆိပ်(တတိယဆင့်)

၁။ ကြည်း–၂၂၇၄၆ ဗိုလ်မှူးရဲအောင် အမှတ်(၁)ကာကွယ်ရေးပစ္စည်းစက်ရုံ၊ ကာကွယ်ရေးဝန်ကြီးဌာန။

၂။ ကြည်း–၂၆၀၉၄ ဗိုလ်ကြီးနေမျိုးကို အမှတ်(၁)ကာကွယ်ရေးပစ္စည်းစက်ရုံ၊ ကာကွယ်ရေးဝန်ကြီးဌာန။

၃။ ကြည်း–၂၈၂၇၆ ဗိုလ်ကြီးမင်းဇော်ဇော် အမှတ်(၁)ကာကွယ်ရေးပစ္စည်းစက်ရုံ၊ ကာကွယ်ရေးဝန်ကြီးဌာန။

၄။ အမှတ်–၆၉၉၃၁၈ တပ်ကြပ်ဝင်းနိုင် ပင်မဆက်သွယ်ရေးအလုပ်ရုံ၊ ကာကွယ်ရေးဝန်ကြီးဌာန။

၅။ ဦးယုကြည် ဒုတိယညွှန်ကြားရေးမှူး၊ စက်မှုလယ်ယာဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

၆။ ဦးကိုကိုအောင် လက်ထောက်ညွှန်ကြားရေးမှူး၊ စက်မှုလယ်ယာဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

၇။ ဦးကိုကို လက်ထောက်ညွှန်ကြားရေးမှူး၊ စက်မှုလယ်ယာဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

၈။ ဦးသက်ထွန်းဦး ဒုတိယဦးစီးမှူး၊ စက်မှုလယ်ယာဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

၉။ ဒေါ်စန်းစန်းဝင်း မန်နေဂျာ၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

၁၀။ ဦးဝင်းနိုင် ကြီးကြပ်ရေးမှူး၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

၁၁။ ဦးမြင့်သောင်း အလုပ်ရုံခွဲမှူး၊ (အမျိုးအစားစစ်ဆေးရေးနှင့်သုတေသန)၊ မြန်မာ့ဆေးဝါးလုပ်ငန်းစက်ရုံ၊ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

၁၂။ ဒေါ်အုန်းရီ အလုပ်ရုံခွဲမှူး၊ (အမျိုးအစားစစ်ဆေးရေးနှင့် သုတေသန)၊ မြန်မာ့ဆေးဝါးလုပ်ငန်းစက်ရုံ၊ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်း လုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

၁၃။ ဦးနိုင်မင်းထွဋ် အလုပ်ရုံခွဲမှူး(ကုန်ထုတ်)၊ ရုံးခွဲတာဝန်ခံ၊ အင်းစိန်စောင်စက်ရုံအမှတ်(၂၀)၊ မြန်မာ့အထည်အလိပ်လုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

၁၄။ ဦးဇော်မင်း စက်ရုံမှူး၊ မန္တလေးအမှတ်(၁)အရက်ချက်စက်ရုံ၊ မြန်မာ့စားသောက်ကုန်လုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

၁၅။ ဦးခင်အောင် စက်ရုံမှူး၊ မော်လမြိုင်အမှတ်(၄)အရက်ချက်စက်ရုံ၊ မြန်မာ့စားသောက်ကုန်လုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

၁၆။ ဦးခင်ထွန်း ဒုတိယစက်ရုံမှူး၊ အမှတ်(၃)စက္ကူစက်(ပလိပ်)၊မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

၁၇။ ဦးခင်ထွန်း အလုပ်ရုံစိတ်မှူး(ကုန်ထုတ်)၊ အင်းစိန်စောင်စက်ရုံ အမှတ်(၂၀)၊ မြန်မာ့အထည်အလိပ်လုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

၁၈။ ဦးရွှေဝင်း ထုတ်လုပ်ရေးကျွမ်းကျင်(၃)၊ အင်းစိန်စောင်စက်ရုံ အမှတ်(၂၀)၊ မြန်မာ့အထည်အလိပ်လုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

၁၉။ ဦးတိုးရီ အလုပ်ရုံခွဲမှူး(ကုန်ထုတ်)၊ စက်ဘီးစက်ရုံ(ရန်ကုန်)၊ မြန်မာ့အထွေထွေနှင့်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

၂၀။ ဦးအေးထွန်း လက်ထောက်စက်ရုံမှူး၊ စစ်တောင်းအမှတ်(၁) စက္ကူစက်ရုံ၊ မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

၂၁။ ဦးရွှေဘော်သာ အလုပ်ရုံခွဲမှူး၊ စစ်တောင်းအမှတ်(၁) စက္ကူစက်ရုံ၊ မြန်မာ့စက္ကူ နှင့်ဓာတုဗေဒလုပ်ငန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန။

၂၂။ ဦးကြည်ဝင်း အလုပ်ရုံခွဲမှူး၊ စစ်တောင်းအမှတ်(၁) စက္ကူစက်ရုံ၊ မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း၊ အလှကုန်ပစ္စည်းစက်ရုံ၊ မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

၂၃။ ဦးရဲဝင်း အလုပ်ရုံခွဲမှူး၊ စစ်တောင်းအမှတ်(၁) စက္ကူစက်ရုံ၊ မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

၂၄။ ဦးအောင်ရီ အလုပ်ရုံစုမှူး၊ စစ်တောင်းအမှတ်(၁) စက္ကူစက်ရုံ၊ မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

၂၅။ ဦးဇော်ဝင်းလွင် လက်ထောက်ညွှန်ကြားရေးမှူး၊ မြန်မာ့စက်မှုလုပ်ငန်းများစီမံကိန်းညွှန်ကြားမှုဦးစီးဌာန၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန။

၂၆။ ဦးသိန်းဇော်လင်း ဌာနခွဲမှူး၊ မြန်မာ့စက်မှုလုပ်ငန်းများစီမံကိန်းညွှန်ကြားမှုဦးစီးဌာန၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန။

၂၇။ ဒေါ်သီတာသန်း ကြီးကြပ်ရေးမှူး၊ မြန်မာ့စက်မှုလုပ်ငန်းများစီမံကိန်းညွှန်ကြားမှုဦးစီးဌာန၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန။

၂၈။ ဦးရွှေသိန်း ကြီးကြပ်ရေးမှူး၊ မြန်မာ့တာယာနှင့်ရော်ဘာပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၊ (မြန်မာ့စက်မှုလုပ်ငန်းများစီမံကိန်းညွှန်ကြားမှုဦးစီးဌာနတွဲဖက်)၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန။

၂၉။ ဦးတိုးဝင်း ကြီးကြပ်ရေးမှူး၊ မြန်မာ့တာယာနှင့်ရော်ဘာပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၊ (မြန်မာ့စက်မှုလုပ်ငန်းများစီမံကိန်းညွှန်ကြားမှုဦးစီးဌာနတွဲဖက်)၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန။

၃၀။ ဦးထွန်းရီ မန်နေဂျာ၊ အမှတ်(၁)မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ (ရန်ကုန်)မြန်မာ့မော်တော်ယာဉ်နှင့်ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန။

၃၁။ ဦးလှထွန်း အလုပ်ရုံစုမှူး၊ အမှတ်(၁)မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ (ရန်ကုန်)မြန်မာ့မော်တော်ယာဉ်နှင့်ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန။

၃၂။ ဦးခင်မောင်မြင့် လက်ထောက်အထွေထွေမန်နေဂျာ၊ အမှတ်(၁)လယ်ယာသုံးပစ္စည်းထုတ်လုပ်မှုစက်ရုံ(ဆင်တဲ)၊ မြန်မာ့လယ်ယာသုံးစက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန။

၃၃။ ဒေါ်ရီရီခိုင် မန်နေဂျာ၊ အမှတ်(၁)လယ်ယာသုံးစက်ပစ္စည်းထုတ်လုပ်မှုစက်ရုံ(ဆင်တဲ)၊ မြန်မာ့လယ်ယာသုံးစက်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန။

၃၄။ ဦးဆန်းအောင် မန်နေဂျာ၊ အမှတ်(၁) လယ်ယာသုံးစက်ပစ္စည်းထုတ်လုပ်မှုစက်ရုံ(ဆင်တဲ)၊ မြန်မာ့လယ်ယာသုံး စက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၊ အမှတ် (၂) စက်မှုဝန်ကြီးဌာန။

၃၅။ ဦးသန်းညွန့် လက်ထောက်မန်နေဂျာ၊ အမှတ်(၁)လယ်ယာသုံးစက်ပစ္စည်းထုတ်လုပ်မှုစက်ရုံ(ဆင်တဲ)၊ မြန်မာ့လယ်ယာသုံး စက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန။

၃၆။ ဦးမျိုးခင် လက်ထောက်မန်နေဂျာ၊ အမှတ်(၁) လယ်ယာသုံးစက်ပစ္စည်းထုတ်လုပ်မှုစက်ရုံ(ဆင်တဲ)၊ မြန်မာ့လယ်ယာသုံးစက်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန။

၃၇။ ဒေါ်ဝင်းဝင်းအေး အလုပ်ရုံစုမှူး၊အမှတ်(၁) စက်နှင့်စက်ကိရိယာပစ္စည်းထုတ်လုပ်မှုစက်ရုံ(ညောင်ခြေထောက်)၊ မြန်မာ့စက်ကိရိယာနှင့်လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန။

၃၈။ ဦးသွင်ဇော် အလုပ်ရုံစုမှူး၊ အမှတ်(၁) စက်နှင့် စက်ကိရိယာပစ္စည်းထုတ်လုပ်မှုစက်ရုံ(ညောင်ခြေထောက်)၊ မြန်မာ့စက်ကိရိယာနှင့်လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန။

၃၉။ ဦးဇော်မင်းထွန်း အလုပ်ရုံစိတ်မှူး၊ အမှတ်(၁) စက်နှင့်စက်ကိရိယာပစ္စည်းထုတ်လုပ်မှုစက်ရုံ(ညောင်ခြေထောက်)၊ မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန။

၄၀။ ဒေါ်ညွှန့်ညွှန့်ဆွေ၊အငယ်တန်းအင်ဂျင်နီယာ(၃)(မြို့ပြ)၊ဝါးခယ်မမြို့နယ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန။

၄၁။ ဦးတင်ဖေ လက်ထောက်အင်ဂျင်နီယာ(လွန်တူး)၊ ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေး ဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန။

၄၂။ ဦးပုစီ အငယ်တန်းအင်ဂျင်နီယာ(၁)၊ ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊သတ္တု တွင်းဝန်ကြီးဌာန။

၄၃။ ဦးသန်းထွန်း လ/ထ အထွေထွေ မန်နေဂျာ၊ကုန်း လမ်းပို့ဆောင်ရေး၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန။

၄၄။ ဦးကျော်မိုးဇော်၊ အင်ဂျင်နီယာမှူး(အလုပ်ရုံ)၊ မြို့ပြအင်ဂျင်နီယာဌာန၊ မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။

၄၅။ ဦးမြင့်ဝေ လ/ထ အင်ဂျင်နီယာ(စက်မှု)မြစ်ငယ်၊ စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာန၊ မြန်မာ့မီးရထား၊ရထားပို့ဆောင်ရေးဝန်ကြီးဌာန။

၄၆။ ဦးကျော်ဝင်း အလုပ်ရုံစုမှူး(၁)၊ စက်ခေါင်းစက်ရုံ (အင်းစိန်)၊ စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာန၊ မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။

၄၇။ ဦးဝင်းစိန် အလုပ်ရုံစုမှူး(စက်ရုံ–၁)၊ ဒီဇယ်စက်ခေါင်းစက်ရုံ(ရွာထောင်)၊ စက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဌာန၊ မြန်မာ့မီးရထား ရထားပို့ဆောင်ရေးဝန်ကြီးဌာန။

(ဆက်လက်ဖော်ပြပါမည်။)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

*** ကျောဖုံးမှ**

အခမ်းအနားသို့ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြန်မာနိုင်ငံပညာရေးကော်မတီဝင်များ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှဌာနေကိုယ်စားလှယ်များ၊ ပညာရေးစုံညီပွဲတော်ကျင်းပရေးဦးစီးကော်မတီနှင့်လုပ်ငန်းကော်မတီဝင်များ၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်အဖွဲ့များမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဥက္ကဋ္ဌများ၊ တက္ကသိုလ်နှင့်ကောလိပ်များမှ ပါမောက္ခချုပ်များနှင့်ကျောင်းအုပ်ကြီးများ၊ ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ ရန်ကုန်တိုင်း အတွင်းရှိ စည်ပင်သာယာရေး နယ်နိမိတ်မှ မြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာ အထက်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ အစိုးရမဟုတ်သောလူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ထူးချွန်ထက်မြက် ကျောင်းသားကျောင်းသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ၂၀၀၃–၂၀၀၄ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ထူးချွန်ထက်မြက် ကျောင်းသား ကျောင်းသူများ ချီတက်သရုပ်ပြပွဲ အခမ်းအနားကို နံနက် ၇ နာရီခွဲတွင် သုဝဏ္ဏအမျိုးသားအားကစားပြိုင်ပွဲရုံ(၁) ရှေ့ဥပစာရှိ ပြင်ပသရုပ်ပြကွင်း၌ စတင်ကျင်းပရာ စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မပြည့်မွန်သက်နှင့် နဝမတန်းကျောင်းသူ မဝင်းလဲ့ဖြူတို့က မြန်မာဘာသာဖြင့် လည်းကောင်း၊ နဝမတန်းကျောင်းသူ နော်ရှယ်နှင့် သတ္တမတန်းကျောင်းသူ နော်မေရီတို့က အင်္ဂလိပ်ဘာသာဖြင့်လည်းကောင်း အခမ်းအနားမှူးများအဖြစ် ဆောင်ရွက်ကြပြီး အခမ်းအနား အစီအစဉ်များကို အလှည့်ကျ ဖတ်ကြားကြေညာကြသည်။

စတင်ဖွင့်လှစ်

အစီအစဉ်အရ ထူးချွန်ထက်မြက်ဆုရ ကျောင်းသူတစ်ဦးဖြစ်သည့် ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းမှ မအေးမြတ်နိုးခင်က ၂၀၀၃–၂၀၀၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ထူးချွန်ထက်မြက်ကျောင်းသားကျောင်းသူများ၏ ချီတက်သရုပ်ပြပွဲ အခမ်းအနား စတင်ကျင်းပခွင့်ပြုပါရန် ဂါရဝပြု ပန်ကြားလိုက်သည်နှင့် ကျောင်းသူလေးများက မိုးပျံပူဖောင်းများ လွှတ်တင်ကြကာ အခမ်းအနားကို စတင်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ထူးချွန်ထက်မြက်ကျောင်းသူလေးများဖြစ်ကြသည့် ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ မအိအိချွန်နှင့် စမ်းချောင်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ မခင်မြသက်နှင်းတို့က ရန်ကင်းပညာရေးကောလိပ်မှ စန္ဒရား ဆောဝင်းသင်း ရေးစပ်သည့် 'စုံညီပွဲတော် တို့နွဲပျော်' သီချင်းကို ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း သံစုံတီးဝိုင်းဖြင့် တွဲဖက်ကာ သီဆိုပေးကြပြီး ကမာရွတ်မြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသူ ၂၀၀ တို့က အကဖြင့် သရုပ်ဖော်တင်ဆက်ကပြကြသည်။

ထိုသို့ ကပြတင်ဆက်ရာတွင် အမိမြန်မာပြည်တစ်ခွင် စွမ်းအင်များ စည်ပင်နိုင်ရန် ဒလက်များအသွင် လူသားအရင်းအမြစ်သဏ္ဌာန်နှင့် အနာဂတ်တွင် ထွန်းလင်းတောက်ပလာမည့် ကြယ်ပွင့်သဏ္ဌာန်တို့ကို သရုပ်ဖော်တင်ဆက်ကြသည်။

နိုင်ငံတော်အလံအလေးပြု

ဆက်လက်၍ ဗိုလ်တထောင်မြို့နယ် အမှတ်(၆)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသားများ၏ နိုင်ငံတော်အလံကိုင်တပ်ဖွဲ့က ၂၀၀၃–၂၀၀၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ဘင်ခရာပြိုင်ပွဲ(က)အဆင့်တွင် တတိယဆုရရှိခဲ့သော ပဲခူးမြို့ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း ဘင်ခရာအဖွဲ့၏ နိုင်ငံတော်သီချင်းတီးမှုတ်မှုနှင့်အတူ ချီတက်လာရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အခမ်းအနားသို့တက်ရောက်လာကြသူများ အားလုံးက မတ်တပ်ရပ်၍ နိုင်ငံတော်အလံကို အလေးပြုကြသည်။

ယင်းနောက် ၂၀၀၃–၂၀၀၄ ပညာသင်နှစ် စာပေပညာ၊ ကျောင်းလုပ်ငန်းနှင့် ဘက်စုံကဏ္ဍများ၌ ထူးချွန်ဆုရ အဋ္ဌမတန်းဘက်စုံထူးချွန် ကျောင်းသား ကျောင်းသူများက ချီတက်ဂါရဝပြုကြသည်။

ချီတက်ဂါရဝပြု

ဆက်လက်၍မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသူများ၏ ပညာရေးအလံကိုင်အဖွဲ့နှင့် ယခုနှစ် ပညာရေးစုံညီပွဲတော် ဘင်ခရာပြိုင်ပွဲ (ခ)အဆင့်တွင် တတိယဆုရ ကျောက်ဆည်မြို့ အခြေခံပညာ အထက်တန်းကျောင်း ဘင်ခရာအဖွဲ့တို့သည် ချီတက်၍ ဂါရဝပြုကြသည်။

ထို့နောက် ၂၀၀၃–၂၀၀၄ ပညာသင်နှစ် ဒသမတန်း၌ ဘက်စုံပညာထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများက ချီတက်ဂါရဝပြုကြသည်။

ဆက်လက်၍ ဗိုလ်တထောင်မြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူ များ၏ ပညာရေးစုံညီပွဲတော် အလံကိုင်အဖွဲ့နှင့် ယခုနှစ်ပညာရေးစုံညီပွဲတော် ဘင်ခရာပြိုင်ပွဲ(ခ)အဆင့်၌ ဒုတိယဆုနှင့် တီးဝိုင်းခေါင်းဆောင် အကောင်းဆုံးဆုရရှိသည့် ဒေါပုံမြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှ ဘင်ခရာအဖွဲ့တို့ ချီတက်ဂါရဝပြုကြသည်။

ယင်းနောက် ပညာတန်ဆောင် စာပေပြိုင်ပွဲ၊ မြန်မာနှင့်နိုင်ငံတကာ လူမှုဆက်ဆံရေးထုံးဓလေ့တတ်ကျွမ်းမှု ပြိုင်ပွဲဆုရ ကျောင်းသား ကျောင်းသူများက ချီတက်ဂါရဝပြုကြသည်။

ဆက်လက်၍ ယခုနှစ်ဘင်ခရာပြိုင်ပွဲ(ခ)အဆင့်၌ ဒုတိယဆုနှင့် တီးဝိုင်းခေါင်းဆောင်အကောင်းဆုံးဆုရ ဒေါပုံမြို့နယ်အခြေခံပညာ အထက်တန်းကျောင်း ဘင်ခရာအဖွဲ့က "စံပြ တို့တပ်မတော်"သီချင်းဖြင့် သရုပ်ဖော်တင်ဆက်ခြင်းနှင့် "မြန်မာ့ကျောင်း"သီချင်းဖြင့် ပညာကို ကိုယ်စားပြုသည့် စာအုပ်နှင့် ဆီမီးပုံတို့ကို သရုပ်ဖော်တင်ဆက်သည်။

ယင်းနောက် စမ်းချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူများ၏ ပြည်နယ်နှင့်တိုင်းကိုယ်စားပြု အလံကိုင်အဖွဲ့နှင့် ယခုနှစ်ပညာရေးစုံညီပွဲတော် ဘင်ခရာပြိုင်ပွဲ(က)အဆင့်၌ ဒုတိယဆုနှင့် တီးဝိုင်းခေါင်းဆောင် အကောင်းဆုံးဆုရရှိခဲ့သည့် တာမွေမြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း ဘင်ခရာအဖွဲ့တို့ ချီတက်ဂါရဝပြုကြသည်။

ဆက်လက်၍ အားကစား၊ ကာယပညာ၊ ပန်းချီနှင့်အနုပညာကဏ္ဍတို့တွင် ပြည်တွင်း၌သာမက နိုင်ငံတကာပြိုင်ပွဲများတွင်ပါ ဆုများဆွတ်ခူးခဲ့ကြသည့် ကျောင်းသားကျောင်းသူများက ချီတက်ဂါရဝပြုကြသည်။

စွမ်းရည်ပြတင်ဆက်

ယင်းနောက် ယခုနှစ်ဘင်ခရာပြိုင်ပွဲ (က)အဆင့်၌ ဒုတိယဆုနှင့် တီးဝိုင်းခေါင်းဆောင်အကောင်းဆုံးဆုရရှိခဲ့သည့် တာမွေမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူဘင်ခရာအဖွဲ့က "မြပန်းခွေ"တေးသီချင်းဖြင့် တူရိယာတစ်မျိုးချင်းအလိုက် အစွမ်းပြတင်ဆက်သည်။

ဆက်လက်၍ တာမွေမြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူများ၏ ကျောင်းကောင်စီ အလံကိုင်အဖွဲ့နှင့် ယခုနှစ်ဘင်ခရာပြိုင်ပွဲ(ခ)အဆင့်၌ ပထမဆုရ မော်လမြိုင်မြို့ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူဘင်ခရာအဖွဲ့တို့ ချီတက်ဂါရဝပြုကြသည်။

ဆက်လက်၍ ကောဒသမအကြိမ် (၁၁ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ အခြေခံပညာအဆင့်ပြိုင်ပွဲအသီးသီး၌ ဆုများ ရရှိခဲ့ကြသည့် ထူးချွန်ထက်မြက် ကျောင်းသား ကျောင်းသူများက ချီတက်ဂါရဝပြုကြသည်။

ထို့နောက် ယခုနှစ် ပညာရေးစုံညီပွဲတော် ဘင်ခရာပြိုင်ပွဲ(ခ)အဆင့်၌ ပထမဆုရရှိခဲ့သည့် မော်လမြိုင်မြို့ အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူဘင်ခရာအဖွဲ့က "အောင်လံဝင့်ဝင့် သမိုင်းအဆင့်ဆင့်" စစ်ချီတေးဖြင့် အရပ်ရှစ်မျက်နှာသို့ ညီညီညာညာခွဲထွက်ဖြာပုံကို သရုပ်ဖော်၍လည်းကောင်း၊ "ပေးဆပ်ခြင်းများ"သီချင်းဖြင့် အုပ်စုဖွဲ့လှုပ်ရှားပုံကိုသရုပ်ဖော်၍လည်းကောင်း၊ "မြပန်းခွေ"သီချင်းဖြင့် သရုပ်ဖော်၍ လည်းကောင်း၊ "Auld Lang Sang"သီချင်းဖြင့် အနေးလျှောက် သရုပ်ဖော်၍ လည်းကောင်း၊ "မြန်မာပြည်သား" တေးသီချင်းကို တီးမှုတ်၍ လည်းကောင်း စွမ်းရည်ပြသတင်ဆက်သည်။

ဆက်လက်၍လသာမြို့နယ်အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူများ၏ ရောင်စုံအလံကိုင်အဖွဲ့နှင့် ယခုနှစ် ကျောင်းသား စုံညီပွဲတော်၏ဘင်ခရာပြိုင်ပွဲ(က)အဆင့်၌ ပထမဆုရ တောင်ကြီးမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ဘင်ခရာအဖွဲ့တို့ချီတက်ဂါရဝပြုကြသည်။

ထို့နောက် ၂၀၀၃ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ တစ်နိုင်ငံလုံး သိပ္ပံဘာသာတွဲနှင့် ဝိဇ္ဇာဘာသာတွဲတို့တွင် အဆင့်(၁)မှ(၁၀)အတွင်း ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသားကျောင်းသူများက ချီတက်ဂါရဝပြုကြသည်။

ယင်းနောက် ယခုနှစ် ပညာရေးစုံညီပွဲတော် ဘင်ခရာပြိုင်ပွဲ(က)အဆင့်၌ ပထမဆုရ တောင်ကြီးမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ဘင်ခရာအဖွဲ့က အခြေခံစစ်ရေးပြနှင့်တွဲဖက်ကာ "ရွှေမိုးလေးကညီတယ်" သီချင်းဖြင့် ခရစ်နှစ် 2003 နှင့် 2004 ကို ပုံဖော်၍ လည်းကောင်း၊ ရှမ်းပြည်နယ်ကို ကိုယ်စားပြုသည့် အနေဖြင့်"S.H.A.N"စာလုံးကိုသရုပ်ဖော်၍လည်းကောင်း၊ "ပေးဆပ်ခြင်းများ"သီချင်းကိုတီးမှုတ်၍ ဟန်ချက်ညီလှပရှမ်းအကဖြင့်လည်းကောင်း၊ "ရှမ်းအိုးစည်ပုံ"သရုပ်ဖော်၍လည်းကောင်း၊ "လက်သီး" သီချင်းကို တီးမှုတ်၍လည်းကောင်း စွမ်းရည်ပြသဂါရဝပြုကြပြီး အခမ်းအနားပထမပိုင်းအစီအစဉ်ကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ပထမပိုင်းအခမ်းအနားအပြီးတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ထူးချွန်ထက်မြက် ကျောင်းသားကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

ထို့နောက် ၂၀၀၃–၂၀၀၄ပညာရေးစုံညီပွဲတော် ထူးချွန်ထက်မြက် ကျောင်းသား ကျောင်းသူများ ချီတက်သရုပ်ပြပွဲ ဒုတိယပိုင်းအစီအစဉ်များကို သုဝဏ္ဏအမျိုးသားအားကစားပြိုင်ပွဲရုံ(၁)အတွင်း၌ ဆက်လက်ကျင်းပရာ စမ်းချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မရတနာအေးမင်းက မြန်မာဘာသာဖြင့်လည်းကောင်း၊ နဝမတန်းကျောင်းသူ ဟောက်ခန်ဒင်(မ်)က အင်္ဂလိပ်ဘာသာဖြင့်လည်းကောင်း အခမ်းအနားမှူးများအဖြစ် ဆောင်ရွက်ကြပြီး အခမ်းအနားအစီအစဉ်များကို အလှည့်ကျဖတ်ကြားကြေညာသည်။

ရှေးဦးစွာ အဋ္ဌမတန်းစာပေထူးချွန်ဆုနှင့် ဘက်စုံထူးချွန်ဆုရှင် ပဲခူးမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူမငုဝါဝါဖူးနှင့် ဒဂုံတက္ကသိုလ် တတိယနှစ်ဂုဏ်ထူးတန်း(ဓာတုဗေဒအထူးပြု)ကျောင်းသား မောင်ဇော်လင်းတို့က အခြေခံပညာကဏ္ဍ အတွေးအမြင်နှင့် အဆင့်မြင့်ပညာကဏ္ဍ အတွေးအမြင်များကို တင်ပြကြရာတွင် နိုင်ငံတော်၌ အမျိုးသားပညာရည်မြင့်မားရေးကို နှစ်ရှည်စီမံကိန်းများချမှတ်ပြီး နိုင်ငံတော်၏ ပညာရေး မျှော်မှန်းချက်များအတွက် အစွမ်းကုန် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်နေရာတွင် အခြေခံပညာနှင့် အဆင့်မြင့်ပညာကဏ္ဍတို့သည် စနစ်တကျ ချိတ်ဆက်မိပြီး တစ်ဆင့်ချင်းမြင့်တင်ဆောင်ရွက်မှုများ အောင်မြင်ဖြစ်ထွန်းနေသည့် အခြေအနေအချိန်အခါကောင်းဖြစ်ကြောင်းတို့ကို အကျယ်တဝင့် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တာမွေမြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူ ၁၆၀တို့က "အလှသစ္စာ"အကဖြင့် ပညာရေး၏ အလှသည် ကျောင်းသားကျောင်းသူများသာဖြစ်ကြောင်းသရုပ်ဖော်တင်ဆက်ကပြကြသည်။

ဆက်လက်၍ စမ်းချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူလေးများက "ဇာဇာလင်း"ဆိုင်းအဖွဲ့နှင့်တွဲဖက်ကာ "ကြည်နူးရွှင်ပျော်သူငယ်တော်"အကဖြင့်ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ဗဟန်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူ ၂၀၀တို့က "အောင်လံဝင့်ချီ ချူသံမြည်"အကနှင့် လူတိုင်းအတွက်ပညာရေး Education For All အတိုကောက်စာလုံးဖြစ်သည့် E.F.A ကိုသရုပ်ဖော်၍လည်းကောင်း၊ ၂၀၁၅ခုနှစ်တွင် လူတိုင်းအတွက်ပညာရေး၏ မျှော်မှန်းချက်ပေါက်မြောက်အောင်မြင်ရမည် ဆိုသည့်အဓိပ္ပာယ်ကို ဖော်ဆောင်သည့်အနေဖြင့် 2015အင်္ဂစာလုံးကို သရုပ်ဖော်၍လည်းကောင်းစွမ်းရည်ပြသကြသည်။

ယင်းနောက် ဗိုလ်တထောင်မြို့နယ်အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းမှ မောင်ဇေယျာပြည့်ဖြိုးနှင့်စမ်းချောင်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မခင်မြသက်နှင်းတို့က ကမာရွတ်မြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းမှ ဖိုးသကြန်မင်္ဂလာဆိုင်းအဖွဲ့နှင့်တွဲဖက်ကာ "မြန်မာ့သိုင်း" သီချင်းကို သီဆိုတီးမှုတ်ကြပြီး လသာမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသူများက "မြန်မာ့သိုင်း"ပြကွက်များဖြင့်သရုပ်ပြတင်ဆက်ကြသည်။

ဆက်လက်၍ စမ်းချောင်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ခွန်ဇာနည်တင်ကြွယ်နှင့် မောင်ဝင်းခိုင်တို့က ဒဂုံမြို့နယ်အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်းမှ မအိယဉ်မွန်၏အော်ဂင်လက်သံနှင့်တွဲဖက်ကာ "စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်"သီချင်းကိုသီဆိုကြပြီး အားကစားနှင့် ကာယပညာသိပ္ပံ၊ အားကစားနှင့်ပညာရေးပေါင်းစပ်လေ့ကျင့်ရေး သင်တန်း ကျောင်းမှ ကျောင်းသားကျောင်းသူများက "ရွှေလက်ခိုင်မြဲ နိုင်ငံ့ဖွဲ့" လေ့ကျင့်ခန်းများကို သရုပ်ပြတင်ဆက်ကြသည်။

ဆက်လက်၍ ကမာရွတ်မြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှကျောင်းသူလေးများက ဂီတစာဆို ဟသ်ာတမြင့်ဌေ ရေးစပ်သည့် "ပညာခေတ်ကိုအလှဆင်မည်"သီချင်းဖြင့်"ပညာခေတ်ကို အလှဆင ပန်းပွားကကြိုးသွင်"အကဖြင့် လည်းကောင်း၊ အခြေခံပညာကျောင်းများ၏ ဆောင်ပုဒ်ဖြစ်သည့်စိတ်ဓာတ်–စည်းကမ်း–ပညာ (Morale၊ Discipline၊ Education)၏ အတိုကောက်စာလုံး M.D.E အင်္ဂလိပ်စာလုံးကို သရုပ်ဖော်၍ လည်းကောင်း၊ ကျောင်းပြင်ပ မူလတန်းပညာရေး Non-formal Primary Education၏ အတိုကောက်အင်္ဂလိပ်စာလုံး N.F.P.E ကို သရုပ်ဖော်၍ လည်းကောင်း၊ကျောင်းကောင်စီအသင်းလေးသင်းကို ကိုယ်စားပြုသည့် "ဝါ–စိမ်း–နီ–ပြာ"လေးရောင်ခြည် စက်ဝိုင်းလေးထပ်ပုံကို သရုပ်ဖော်၍ လည်းကောင်း စွမ်းရည်ပြတင်ဆက်ကြသည်။

ဆက်လက်၍လသာမြို့နယ်အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူ ၈၀ တို့က ကိုရင်အောင် ရေးစပ်သီကုံးသည့် "ပြည်မြန်မာ" သီချင်းကို လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၏ "လသာရတနာ" သံစုံတီးဝိုင်းနှင့် တွဲဖက်ကာ စုပေါင်းသီဆို ဖျော်ဖြေတင်ဆက်သည်။

ထို့နောက်နိုင်ငံ့ဂုဏ်ဆောင် ဂုရှူးအားကစား ရွှေတံဆိပ်ဆုရှင်များဖြစ်ကြသော ခိုင်ခိုင်မော်နှင့် ဆွေဆွေသန့်တို့က ဦးဆောင်ပြီး မျိုးဆက်သစ်အားကစားကျောင်းသားများကဂုရှူးအားကစားနည်း ကျွမ်းကျင်မှုကို သရုပ်ပြသတင်ဆက်ကြသည်။

ဖျော်ဖြေတင်ဆက်

ဆက်လက်၍မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူလေးများက"ဖူးပွင့်ဝေဆာရောင်စုံဖြာ" အကဖြင့်ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် အင်းစိန်မြို့နယ် အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်းနှင့် ဗိုလ်တထောင်မြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းတို့မှကျောင်းသားလေးများက မြန်မာ့ရိုးရာခြင်းလုံးကစားနည်းကို သရုပ်ပြတင်ဆက်ကြရာ ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှမောင်ဟိန်းထူးဇော်က ဒဂုံမြို့နယ်အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ မဝင့်သဥ္ဇာစတင်းဆိုင်းအဖွဲ့နှင့်တွဲဖက်၍ "မြန်မာ့ရိုးရာခြင်းလုံး" သီချင်းကိုသီဆိုသည်။

တစ်ဆက်တည်းတွင် တောင်ဥက္ကလာပမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှအဋ္ဌမတန်းကျောင်းသူ မဝင်းချစ်ဝါက တစ်ကိုယ်တော် ခြင်းခတ်စွမ်းရည်ပြသပြီး မောင်ကျော်စိုးမိုး၊ မောင်စောထွန်းဦး၊ မောင်မျိုးသစ်ဝင်းထွန်း၊ မောင်အောင်မင်းသိန်း၊ မောင်အောင်ကျော်ကျော်နှင့် မောင်ဇေယျာ တို့ကလည်း ဝိုင်းလည်ခြင်းခတ် စွမ်းရည်ပြသကြသည်။

ထို့နောက်ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူလေးများက သုံးထပ်ကွမ်းအကယ်ဒမီ ဂီတလုလင်ဦးကိုကို ရေးစပ်သော "ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်တည်ဆောက်အံ့" တေးသီချင်းကိုစုပေါင်း ပြိုင်တူသီဆိုကြကာ "စုံညီပွဲတော်"စာလုံးကို သရုပ်ဖော်တင်ဆက်ပြသပြီး ၂၀၀၃–၂၀၀၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ထူးချွန်ထက်မြက် ကျောင်းသားကျောင်းသူများ၏ချီတက် သရုပ်ပြပွဲ အခမ်းအနားသည် နံနက် ၉နာရီခွဲတွင် အောင်မြင်စွာကျင်းပ ပြီးစီးသွားသည်။

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မြန်မာနိုင်ငံပညာရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်အဖွဲ့ဝင်များနှင့်အတူ ၂၀၀၃–၂၀၀၄ပညာသင်နှစ်ပညာရေးစုံညီပွဲတော်ထူးချွန်ထက်မြက်ကျောင်းသား ကျောင်းသူများ ချီတက်သရုပ်ပြပွဲ အခမ်းအနားတွင် ပါဝင်ဆင်နွှဲခဲ့ကြသည့် ကျောင်းသားကျောင်းသူများအားရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရသည် မျိုးဆက်သစ်လူငယ်များအတွက် ပညာရည်မြင့်မားရေးစီမံကိန်းများရေးဆွဲဖော်ဆောင် မျိုးချစ်စိတ်ဓာတ်၊ ရိုးရာယဉ်ကျေးမှုကိုမြတ်နိုးထိန်းသိမ်းသည့်စိတ်ဓာတ်ပြင်းပြသော လူငယ်များဖြစ်အောင်ပျိုးထောင် အောင်မြင်ဖြစ်ထွန်းသည့်ရလဒ်ကောင်းဖြစ်သည့် ထူးချွန်ထက်မြက်သည့်လူငယ်များ ဘက်စုံကဏ္ဍစုံတွင်ပေါ်ထွန်း

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ထူးချွန်ဆုများချီးမြှင့်ပွဲ အခမ်းအနားတွင် ကျောင်းနေရွယ်ကလေးအားလုံး ကျောင်းနေရေး လှုပ်ရှားဆောင်ရွက်မှုများတွင် ထူးချွန်သည့် ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၃

ပညာရေးဝန်ကြီးဌာန ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ထူးချွန်ဆုများချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ စိန်ရတုခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက် အမှာစကားပြောကြားပြီး ထူးချွန်ဆုရ ကျောင်းသားကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ပညာရေးကော်မတီဝင်များ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ရှိသူများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ အဖွဲ့များမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဥက္ကဋ္ဌများ၊ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ်နှင့်ကောလိပ်များမှ ကျောင်းအုပ်ကြီးများ၊ ဌာနမှူးများ၊ မြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာ အထက်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာဆရာမများ၊ မိဘဆရာအသင်းဝင်များ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ အလှူရှင်များ၊ ကျောင်းသားမိဘများ၊ ထူးချွန်ဆုရ ကျောင်းသားကျောင်းသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားမစတင်မီ ပရိသတ်များအား တက္ကသိုလ်များနှင့် အခြေခံပညာကျောင်းသားကျောင်းသူများက တေးသီချင်းများဖြင့် သီဆိုဧည့်ခံ ဖျော်ဖြေကြပြီး အမျိုးသား ပညာရည်မြင့်မားရေးလုပ်ငန်း ဆောင်ရွက်ချက်များအား Power Point ဖြင့် ပြသတင်ပြသည်။

အစီအစဉ်အရ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ထူးချွန်ဆုများချီးမြှင့်ပွဲအခမ်းအနားကို ကျောင်းသားကျောင်းသူများက နိုင်ငံတော်သီချင်း သီဆိုတီးမှုတ်၍ ဖွင့်လှစ်ကြသည်။

ထို့နောက် အခြေခံပညာကျောင်းသားကျောင်းသူများက "မြန်မာ့ကျောင်း"သီချင်းဖြင့် သီဆိုဂုဏ်ပြုကြပြီး ရန်ကုန်တိုင်းဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာကျောင်းသားကျောင်းသူများက "စုံညီပွဲတော် တို့နွဲပျော်"သီချင်းနှင့်ခေတ်ပေါ်တေးဂီတသံစဉ်များကို စွမ်းရည်ပြတီးမှုတ်ဖျော်ဖြေကြသည်။

အားရကျေနပ်ဖွယ်

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ အနာဂတ်တည်ငြိမ်ခိုင်မာစေရေးအတွက် အမျိုးသားရေး အကျိုးစီးပွားအဖြစ် ထွန်းနိုင်ဆုံး လမ်းကြောင်းမှန်ပေါ်တွင် တည့်တည့်မတ်မတ်ဦးဆောင်ချီတက်နေချိန်၌ အနာဂတ်ကာလကို တာဝန်ယူသွားကြမည့် ယနေ့လူငယ်လူရွယ်များကို ပညာရည်မြင့်မားပြီး ဘက်စုံထူးချွန်ထက်မြက်လာစေရအောင် ပညာရေးကဏ္ဍကပါ စနစ်တကျလေ့ကျင့်ပျိုးထောင်ပေးနေသည့် အချိန်ကာလဖြစ်ကြောင်း။

ယခုလို အခြေအနေအချိန်အခါမျိုးတွင် ထူးချွန်ထက်မြက်သော မျိုးဆက်သစ်လူငယ်လူရွယ်ကျောင်းသားကျောင်းသူများ၏ စာပေပညာ၊ သိပ္ပံနှင့်နည်းပညာ၊ အားကစား၊ ယဉ်ကျေးမှုစသည့် ဘက်စုံပညာရေးဆိုင်ရာကဏ္ဍအသီးသီးက ထူးချွန်ထက်မြက်သော စွမ်းရည်ပြသမှုအမျိုးမျိုးကို ပညာရေးစုံညီပွဲတော် ကာလတစ်လျှောက် ချီးကျူးဂုဏ်ယူဖွယ် အစွမ်းအစပြသခဲ့ကြသည်ကို တွေ့မြင်ခဲ့ရခြင်းကြောင့် နိုင်ငံတော်အစိုးရ၏ ပညာရေးကဏ္ဍဆိုင်ရာမျှော်မှန်းချက်များ၏ အောင်မြင်ဖြစ်ထွန်းနေမှုသည် လွန်စွာမှအားရကျေနပ်ဖွယ်ဖြစ်သည်ဟု ပထမဦးစွာ ပြောကြားလိုကြောင်း။

အကောင်အထည်ဖော်လျက်ရှိ

ယနေ့ကာလဖြစ်သည့် (၂၁)ရာစုတွင် သိပ္ပံနှင့်နည်းပညာရပ်များ၏ အံ့မခန်းတိုးတက်ဖြစ်ထွန်းမှုများသည် သက်ဆိုင်ရာပညာရပ်နယ်ပယ်တွင် ရပ်တန့်နေခြင်းမျိုးမဟုတ်ဘဲ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ယဉ်ကျေးမှု၊ ကာကွယ်ရေး စသည့် ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍစုံကို လွှမ်းမိုးကြီးစိုးလာသကဲ့သို့ လူ့ဘောင်အဖွဲ့အစည်း၏ လူမှုစီးပွားရေးဘဝတစ်ခုလုံးကိုပါ ပညာဖြင့် လွှမ်းမိုးကြီးစိုးလျက်ရှိနေသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

ထို့ကြောင့်လည်း ဘက်စုံထူးချွန်ထက်မြက်သော လူ့စွမ်းအားအရင်းအမြစ်များကသာ မိမိနိုင်ငံ၊ မိမိလူမျိုးတိုးတက်ကြီးပွားရေးကို ထိထိရောက်ရောက်စွမ်းဆောင်ပေးနိုင်မည့် အခြေအနေကိုရောက်ရှိနေပြီဟု ဆိုခြင်းဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် မျိုးဆက်သစ်လူငယ်ကျောင်းသူကျောင်းသားများကို ဘက်စုံပညာထူးချွန်ထက်မြက်ပြီး နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားသည့် လူရည်ချွန်များ ဖြစ်လာစေရအောင် ပြုစုပျိုးထောင်ပေးနိုင်ရေး ရည်မှန်းချက်ဖြင့် အမျိုးသားပညာရည်မြင့်မားရေးဆိုင်ရာ ပညာရေးစီမံကိန်းအဆင့်ဆင့်ကို စနစ်တကျရေးဆွဲချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိခြင်းဖြစ်ကြောင်း။

ယနေ့ နိုင်ငံတော်အစိုးရက အဆင့်ဆင့် ရေးဆွဲချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အမျိုးသားပညာရေးစီမံကိန်းများ၏ ထူးခြားလေးနက်သော ဝိသေသလက္ခဏာများမှာ ကျောင်းသူကျောင်းသားများကို ဗဟိုပြုပြီး တစ်ဦးချင်း၏ဝါသနာဗီဇ ထူးချွန်ထက်မြက်မှုနှင့် အောင်မြင်မှုအလားအလာတို့ကိုဖော်ထုတ်လေ့ကျင့်ပျိုးထောင်ပေးမှု၊ ပညာရေးနှင့် လူ့ဘောင်အဖွဲ့အစည်း ဆက်စပ်ပေးပြီး လူ့ဘောင်အဖွဲ့အစည်းကို အကျိုးပြုမည့် နိုင်ငံ့သားကောင်း သမီးမွန်များဖြစ်လာအောင် ပြုစုပျိုးထောင်လေ့ကျင့်ပေးမှု၊ ဘက်စုံထူးချွန်ထက်မြက်ပြီး နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားသကဲ့သို့ မျိုးချစ်စိတ်ဓာတ်၊ ရိုးရာယဉ်ကျေးမှုကို မြတ်နိုးထိန်းသိမ်းသည့် စိတ်ဓာတ်ထက်သန်ပြင်းပြသောလူငယ်များဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးမှုနှင့် အထူးသဖြင့် ကျောင်းသူ ကျောင်းသားများသာမက ဆရာ ဆရာမများ၊ မိဘ ပြည်သူများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ စေတနာရှင်ပြည်သူများ ပူးပေါင်းပါဝင်သည့် ပညာရေးမြှင့်တင်မှုအစီအမံများ တည်ဆောက်ပေးမှု စသည်တို့ပင်ဖြစ်ကြောင်း။

ယနေ့ အခြေခံပညာကဏ္ဍကို ကြည့်မည်ဆိုလျှင် ဆရာ ဆရာမအင်အား ၂၂၆၀၀၀ ကျော်က မြန်မာနိုင်ငံ တစ်နံတစ်လျားတွင် ဖွင့်လှစ်ထားသည့်အခြေခံပညာကျောင်းပေါင်း ၄၀၀၀၀ ကျော်၌ ကျောင်းသားကျောင်းသူ ၇ ဒသမ ၆ သန်းကျော်ကို နှစ်စဉ် ကျောင်းသား ကျောင်းသူတစ်ဦးစီလျှင် သင်ကြားချိန်နာရီ ၇၂၀ မှ ၉၄၅ နာရီအထိ လေ့ကျင့်သင်ကြားပေးလျက်ရှိသည်ကို တွေ့ရကြောင်း၊ ယခုလို နိုင်ငံတော်အတွက် ထုထည်ပမာဏ အကြီးမားအကျယ်ပြန့်ဆုံးဖြစ်သည့် အခြေခံပညာကဏ္ဍသင်ကြားသင်ယူမှု လုပ်ငန်းများကို တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော် အစိုးရချည်းသက်သက် ကြိုးပမ်းဆောင်ရွက်မှုထက် မိဘပြည်သူများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ စေတနာရှင်ပြည်သူများ၏ တက်ကြွသည့် ပူးပေါင်း ပါဝင်ဆောင်ရွက်မှုကြောင့်သာ လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေခြင်းဖြစ်ကြောင်း။

အောင်မြင်မှုအရှိန်အဟုန်ရနေ

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသူနိုင်ငံသားတိုင်း အခြေခံပညာအဆင့်အလိုက် သင်ယူပြီးမြောက်ရေးအတွက် အလေးပေးဆောင်ရွက်နေသကဲ့သို့ ကျောင်းနေအရွယ်မတိုင်မီ မူလတန်းကြို ပညာရေးအပိုင်းကိုလည်း ပိုမိုချဲ့ထွင်ဆောင်ရွက်လျက်ရှိကြောင်း၊ အခြေခံပညာ သင်ရိုးဖွဲ့စည်းမှုအပိုင်းတွင် ထိုးထွင်းကြံဆမှု တီထွင်ဖန်တီးမှုနှင့် ဝေဖန်ပိုင်းခြားမှုစွမ်းရည် မြင့်မားလာစေမည့် အကြောင်းအရာများ၊ နိုင်ငံသားကောင်းများ၊ ကမ္ဘာ့လူရည်မွန်များအဖြစ် တက်လှမ်းနိုင်မည့် အကြောင်းအရာများ၊ လူမှုစီးပွားရေးဘဝနှင့် ချိတ်ဆက်ပြီး သင်ခန်းစာအလိုက် ကျောင်းသူ ကျောင်းသားများ ကိုယ်တိုင် ပါဝင်လုပ်ဆောင် သင်ယူနိုင်မည့် ချည်းကပ်သင်ပြနည်းများ၊ ပတ်ဝန်းကျင်လေ့လာမှုနှင့် သင်ယူတတ်မြောက်ခဲ့သည့် ပညာရပ်များကို လက်တွေ့ဘဝနယ်ပယ်တွင်ချိတ်ဆက်အသုံးပြုနိုင်စေမည့် စစ်ဆေးတိုင်းတာမှုစနစ်များကို ပြုပြင် ပြောင်းလဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အောင်မြင်ဖြစ်ထွန်းမှုများ အရှိန်အဟုန် ရရှိနေပြီလည်းဖြစ်ကြောင်း၊ ထို့အတူ ဤအောင်မြင်ဖြစ်ထွန်းမှုများ၏ အသီးအပွင့်အကျိုးရလဒ်ကောင်းများဖြစ်သည့် ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်လူငယ်များသည်လည်း ဘက်စုံကဏ္ဍစုံတွင် ပေါ်ထွန်းလျက်ရှိနေပြီလည်း ဖြစ်ကြောင်း။

ယနေ့ကျင်းပသည့် ပညာရေးစုံညီပွဲတော်၏ ဆုချီးမြှင့်ပွဲကြီးတွင်ဆိုလျှင်လည်း ဘက်စုံပညာရေးဆိုင်ရာ ကဏ္ဍအသီးသီးက ထူးချွန်ထက်မြက်သည့် ကျောင်းသူ ကျောင်းသားများဖြစ်သော ၂၀၀၃-၂၀၀၄ ပညာသင်နှစ်အတွင်း အခြေခံပညာအထက်တန်းအဆင့် ဒသမတန်းနှင့် အလယ်တန်းအဆင့် အဋ္ဌမတန်းတို့မှ စာပေဘာသာရပ် ထူးချွန်သူများ၊ ကျောင်းလုပ်ငန်းဆောင်ရွက်မှုထူးချွန်သူများ၊ ဘက်စုံပညာထူးချွန်သူများ၊ အဆင့်မြင့်ပညာအဆင့် အင်္ဂလိပ် စာစီစာကုံးပြိုင်ပွဲများနှင့် အင်္ဂလိပ်ဘာသာဖြင့် စကားရည်လုပြိုင်ပွဲများတွင် ထူးချွန်ကြသည့် တက္ကသိုလ်ကျောင်းသူ ကျောင်းသားများ၊ အခြေခံပညာအလယ်တန်းအဆင့် မြန်မာနှင့် နိုင်ငံတကာလူမှုဆက်ဆံရေးထုံးဓလေ့ တတ်ကျွမ်းမှုပြိုင်ပွဲတွင် ထူးချွန်ကြသည့် ကျောင်းသူကျောင်းသားများ၊ ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလုပ်ငန်းဆောင်ရွက်မှု ထူးချွန်ကျောင်းများ၊ ကျောင်းဘင်ခရာတီးပြိုင်ပွဲတွင် ထူးချွန်ကြသည့် ကျောင်းဘင်ခရာ အဖွဲ့များ၊ အရှေ့တောင်အာရှနှင့် နိုင်ငံတကာ အားကစားပြိုင်ပွဲများ၊ စာပေ၊ ပန်းချီ အနုပညာပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုများ ဆွတ်ခူးနိုင်ခဲ့ကြသည့် ကျောင်းသူ ကျောင်းသားများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲများတွင် ထူးချွန်စွာအစွမ်းပြခဲ့ကြသည့် ကျောင်းသူ ကျောင်းသားများကို ဆုများချီးမြှင့်မည်ဖြစ်ခြင်းကြောင့် အလွန်အားရဖွယ်ရာ မြင်ကွင်းပင်ဖြစ်ကြောင်း၊ ထူးချွန်သူများ၏ အောင်ပွဲဟုလည်း ဆိုနိုင်ကြောင်း။

ယခုလို ပညာသင်နှစ်အတွင်း ကဏ္ဍအလိုက် ကြိုးပမ်းစွမ်းဆောင်မှု၏ အသီးအပွင့်ရလဒ်ကောင်းများ ဖြစ်သည့် ဘက်စုံပညာဖွံ့ဖြိုးတိုးတက်မှုများ၊ ကျောင်းသူ ကျောင်းသားများ၏ ထူးချွန်ထက်မြက်မှုများ၊ အားကစား၊ စာပေ၊ရသပညာနှင့် လက်မှုပညာ စွမ်းရည်မြင့်မားမှုများ၊ သတင်းအချက်အလက်နည်းပညာဆိုင်ရာစွမ်းဆောင်မှုများကို ယခုကျင်းပလျက်ရှိသည့် ပညာရေးစုံညီပွဲတော် ကာလတစ်လျှောက်လုံးတွင် အားရဂုဏ်ယူဖွယ် တွေ့မြင်ခဲ့ရပြီးလည်းဖြစ်ကြောင်း။

ယနေ့သည် ပညာရေးစုံညီပွဲတော်နေ့ဖြစ်သည့်အားလျော်စွာ နိုင်ငံတော်တစ်ဝန်းလုံးတွင်ရှိသည့် တက္ကသိုလ်၊ ကောလိပ်များ၊ အခြေခံပညာကျောင်းများတွင် ပညာရေးစုံညီပွဲတော်များကို ညီညာဖြိုးဖြိုးကျင်းပလျက်ရှိကြပြီး စွမ်းရည်ပြပွဲပြိုင်ပွဲများ၊ ထူးချွန်ဆုချီးမြှင့်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများတွင် ပညာရေးဝန်ထမ်းများနှင့် ဆရာ ဆရာမများ၊ မိဘပြည်သူများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ ကျောင်းသားကျောင်းသူများနှင့် ပညာရေးစေတနာရှင်များအားလုံး တပျော်တပါးလက်တွဲဆင်နွှဲနေကြလိမ့်မည်ဟုလည်း မျှော်မှန်းပြီး ဝမ်းသာအားရဖြစ်မိကြောင်း၊ ယင်းပညာရေးစုံညီပွဲတော်များတွင် သက်ဆိုင်ရာကျောင်းအလိုက် ရှေ့ဆက်အကောင်အထည်ဖော်ရမည့်လုပ်ငန်းများကိုလည်း တက်ညီလက်ညီ အင်တိုက်အားတိုက်ဆွေးနွေးဆောင်ရွက်နေကြမှာလည်း အမှန်ပင်ဖြစ်ကြောင်း။

ယခုလို ပညာရေးစုံညီပွဲတော်များတွင် မိမိတို့၏သားသမီးရင်သွေးငယ်များဖြစ်ကြသည့် ကျောင်းသူကျောင်းသားလူငယ်များ၏ ဘက်စုံထူးချွန်ထက်မြက်မှုစွမ်းပကားကို မျက်ဝါးထင်ထင် တွေ့မြင်နေရသည့်မိဘများအနေဖြင့်လည်း မိမိတို့ရင်နှစ်သည်းချာသားသမီးများအတွက် အားတက်ဂုဏ်ယူဖွယ်မဆုံးဖြစ်ကြမှာ အမှန်ပင်ဖြစ်ကြောင်း၊ ထို့အပြင် မိဘပြည်သူများ၊ ဆရာ ဆရာမများဘက်က ဝိုင်းဝန်းကူညီပံ့ပိုးပေးဖွယ်ရာ အရေးအရာကိစ္စရပ်များကို ဆွေးနွေးတိုင်ပင်ခွင့်ရရှိကြမှာဖြစ်ခြင်းကြောင့်အမျိုးသားပညာရေးစီမံကိန်းများ အောင်မြင်ဖြစ်ထွန်းရေးအတွက် တန်ဖိုးမဖြတ်နိုင်သည့် အကြံကောင်းဉာဏ်ကောင်းများ၊ ရှေ့ဆက်ဆောင်ရွက်ကြမည့်ကောင်းမြတ်သည့်အစီအမံတွေ ပေါ်ထွန်းလာမှာမလွဲဘူးဟု ယုံကြည်ထားကြောင်း ပြောကြားလိုကြောင်း၊ ယင်းအကြံကောင်းဉာဏ်ကောင်း အစီအမံကောင်းများကို လက်တွေ့ အကောင်အထည်ပေါ်ဖြစ်ထွန်းလာသည်အထိ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြပါဟုလည်း တာဝန်ရှိသူများကို တစ်ဆက်တည်း တိုက်တွန်းပြောကြားလိုကြောင်း။

ယနေ့ ထူးချွန်ဆုရရှိကြသည့် ကျောင်းသူကျောင်းသားလူငယ်များအနေဖြင့်လည်း နိုင်ငံတော်နှင့် စေတနာရှင်မိဘပြည်သူများ၏ ဂုဏ်ပြုချီးမြှင့်မှုများကို ထိုက်ထိုက်တန်တန်ခံယူပြီး ပိုမိုပြီးထူးချွန်ထက်မြက်သည်ထက် ထူးချွန်ထက်မြက်အောင် လုံ့လဝီရိယအားစိုက်ပြီး ဆက်လက် ကြိုးစားအားထုတ်သွားကြရန်နှင့် မိမိတို့၏ ထူးချွန်ထက်မြက်မှု စွမ်းပကားကို အဟောသိကံမဖြစ်စေဘဲ အနာဂတ်ကာလတွင် မိမိနိုင်ငံ၊ မိမိလူမျိုး၏ အကျိုးစီးပွားဖော်ဆောင်မြှင့်တင်ရေးအတွက် တန်ဖိုးရှိ ထိုက်တန်စွာ အသုံးချသွားကြမည်ဆိုသည့် သန္နိဋ္ဌာန်စိတ်ဖြင့် ကြိုးစားကြရန် မှာကြားလိုကြောင်း။

ယနေ့အချိန်အခါလို နိုင်ငံတော်အစိုးရ၊ မိဘပြည်သူ၊ ဆရာ ဆရာမများနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ ကျောင်းသူကျောင်းသားများအားလုံး တစ်စိတ်တည်း တစ်ဝမ်းတည်း လက်တွဲပူးပေါင်းကြိုးပမ်းဆောင်ရွက်ခဲ့ကြ၍ အမျိုးသားပညာရည်မြင့်မားရေးမျှော်မှန်းချက်များ အောင်မြင်ဖြစ်ထွန်းမှုအရှိန်အဟုန်ရရှိနေပြီဖြစ်သည့်အခြေအနေအချိန်အခါကောင်းတွင် **"ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့"**ဆိုသည့် ပညာရေးဆောင်ပုဒ်နှင့်အညီ ပညာရေးဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသူကျောင်းသားများနှင့် မိဘပြည်သူများအားလုံးက ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးပေါ်ထွန်းလာသည်အထိ ပညာရေးကဏ္ဍက တက်ညီလက်ညီ ပူးပေါင်းပါဝင်အကောင်အထည်ဖော်ဆောင်ရွက်သွားကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

တက်ညီလက်ညီပူးပေါင်း

နိဂုံးချုပ်အနေဖြင့်ပြောကြားလိုသည်မှာ-

- **ထူးချွန်ဆုရကျောင်းသား ကျောင်းသူများအနေဖြင့် အနာဂတ်ကာလတွင် နိုင်ငံတော်က အားထားရမည့် အသိပညာရှင်၊ အတတ်ပညာရှင်များအဖြစ် ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးကို တည်ဆောက် ကာကွယ်နိုင်သူများ ဖြစ်လာစေရအောင် ကြိုးပမ်းစွမ်းဆောင်သွားကြပါ၊**
- **ပညာရေးကဏ္ဍ တာဝန်ရှိသူများ၊ ပညာရေးဝန်ထမ်းများ၊ ဆရာဆရာမများအနေဖြင့်လည်း ပညာရေးစီမံကိန်း လုပ်ငန်းစဉ်များနှင့်အညီ ကျောင်းသူ ကျောင်းသားလူငယ်များကို ထူးချွန်ထက်မြက်သည့် နိုင်ငံ့သားကောင်းသမီးမွန်များ၊ ကမ္ဘာ့လူရည်မွန်များ၊ ဘက်စုံပညာပြည့်ဝသူများ၊ အသိပညာရှင်များ၊ အတတ်ပညာရှင်များအဖြစ် ဖြစ်ထွန်းလာစေရအောင် လေ့ကျင့် ပျိုးထောင်ပေးကြပါ၊**
- **မိဘပြည်သူများ၊ ပညာရေးစေတနာရှင်များအနေဖြင့်လည်း တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးအတွက် အပြန်အလှန်နားလည်မှုသဘောထားဖြင့် ပညာရေးဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် အပြည့်အဝပူးပေါင်းပြီး တက်ညီလက်ညီ ပါဝင်ကူညီပံ့ပိုးပေးကြပါ**

ဟု အလေးအနက် တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က ထူးချွန်ဆုချီးမြှင့်ပွဲ ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ၁၉၉၈-၉၉ ပညာသင်နှစ်ကစတင်ပြီး နှစ်စဉ် ဇန်နဝါရီ ၃ ရက်ကို ပညာရေးစုံညီပွဲတော်နေ့အဖြစ် သတ်မှတ်ကျင်းပခဲ့ရာတွင် ယနေ့ဆိုလျှင် ဆဋ္ဌမအကြိမ်မြောက် ပညာရေးစုံညီပွဲတော်နေ့အဖြစ် အခြေခံပညာကျောင်းပေါင်း ၄၀၁၂၂ကျောင်းတွင်ရှိသည့် ကျောင်းသား ကျောင်းသူများ၏ စွမ်းရည်ပြပွဲ၊ ပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများ၊ ထူးချွန်ဆုချီးမြှင့်ပွဲများ ကျင်းပဆင်နွှဲနေကြပြီဖြစ်သကဲ့သို့ ကျောင်းသား ကျောင်းသူများ၏ ဘက်စုံပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးဖြည့်ဆည်းပေးရန်လိုအပ်သည့် ပညာရေးလုပ်ငန်းများကိုလည်း ဆရာ ဆရာမများနှင့် မိဘပြည်သူများရင်နှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်း ဆောင်ရွက်နေကြပြီဖြစ်ကြောင်း၊ ပြည်နယ်၊ တိုင်းနှင့်မြို့နယ်အဆင့်များတွင်လည်း ပညာရေးစုံညီပွဲတော်၊ ပြပွဲ၊ ပြိုင်ပွဲနှင့် ထူးချွန်ဆုချီးမြှင့်ပွဲများကို တစ်ပြိုင်တည်းကျင်းပနေကြပြီဖြစ်ကြောင်း။

မန္တလေးမြို့တွင်လည်း ဗဟိုအဆင့် ပညာရေးစုံညီပွဲတော်ကို ၂၀၀၃ခုနှစ် ဒီဇင်ဘာ၂၉ရက်မှ ယနေ့အထိကျင်းပလျက်ရှိကြောင်း။

ဂုဏ်ပြုတင်ပြ

အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀) နှစ်ရှည်စီမံကိန်း ပထမနှစ်တို ငါးနှစ်စီမံကိန်း၏ တတိယနှစ်ဖြစ်သည့် ၂၀၀၃-၂၀၀၄ ပညာသင်နှစ်အတွင်း ထူးခြားစွာ တိုးတက်ဆောင်ရွက်ခဲ့သည့် ပညာရေးလုပ်ငန်းများကို ဂုဏ်ပြုတင်ပြသွားမည်ဖြစ်ကြောင်း။

၂၀၀၃ခုနှစ် မေလဆန်းပိုင်းတွင် အဆင့်မြင့်ပညာကဏ္ဍနှင့် အခြေခံပညာကဏ္ဍအလိုက် အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲများကျင်းပခဲ့ပြီး ၂၀၀၃-၂၀၀၄ပညာသင်နှစ်တွင် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံချက်လုပ်ငန်းရပ်များကို ချမှတ်ပေးနိုင်ခဲ့ကြောင်း။

ကျောင်းအနေရွယ် ကလေးအားလုံး ကျောင်းနေရေး စီမံချက်အရ ဗဟိုအဆင့်မှ ကျေးရွာ၊ ကျောင်းအဆင့်အထိ ကျောင်းနေရေး ကော်မတီအဆင့်ဆင့်ကို ဒေသအာဏာပိုင်များ၊

စာမျက်နှာ ၁၂ ကော်လံ ၁ သို့

သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များဆက်ကပ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
အမိန့်ကြော်ငြာစာ
အမှတ်၊ ၁/၂၀၀၄

၁၃၆၅ခုနှစ်၊ ပြာသိုလဆန်း ၁၃ရက်
(၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ ၄ရက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဆရာတော်ကြီးများ၊ ဂန္ထဓုရပရိယတ္တိဝန်ဆောင် စာချဆရာတော်များ ဝိပဿနာဓုရပဋိပတ္တိဝန်ဆောင်ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်း ပြည်ပ သာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ် တော်များကို ဆပ်ကပ်လှူဒါန်း အပ်နှင်းလိုက်ပါသည်-

အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တသဇ္ဇနာဘိဝံသ သဇ္ဇနောဒယကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။
၂။ ဘဒ္ဒန္တသာသနာဘိဝံသ ရွှေဝါဝင်းကျောင်း၊ မြတောင်တိုက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း။
၃။ ဘဒ္ဒန္တသြသဓာဘိဝံသ ပုဏ္ဏမာရာမဈေးကျောင်းတိုက်၊ ညောင်တုန်းမြို့၊ ဧရာဝတီတိုင်း။

အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တကုဏ္ဍလ အရှေ့လယ်တီတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။
၂။ ဘဒ္ဒန္တဝဇီရဉာဏ မင်းကျောင်း၊ ဖြူးမြို့၊ ပဲခူးတိုင်းအရှေ့။
၃။ ဘဒ္ဒန္တဝိမလာဘိဝံသ အောင်မြေသာယာဝန်မင်းကျောင်းတိုက်၊ ရေစကြိုမြို့၊ မကွေးတိုင်း။
၄။ ဘဒ္ဒန္တဝိစိတ္တာဝံသ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း။
၅။ ဘဒ္ဒန္တဉာဏိန္ဒ မူလဆီးဘန်နီကျောင်းတိုက်၊ သီတာအေးရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း။
၆။ ဘဒ္ဒန္တနန္ဒောဘာသာဘိဝံသ သာသနာ့မူလိကာရာမကျောင်းသစ်စာသင်တိုက်၊ တောင်သာမြို့၊ မန္တလေးတိုင်း။
၇။ ဘဒ္ဒန္တကေသဝ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ ဒေါနဘွားရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။
၈။ ဘဒ္ဒန္တသီလာစာရ ပဲခူးပရိယတ္တိစာသင်တိုက်၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။
၉။ ဘဒ္ဒန္တစက္ကိန္ဒာဘိဝံသ နဂါးပရိယတ္တိစာသင်တိုက် အနောက်ပိုင်းရပ်ကွက်၊ ကျောက်ဖြူမြို့၊ ရခိုင်ပြည်နယ်။
၁၀။ ဘဒ္ဒန္တရဋ္ဌသာရ မင်္ဂလာရာမကျောင်းတိုက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်း။
၁၁။ ဘဒ္ဒန္တဓမ္မာနန္ဒ စစ်ကိုင်းစာသင်တိုက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၁၂။ ဘဒ္ဒန္တအဂ္ဂဝံသ ဓဇ္ဇဝန်ကျောင်းတိုက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်း။
၁၃။ ဘဒ္ဒန္တဂန္ဓမာလာဘိဝံသ အလယ်တောရစံပြကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၁၄။ ဘဒ္ဒန္တအာဒိစ္စ ကိုးလုံးထွင်းဓမ္မာရုံကျောင်းတိုက်၊ မှော်ဘီမြို့၊ ရန်ကုန်တိုင်း။
၁၅။ ဘဒ္ဒန္တအရိယဝံသ အလိုတော်ပြည့်ကျောင်းတိုက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်း။
၁၆။ ဘဒ္ဒန္တနန္ဒသာမိဘိဝံသ ကန်ဦးဇေတဝန်ကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၁၇။ ဘဒ္ဒန္တကေသဝ ဟံသာဝတီကျောင်း၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်း။

ပြည်ပဆရာတော်

၁၈။ ဘဒ္ဒန္တဘောယာဂမဝိမလသိရီ(Ven.Boya gama Wimalasiri Maha Nayaka Thero)ဇေယျတိလကာရာမကျောင်းတိုက်၊ သီရိလင်္ကာနိုင်ငံ။

မဟာဓမ္မကထိကဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တခေမာသိရီလင်္ကာရ ရွှေကျောင်း၊ စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

ဓမ္မကထိကဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တပညာနန္ဒ သဒ္ဓမ္မသီတဂူကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။
၂။ ဘဒ္ဒန္တဣန္ဒက သီရိမင်္ဂလာမဟာစည်ရိပ်သာ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ရန်ကုန်တိုင်း။

အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တဓမ္မဓဇ သုဝဏ္ဏဂိရိ တိုင်တရာကျောင်း၊ ဘုရားသုံးဆူမြို့၊ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကရင်ပြည်နယ်။
၂။ ဘဒ္ဒန္တဉာဏိဿရ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊စစ်ကိုင်းမြို့၊စစ်ကိုင်းတိုင်း။
၃။ ဘဒ္ဒန္တသီရိန္ဒ ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။
၄။ ဘဒ္ဒန္တမာဃိန္ဒ မြို့မပရိယတ္တိစာသင်တိုက်၊ အင်းတော်မြို့၊ စစ်ကိုင်းတိုင်း။
၅။ ဘဒ္ဒန္တဇဝန အောင်မြင်ဇေယျာစာသင်တိုက်၊ တောင်ငူမြို့၊ ပဲခူးတိုင်း(အရှေ့ပိုင်း)။
၆။ ဘဒ္ဒန္တလက္ခဏ မဟာပညာ့ဗိမာန်ကျောင်း၊ ရွှေကျင်မြို့၊ ပဲခူးတိုင်း(အရှေ့ပိုင်း)။
၇။ ဘဒ္ဒန္တသူရိယ ဥဿာသီရိစာသင်တိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း(အရှေ့ပိုင်း)။
၈။ ဘဒ္ဒန္တနန္ဒောဘာသာဘိဝံသ ဝိသုဒ္ဓါရုံဗာရာဏသီကျောင်းတိုက်၊ ပြည်မြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)။
၉။ ဘဒ္ဒန္တသုမင်္ဂလ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ မကွေးမြို့၊ မကွေးတိုင်း။
၁၀။ ဘဒ္ဒန္တလာဘ စိတ္တပါလဂူကျောင်း၊ ကျောက်ပန်းတောင်းမြို့၊ မန္တလေးတိုင်း။
၁၁။ ဘဒ္ဒန္တကောဝိဒ မဟာသန္တာရုံကျောင်းတိုက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။
၁၂။ ဘဒ္ဒန္တဥတ္တမ မဟာဝိသုတာရုံကျောင်းတိုက်၊ စဉ့်ကူးရွာ၊ ညောင်ဦးမြို့နယ်၊ မန္တလေးတိုင်း။
၁၃။ ဘဒ္ဒန္တကေသရ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။
၁၄။ ဘဒ္ဒန္တဉာဏောသူရိယ ဓမ္မမေဒနီကျောင်း၊ သထုံမြို့၊ မွန်ပြည်နယ်။
၁၅။ ဘဒ္ဒန္တသုမနာဘိဝံသ နတ်မှော်ကျောင်းတိုက်၊ မော်လမြိုင်မြို့၊မွန်ပြည်နယ်။
၁၆။ ဘဒ္ဒန္တကေသဝါဘိဝံသ မဟာအောင်မြေဘုံကျော်ကျောင်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၁၇။ ဘဒ္ဒန္တကောသလ္လ အောင်မင်္ဂလာတိုက်သစ်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်း။
၁၈။ ဘဒ္ဒန္တဇေကပဏ္ဍိတပြာသာဒ်ကျောင်းတိုက်၊ ဒေါပုံမြို့နယ်၊ရန်ကုန်တိုင်း။
၁၉။ ဘဒ္ဒန္တပညောဘာသ ကိုင်းကုန်းကျောင်းတိုက်၊ ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်း။
၂၀။ ဘဒ္ဒန္တဥတ္တရ တေဇိန္ဒာရာမကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၂၁။ ဘဒ္ဒန္တကုမုဒ မြို့ဦးစာသင်တိုက်၊ တာမွေမြို့နယ်၊ရန်ကုန်တိုင်း။
၂၂။ ဘဒ္ဒန္တဝိနယာစာရ မဟာဝိနယာရာမကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်း။
၂၃။ ဘဒ္ဒန္တဇနိတ မဟာသန္တိသုခကျောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်း။
၂၄။ ဘဒ္ဒန္တဥတ္တမ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၂၅။ ဘဒ္ဒန္တကောဏ္ဍည ပဋ္ဌာနမာရုံပါဠိတက္ကသိုလ်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၂၆။ ဘဒ္ဒန္တကောသလ္လ ပဋ္ဌနိကာယသာသနာ့ဗိမာန်ကျောင်းတိုက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်း။
၂၇။ ဘဒ္ဒန္တဝေရောစန ဇေယျသိဒ္ဓိကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၂၈။ ဘဒ္ဒန္တသုစိတ္တ နေနတ်သား စာသင်တိုက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်း။
၂၉။ ဘဒ္ဒန္တပညာသိဟာဘိဝံသ သိရီဂုဏ်ဝေဓမ္မဗိမာန်ကျောင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ရန်ကုန်မြို့နယ်၊ ရန်ကုန်တိုင်း။
၃၀။ ဘဒ္ဒန္တဝေပုလ္လ သဒ္ဓမ္မပါလကျောင်းတိုက်၊ ကျောက်မဲမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။
၃၁။ ဘဒ္ဒန္တကုသလ တိုက်သစ်ပဋ္ဌောတာရုံကျောင်း၊ မြောင်းမြမြို့၊ ဧရာဝတီတိုင်း။
၃၂။ ဘဒ္ဒန္တဝေပုလ္လ မဟာပုညာရာမထန်းပင်ကျောင်း၊ ဖျာပုံမြို့၊ ဧရာဝတီတိုင်း။

သီလရှင်ဆရာကြီးများ

၃၃။ ဒေါ်သုမာလာ စိတ္တသုခချောင်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။
၃၄။ ဒေါ်ဝဏ္ဏေသီ ခေမေသကချောင်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။
၃၅။ ဒေါ်နိမ္မလဉာဏီ အေးသီတာချောင်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။
၃၆။ ဒေါ်ကာရုဏိကာ ခေမာသီရိစာသင်တိုက်၊ မကွေးမြို့၊ မကွေးတိုင်း။

မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တနာဂိန္ဒ မြို့မကျောင်း၊ ရွှေကူမြို့၊ ကချင်ပြည်နယ်။
၂။ ဘဒ္ဒန္တဥာဏိက သာသနရက္ခိတပရိယတ္တိစာသင်တိုက်၊ တလန်လုရပ်ကွက်၊ ဖလမ်းမြို့၊ ချင်းပြည်နယ်။
၃။ ဘဒ္ဒန္တပညာဇောတ ပိဋကတ်စာသင်တိုက်၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်း။
၄။ ဘဒ္ဒန္တဝါသေဋ္ဌ သဒ္ဓမ္မပဋ္ဌောတာရုံကျောင်း၊ မြင်းမူမြို့၊ စစ်ကိုင်းတိုင်း။
၅။ ဘဒ္ဒန္တဣန္ဒာဝုဓ သီတဂူပရိယတ္တိစာသင်တိုက်၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်း။
၆။ ဘဒ္ဒန္တတိလောက ကော့လိပ်ကုက္ကိုကျောင်း၊ မြိတ်မြို့၊ တနင်္သာရီတိုင်း။
၇။ ဘဒ္ဒန္တဝိပုလ ဦးဆင်ကြီးကျောင်းတိုက်၊ ပြွန်တန်ဆာ၊ ပဲခူးတိုင်းအရှေ့ပိုင်း။
၈။ ဘဒ္ဒန္တသောဘနာဘိဝံသ ဘာဝနာပရိယတ္တိစာသင်တိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း(အရှေ့ပိုင်း)။
၉။ ဘဒ္ဒန္တပါရဂူပဏ္ဍိတ သီတာရုံစာသင်တိုက်၊ တောင်ငူမြို့၊ ပဲခူးတိုင်း(အရှေ့ပိုင်း)။
၁၀။ ဘဒ္ဒန္တပါမောက္ခပဏ္ဍိတ သာသနာ့ရောင်ခြည်ကျောင်းတိုက်၊ သက္ကလမြို့၊ ကဝမြို့နယ်၊ ပဲခူးတိုင်း(အရှေ့ပိုင်း)။
၁၁။ ဘဒ္ဒန္တကုသလ မင်းဖူးကျောင်းတိုက်၊ ဆံတော်ရပ်၊ ပြည်မြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)။
၁၂။ ဘဒ္ဒန္တကောဏ္ဍည တိုက်ကျောင်းပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ကြို့ပင်ကောက်မြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)။
၁၃။ ဘဒ္ဒန္တပညာဝံသ ပြည်တော်သာစာသင်တိုက်၊ မကွေးမြို့၊ မကွေးတိုင်း။
၁၄။ ဘဒ္ဒန္တကုဏ္ဍလ ရွှေစေတီကျောင်းတိုက်၊ ပွင့်ဖြူမြို့၊ မကွေးတိုင်း။
၁၅။ ဘဒ္ဒန္တသီဟ မဟာဝိသုတာရာမကျောင်းတိုက်၊ ပခုက္ကူမြို့၊ မကွေးတိုင်း။
၁၆။ ဘဒ္ဒန္တနာဂဝံသ ဘဏ္ဍာစိုးကျောင်း ရွှေရေးဆောင်တိုက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်း။
၁၇။ ဘဒ္ဒန္တအာဒိစ္စဝံသ ဝဲကြီးစာသင်တိုက်၊ တပ်ကုန်းမြို့နယ်၊ မန္တလေးတိုင်း။
၁၈။ ဘဒ္ဒန္တဝိစိတ္တ မင်းကျောင်းစာသင်တိုက်၊ မြစ်သားမြို့၊ မန္တလေးတိုင်း။
၁၉။ ဘဒ္ဒန္တကိတ္တိဓြဇဝံသ ရတနာပုံတောရစာသင်တိုက်၊ လယ်ဝေးမြို့၊ မန္တလေးတိုင်း။
၂၀။ ဘဒ္ဒန္တပညာသိရီ ပခုက္ကူကျောင်းသစ်၊ ကိုးဆောင်တိုက်၊ မြင်းခြံမြို့၊ မန္တလေးတိုင်း။
၂၁။ ဘဒ္ဒန္တအာသဘ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။
၂၂။ ဘဒ္ဒန္တဉာဏိန္ဒ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။
၂၃။ ဘဒ္ဒန္တသြဘာသ စောင်းတန်းကျောင်း၊ လမိုင်းရွာ၊ ရေးမြို့နယ်၊ မွန်ပြည်နယ်။
၂၄။ ဘဒ္ဒန္တခေမာစာရ ဆင်ဖြူကျောင်းတိုက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။
၂၅။ ဘဒ္ဒန္တကုမာရ မင်္ဂလာသာရဒီပကျောင်း၊ တရနာကျေးရွာ၊ ကျိုက်မရောမြို့နယ်၊ မွန်ပြည်နယ်။
၂၆။ ဘဒ္ဒန္တသုမန သဒ္ဒမ္မဇောတိကာရာမကျောင်း၊ နန်းခဲရပ်၊ သထုံမြို့၊ မွန်ပြည်နယ်။
၂၇။ ဘဒ္ဒန္တသောမ ဓမ္မာသုခကျောင်းတိုက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်။
၂၈။ ဘဒ္ဒန္တစရဏ မြို့မပရိယတ္တိစာသင်တိုက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်။
၂၉။ ဘဒ္ဒန္တကုဏ္ဍလ ဓမ္မိကာရုံပါဠိတက္ကသိုလ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်း။
၃၀။ ဘဒ္ဒန္တယုဇနာဘိဝံသ နန္ဒဝန်ပါဠိတက္ကသိုလ်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်း။
၃၁။ ဘဒ္ဒန္တပဏ္ဍိတ အောင်ပင်လယ်ကျောင်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း။
၃၂။ ဘဒ္ဒန္တကောဝိဒ၊ နန်းတော်ကုန်းကျောင်း၊ တွံတေးမြို့၊ ရန်ကုန်တိုင်း။
၃၃။ ဘဒ္ဒန္တသုမင်္ဂလ မင်္ဂလာအေးကျောင်းတိုက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ ရန်ကုန်တိုင်း။
၃၄။ ဘဒ္ဒန္တဝိဝေက နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၃၅။ ဘဒ္ဒန္တဥတ္တမာဘိဝံသ မဟာဂန္ဓာရုံကျောင်းတိုက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ ရန်ကုန်တိုင်း။
၃၆။ ဘဒ္ဒန္တဝိသုတာဘိဝံသ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ မရမ်းကုန်း မြို့နယ်၊ ရန်ကုန်တိုင်း။
၃၇။ ဘဒ္ဒန္တပညာသာမိ ဇေယျာပူရပရိယတ္တိစာသင်တိုက်၊ စံချိန်မီရပ်ကွက်၊ ကျောက်တန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၃၈။ ဘဒ္ဒန္တတေဇနိယ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၃၉။ ဘဒ္ဒန္တဂရုဝံသာဘိဝံသ ဓမ္မဝိဟာရပဋ္ဌမကျော်စာသင်တိုက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၄၀။ ဘဒ္ဒန္တနာဂိတ ရွှေပြည်သာကျောင်းတိုက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်း။
၄၁။ ဘဒ္ဒန္တစန္ဒောဘာသ မိုင်းသောက်တောရကျောင်း၊ ညောင်ရွှေမြို့၊ ရှမ်းပြည်နယ် (တောင်ပိုင်း)။
၄၂။ ဘဒ္ဒန္တဝိဇယ သာသနာ့ဝေပုလ္လပရိယတ္တိစာသင်တိုက်၊ ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)။
၄၃။ ဘဒ္ဒန္တဥတ္တမ ဇမ္ဗူအေးစေတီတပ်ဦးကျောင်း၊ လားရှိုးမြို့၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)။
၄၄။ ဘဒ္ဒန္တသုဇာတ အောင်မြေဘုံသာကျောင်း၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်း။
၄၅။ ဘဒ္ဒန္တဝေပုလ္လ မြစ်ကွေ့စာသင်တိုက်၊ ဟင်္သာတမြို့၊ ဧရာဝတီတိုင်း။

သီလရှင်ဆရာကြီးများ

၄၆။ ဒေါ်မာလာရီ သိရိမဟာမြိုင်ပရိယတ္တိ သီလရှင်ကျောင်း၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်း။
၄၇။ ဒေါ်သုစာရီ သာသနမဥ္ဇူယင်းမာမြိုင်သီလရှင်စာသင်တိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။
၄၈။ ဒေါ်စန္ဒာရီ သီရိစန္ဒာရုံသီလရှင်စာသင်တိုက်၊ မကွေးမြို့၊ မကွေးတိုင်း။
၄၉။ ဒေါ်ခေမာစာရီ ဓမ္မဝိဟာရီသီလရှင်စာသင်တိုက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။
၅၀။ ဒေါ်ဉာဏဝတီ ခေမာသီရိသီလရှင်ကျောင်း၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။
၅၁။ ဒေါ်ဉာဏောဘာသီ သမိဒ္ဓေါဒယမော်လမြိုင်သီလရှင်ကျောင်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၅၂။ ဒေါ်သုဓမ္မစာရီ သာသနမဉ္ဇရီကျောင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း။
၅၃။ ဒေါ်သာရမတီ သီရိဇေယျာစာသင်တိုက်၊ ညောင်ရွှေမြို့၊ ရှမ်းပြည်နယ် (တောင်ပိုင်း)။

ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တနန္ဒောဘာသ အောင်မြေသာယာကျောင်းတိုက်၊ လှိုင်းဘွဲ့မြို့၊ ကရင်ပြည်နယ်။
၂။ ဘဒ္ဒန္တဇဋိလ မြို့မသာသနာပြုစာသင်တိုက်၊ ပြည်တော်သာရပ်၊ ဟားခါးမြို့၊ ချင်းပြည်နယ်။
၃။ ဘဒ္ဒန္တကေသဝ ဘုရားငါးဆူကျောင်းတိုက်၊ မြိတ်မြို့၊ တနင်္သာရီတိုင်း။
၄။ ဘဒ္ဒန္တအာသဘ ဇေတဝန်ပရိယတ္တိစာသင်တိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း(အရှေ့ပိုင်း)။
၅။ ဘဒ္ဒန္တနေမိန္ဒ သာသနာ့မဏ္ဍိုင်ကျောင်းတိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း(အရှေ့ပိုင်း)။
၆။ ဘဒ္ဒန္တသောဘိတ နန်းဦးစာသင်တိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း(အရှေ့ပိုင်း)။
၇။ ဘဒ္ဒန္တပါမောက္ခ မဟာဗောဓိကျောင်းတိုက်၊ ကျောက်တန်းရွာ၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်း(အရှေ့ပိုင်း)။
၈။ ဘဒ္ဒန္တပဏ္ဍိတ အောင်မြေသာယာကျွန်းတောကျောင်းတိုက်၊ ရွာဘဲရပ်၊ ပြည်မြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)။
၉။ ဘဒ္ဒန္တဇဋိလ မြို့ကင်းသာတောင်ကျောင်း၊ ဂန့်ဂေါမြို့၊ မကွေးတိုင်း။
၁၀။ ဘဒ္ဒန္တကုဏ္ဍလ ဖျောက်ဆိပ်ပင်ကျောင်းတိုက်၊ လက်ပံတုံးရွာ၊နတ်မောက်မြို့နယ် မကွေးတိုင်း။
၁၁။ ဘဒ္ဒန္တကဥ္စန ရှစ်မျက်နှာကျောင်းတိုက်၊ မလှိုင်မြို့၊ မန္တလေးတိုင်း။
၁၂။ ဘဒ္ဒန္တပညာသာမိ ရွှေအင်းရိပ်သာစာသင်တိုက်၊ တပ်ကုန်းမြို့၊ မန္တလေးတိုင်း။

(ဆက်လက်ဖော်ပြပါမည်)

ရန်ကုန်တိုင်း မှော်ဘီမြို့နယ်
ညောင်နှစ်ပင်ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရေးနှင့်
ကြက်/ငါးမွေးမြူရေးအထူးဇုန်ကြီးကြပ်မှုကော်မတီ
ကြေညာချက်

၁။ စိုက်ပျိုးမြေ ငါးဧက တစ်ယူနစ်အခမဲ့ပေးမည်။

၂။ ကိုယ့်အားကိုယ်ကိုး ဂဝံခင်းလမ်း၊လျှပ်စစ်မီးနှင့် ရေပြွန်ပေါက်ပြုလုပ်ရန် တစ်ယူနစ်လျှင် ကျပ် ၆၇၀၀၀၀ ပေးသွင်းရမည်။

၃။ စားဖိုဆောင်သီးနှံနှင့် ဟင်းသီးဟင်းရွက်၊ ကြက်၊ငါးများကိုသာ စိုက်ပျိုးမွေးမြူရမည်။

၄။ နှစ်ရှည်ပင်အား ခြံစည်းရိုးပတ်လည်တွင်သာ စိုက်နိုင်သည်။ အကွက်အလယ်၌ လုံးဝမစိုက်ရ။ ခြံစည်းရိုးတွင် ဆူးပုပ်၊ ကင်ပွန်းချဉ်၊ သပြေ၊ ပေါက်ပန်းဖြူ၊ ပြည်ပန်းညို၊ ဒန့်သလွန်၊ ကြောင်လျှာ၊ သံပရာ၊ ရှောက်၊ ကျွဲကော၊ လိမ္မော်၊ ကွမ်းသီး၊ အုန်း၊ ငှက်ပျော၊ သင်္ဘော စသည့်အပင်လတ်အုပ်စုများကိုသာ စိုက်ရမည်။

၅။ စည်းကမ်းနှင့်အညီ စနစ်တကျစိုက်ပျိုးနေသည့်ကာလပတ်လုံး ရာသက်ပန် လုပ်ကိုင်ခွင့်ပေးမည်။ (၅၀ ရာခိုင်နှုန်း)ပြည့်အောင်မစိုက်ပါက လုပ်ပိုင်ခွင့် ရုပ်သိမ်းမည်။ ငွေပြန်မအမ်းပါ။

၆။ ဇုန်ကြီးကြပ်ရေးကော်မတီ၏အစီအစဉ်ဖြင့် ညှိနှိုင်းသည့်ကိစ္စမှအပ သီးနှံနှင့် ကြက်၊ငါးများကို ပြည်တွင်း ပြည်ပသို့ လွတ်လပ်စွာ ရောင်းချနိုင်သည်။

၇။ စဉ်ဆက်မပြတ် ငါးနှစ်စိုက်ပျိုးပြီး လုပ်ကိုင်ခွင့်ပြောင်းလဲလိုပါက တည်ဆဲမြေယာဥပဒေများနှင့်အညီ ပြောင်းလဲချထားခွင့်ပြုမည်။

၈။ နိုင်ငံခြားသားအား ရောင်းချခြင်း၊ မည်သည့်နည်းနှင့်မျှ ပိုင်ဆိုင်ခွင့်ပေးခြင်း ခွင့်မပြု**(မပြု)**။

၉။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆက်စပ်သည့် စက်မှုလက်မှုလုပ်ငန်းများ ဆောင်ရွက်ခွင့်လျှောက်ထားပါက စိစစ်ခွင့်ပြုပေးမည်။

၁၀။ တစ်ဦးလျှင် အနည်းဆုံး တစ်ယူနစ် ငါးဧကမှ အများဆုံး နှစ်ယူနစ် ၁၀ ဧကအထိ လုပ်ကိုင်ခွင့်ချထားပေးမည်။

၁၁။ ဇုန်သက်တမ်းသုံးနှစ်အတွင်း စိုက်ပျိုးရေးလုပ်ငန်း ၇၆၇၁ ဧက၊ ကြက် မွေးမြူရေးလုပ်ငန်း ၁၉၈၃ ဧက၊ ငါးမွေးမြူရေးလုပ်ငန်း ၇၈၃ဧက၊ စက်မှုလုပ်ငန်း ၁၅၅ ဧက စုစုပေါင်း ၁၀၅၉၂ ဧက ခွင့်ပြုချထားပေးပြီးဖြစ်သည်။

၁၂။ ယနေ့အထိ အသားစားကြက်ကောင်ရေ ခြောက်သိန်းကျော်၊ ဥစားကြက်ကောင်ရေ တစ်သိန်းကျော် စုစုပေါင်း ကြက်ကောင်ရေ ခုနစ်သိန်းကျော် မွေးမြူထုတ်လုပ် အောင်မြင်လျက်ရှိသည်။

၁၃။ ရန်ကုန်–ပြည်လမ်းဘက်မှဇုန်အဝင် ကတ္တရာလမ်းငါးမိုင်၊ ရန်ကုန်– ပဲခူးလမ်းဘက်မှဇုန်အဝင် ကွန်ကရစ်လမ်းမကြီး လေးမိုင်၊ ဇုန်အတွင်း မြေသား ဂဝံလမ်း ၁၀၈ မိုင် ဖောက်လုပ်ပေးပြီးဖြစ်သည်။

၁၄။ (၁၁)ကေဗွီအဓာတ်အားလိုင်း၂၈မိုင်၊(၄၀၀)ဗို့လိုင်း ၅၄ မိုင် သွယ်တန်းပေးထားပြီး ၂၄ နာရီ ဓာတ်အားသုံးစွဲခွင့် ရရှိပြီးဖြစ်သည်။

၁၅။ ကိုယ်တိုင်လှည့် အော်တိုတယ်လီဖုန်းစနစ် တပ်ဆင်ထားရှိပြီး ပထမအဆင့်အနေဖြင့် လုပ်ငန်းရှင် ၁၀၀ ဦး သုံးစွဲခွင့်ရရှိပြီးဖြစ်သည်။ ထပ်မံ၍ လိုင်း ၅၀၀ ကျော် တိုးချဲ့တပ်ဆင်ပေးမည်။ ကွန်ကျူတာစရိတ်သက်သာစွာဖြင့် သုံးစွဲခွင့်ရရှိမည်။

၁၆။ အထယုရေလှောင်တမံ တစ်ခုဆောက်လုပ်ပေးထားပြီး ၎င်းမှလက်တံတူးမြောင်းကွန်ရက် မိုင်(၂၀၀)ကျော် ဖောက်လုပ်ကာရေပေးဝေရေး ဆောင်ရွက်ပေးထားသည့်အပြင်၊ ငမိုးရိပ်လက်ယာတူးမြောင်းမှ ဆည်ရေကိုလည်းမြောင်းလက်တံ(၂ဒသမ၅)မိုင်တူးပေးပြီး ရေပေးဝေနေသဖြင့် ရေလုံလောက်စွာရရှိရေး စီစဉ်ပေးထားပြီးဖြစ်ပါသည်။

၁၇။ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းအနေဖြင့် စိုက်ပျိုးရေး၊ စိုက်နည်းပညာနှင့် ပံ့ပိုးမှုလုပ်ငန်းဆပ်ကော်မတီဖွဲ့စည်းထားပြီးဇုန်အတွင်း စိုက်ပျိုးရေးလုပ်သားများကို သင်တန်းပို့ချပေးလျက်ရှိသည်။ စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းနှင့်ပတ်သက်၍ ပိုးမွှားရောဂါကာကွယ်ရေးနှင့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ဓာတ်ခွဲခန်းများဖွင့်လှစ်ပေးထားသည်။ မျိုးစေ့အရောင်းဆိုင်၊ ဓာတ်မြေဩဇာအရောင်းဆိုင်များ ဖွင့်လှစ်ပေးထားသည်။

၁၈။ လုံခြုံရေးအတွက် ရဲစခန်း(၂)ခုနှင့် ရဲကင်းစခန်း(၃)ခုဖွင့်လှစ်ပေးထားသည်။

၁၉။ စာသင်ကျောင်း(၂)ကျောင်း၊ ကျန်းမာရေးဆေးခန်း(၁)ခု၊ မီးသတ်စခန်း(၁)ခုနှင့် ဇုန်တာဝန်ရုံးနှင့် အစည်းအဝေးခန်းမကြီး(၃)ခု ဆောက်လုပ်ပေးထားပြီးဖြစ်သည်။

၂၀။ ခရီးသည်တင်ကားနှင့် ဈေးကားများစီစဉ်ပေးထားသည်။

၂၁။ ညောင်နှစ်ပင်အထူးဇုန်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုလုပ်ငန်း လုပ်ကိုင်ရန်စိတ်ပါဝင်စားသူများ အောက်ဖော်ပြပါဇုန်ကြီးကြပ်ရေးကော်မတီနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်–

(၁) ဦးလှစိုး အထူးဇုန်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဖုန်း–၃၇၀၅၀၈
တိုင်းအုပ်ချုပ်ရေးမှူး၊ တိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊
အမှတ် ၅၀၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်း။

(၂) ဦးအောင်စန်း အထူးဇုန်(၁)တာဝန်ခံ ဖုန်း–၆၆၄၀၉၃
တိုင်းမန်နေဂျာ၊ ခဝဲခြံ(၁)လမ်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း
ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်း။

(၃) ဦးသိန်းနိုင် အထူးဇုန်(၂)တာဝန်ခံ ဖုန်း–၆၄၂၂၂၇
ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ရန်ကုန်မြောက်ပိုင်းခရိုင်၊ မင်းကြီးလမ်း၊ အင်းစိန်မြို့နယ်။

(၄) ဦးကျင်ထွန်း အထူးဇုန်(၃)တာဝန်ခံ ဖုန်း–၃၈၀၂၇၃
တိုင်းမြေစာရင်းမှူး၊ တိုင်းမြေစာရင်းဦးစီးဌာန
အမှတ် ၄၈၆၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်။

(၅) ဦးသိန်းဇော် အထူးဇုန်ကွပ်ကဲရေးတာဝန်ခံ ဖုန်း–၆၀၁၁၀၀EX– ၁၄၄
မှော်ဘီဆန်းခန်းမ၊ ညောင်နှစ်ပင်၊ မှော်ဘီမြို့နယ်။

၂၂။ (၅၀ ရာခိုင်နှုန်း)ပြည့်အောင် စိုက်ပျိုးမွေးမြူရေး လုပ်ကိုင်ခြင်းမရှိသည့် မြေ(၆၀) ယူနစ်(၃၀၀)ဧကပြန်လည်သိမ်းဆည်းပြီး ထပ်မံလျှောက်ထားသူများအား လုပ်ကိုင်ခွင့်ပြောင်းလဲချထားပေးပြီးဖြစ်ပါသည်။ အထူးဇုန်ကြီးကြပ်ရေးကော်မတီအနေဖြင့် ညောင်နှစ်ပင်အထူးဇုန်၏လုပ်ငန်းများ အရှိန်မြှင့်တင် ဆောင်ရွက်လျက်ရှိရာ သတ်မှတ်စည်းကမ်းများ အတိုင်း စိုက်ပျိုးလုပ်ကိုင်ခြင်းမရှိသောလုပ်ငန်းရှင်များ လုပ်ကိုင်ခွင့်သိမ်းဆည်းရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဥက္ကဋ္ဌ
အထူးဇုန်ကြီးကြပ်ရေးကော်မတီ

အသက်ပေးကာကွယ် – စောင့်ရှောက်မယ်

☆ ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှာန်းနှင့်
ခမ်းနားထည်ဝါ အေးချမ်းစွာဖြင့်
နေလာခဲ့ရ တို့ဘဝကား
အစဉ်ချမ်းမြေ့ ပျော်ရွှင်မွေ့။

☆ သာယာဝေစည် မိမြန်ပြည်ကို
ကိုလိုနီနယ်ချဲ့ ကျူးကျော်ခဲ့နောက်
လက်အောက်ခံဘဝ ရောက်ခဲ့ရပြီ
ရှိသမျှသွေးစုပ် အမြတ်ထုတ်ပြီး
မျိုးပြုတ်စေရန် သူလုပ်ကြံခဲ့။

☆ လွတ်လပ်စေရန် ဇွဲစိတ်သန်လျက်
သူ့ကျွန်မခံ ဇာတိမာန်ဖြင့်
မြန်မာဘိုးဘွား တိုင်းရင်းသားတို့
စွန့်စားကြိုးပမ်း သက်စွန့်ထမ်းပြီး
အောင်ပန်းရယူ ဇမ္ဗူအလယ်
ဂုဏ်တင့်တယ်ခဲ့။

☆ တို့ပြည်ထောင်စု တိုးတက်မှုကို
မရှုလိုကြား တိုင်းတစ်ပါးက
ပြည်ပအားကိုး ပုဆိန်ရိုးနှင့်
သွေးထိုးနှောင့်ယှက် တိုင်းပြည်ပျက်အောင်
ကြံဆောင်အားထုတ် လုပ်ဇာတ်ခင်းကာ
ဖန်တီးလာ။

☆ တို့တိုင်းရင်းသား စည်းလုံးအားဖြင့်
မြင့်မားစိတ်ဓာတ် ရှင်သန်အပ်လျက်
မပြတ်ထက်သန် ဇာတိမာန်ဖြင့်
နိုင်ငံ့သက်သွေး လွတ်လပ်ရေးကို
အသက်ပေးကာကွယ်စောင့်ရှောက်မယ်ဟု
စိတ်ဝယ်လေးနက် ခံယူချက်ဖြင့်
မပျက်ဝိဋ္ဌာန်ပြုပါစို့။ ။

နေမျိုးအောင်

✡ ***ကျောဖုံးမှ***

နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးကပြည်ထောင်စုစိတ်ဓာတ်၊မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရေးဟူသော (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဦးတည်ချက်များဖြင့် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ပြပွဲ ခင်းကျင်းပြသရေး ဆပ်ကော်မတီက ကြီးမှူးပြသသည့် ၂၀၀၄ ခုနှစ် (၅၆) နှစ်မြောက် လွတ်လပ်ရေးနေ့ ပြပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပရာ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်အားပေး ချီးမြှင့်သည်။

တက်ရောက်

အဆိုပါ ပြပွဲဖွင့်ပွဲ အခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ပြပွဲခင်းကျင်းပြသရေး ဆပ်ကော်မတီ ဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌနှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

လွတ်လပ်ရေးနေ့ပြပွဲဖွင့်လှစ်

အစီအစဉ်အရ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ပြပွဲ ဖွင့်ပွဲအခမ်းအနားကို တပ်မတော်ခန်းမ မျက်နှာစာ၌ ကျင်းပရာ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ပြပွဲခင်းကျင်းပြသရေး ဆပ်ကော်မတီဥက္ကဋ္ဌပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက ဖဲကြိုးဖြတ်၍ (၅၆) နှစ်မြောက် လွတ်လပ်ရေးနေ့ပြပွဲကို ဖွင့်လှစ်ပေးသည်။

ပြခန်းများရှင်းလင်းပြသ

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် ပြပွဲခန်းမတွင် ဗဟိုပြကွက်အဖြစ် ပြသထားသော နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဓာတ်ပုံနှင့် လွတ်လပ်ရေးနှင့်သက်ဆိုင်သည့် အဆိုအမိန့်၊ စတင် ဖြစ်တည်ခဲ့သည့် ပထမ မြန်မာနိုင်ငံတော် သရုပ်ဖော်ပန်းချီကားနှင့် တည်ဆောက်လျက်ရှိသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် သရုပ်ဖော်ပန်းချီကား ပြကွက်၊ မြန်မာအစ မြန်မာက ပြခန်း၊ ကြေးခေတ် ထွန်းကားသက်သေများ၊ သံခေတ်ယဉ်ကျေးမှုသက်သေပြု၊ ရှေးဟောင်းမြို့ပြနိုင်ငံအစ ပျူခေတ်က၊ ပထမ မြန်မာနိုင်ငံတော်၊ ဒုတိယမြန်မာ နိုင်ငံတော်နှင့် တတိယ မြန်မာနိုင်ငံတော် ပြခန်းများ၊ လွတ်လပ်ရေးကြိုးပမ်းမှုများ၊ လွတ်လပ်ရေးရရှိခြင်းနှင့် လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှု ပြခန်းများ၊ ရှခင်းသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံပြကွက်၊ ကိုယ်ပိုင် အမျိုးသားယဉ်ကျေးမှု ရောင်စုံဓာတ်ပုံပြကွက်၊ နိုင်ငံတော်၏ခေတ်မီဖွံ့ဖြိုးတိုးတက်မှု မြင်ကွင်းများပြကွက်၊ ကွန်ပျူတာ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲပြခန်း၊ ကုမ္ပဏီများ၏ ပြခန်းများနှင့်ဝန်ကြီးဌာနများ၏ပြခန်းများကိုလှည့်လည်ကြည့်ရှုအားပေးကြရာ ပြပွဲခင်းကျင်းပြသရေး ဆပ်ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ပြပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်နှင့် စာပေဗိမာန်စာအုပ်ဆိုင်တို့က စာအုပ်စာတမ်းများကို ရောင်းချပေးလျက်ရှိပြီး ပြပွဲကို ယနေ့မှစ၍ ဇန်နဝါရီ ၁၁ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှညနေ ၅ နာရီအတွင်း ဖွင့်လှစ်ပြသသွားမည်ဖြစ်ရာ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရှိရသည်။**(သတင်းစဉ်)**

ထိုင်းနိုင်ငံသို့တရားမဝင်ခိုးထုတ်ခံခဲ့ရသော မြန်မာနိုင်ငံသားကလေးငယ်ခြောက်ဦးအား မိဘများထံအိမ်တိုင်ရာရောက်ပြန်လည်ပို့ဆောင်ပေး

ရန်ကုန် ဇန်နဝါရီ ၃

ထိုင်းနိုင်ငံသို့ တရားမဝင် ခေါ်ဆောင်၍ စီးပွားရှာခိုင်းစေခံခဲ့ရသော အသက်ခြောက်နှစ်မှ (၁၂)နှစ်အတွင်းရှိ မြန်မာကလေးငယ် မိန်းကလေး ခြောက်ဦးကို မြန်မာ–ထိုင်း နှစ်နိုင်ငံ အစိုးရချင်း ညှိနှိုင်းဆောင်ရွက်မှုဖြင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ မြန်မာသံရုံး၏ အကူအညီဖြင့် ယမန်နေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပို့ဆောင်ရောက်ရှိခဲ့ရာ နိုင်ငံခြားရေး ဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မဲခေါင်မြစ်ဝှမ်းဒေသအတွင်း လူကုန်ကူးခြင်းကို တိုက်ဖျက်သည့် ကုလသမဂ္ဂအစီအစဉ်မှ တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် လာရောက်ကြိုဆိုကြပြီး ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းသွယ်ရှိ လူမှုဝန်ထမ်းဦးစီးဌာန ရန်ကုန် အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်းတွင် ညအိပ်ရပ်နားနေခဲ့ကြသည်။

အဆိုပါကလေးငယ် မိန်းကလေးခြောက်ဦးသည် ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော်ကြပြီး မရမ်းကုန်းမြို့နယ်ရှိ လူမှုဝန်ထမ်းဦးစီးဌာန ရန်ကုန် အမျိုးသမီးကလေးများ သင်တန်းကျောင်းသို့ သွားရောက်လေ့လာကြသည်။ အဆိုပါကလေးငယ်ခြောက်ဦးအား မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်းဦးစီးဌာန၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းကော်မတီနှင့် UNIAP မှ တာဝန်ရှိပုဂ္ဂိုလ်များက တွေ့ဆုံပြီး ၎င်းတို့၏ မိဘများရှိရာ ဘီးလင်းမြို့နှင့် မြဝတီမြို့များသို့ မော်တော်ယာဉ်များဖြင့် အိမ်တိုင်ရာရောက် လိုက်ပါပို့ဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာမျက်နှာ ၉ မှ

ပညာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပညာရေး စေတနာရှင်များ၊ မိဘပြည်သူများဖြင့် ပါဝင်ဖွဲ့စည်းခဲ့ကြပြီး မြို့နယ်အလိုက် စာတတ်မြောက်မှုစာရင်းနှင့် ကျောင်းနေအရွယ်ကလေးများစာရင်းကောက်ယူမှု၊ကလေးအားလုံးကျောင်းနေရေးအတွက် ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာ၊ ကျောင်းဝတ်စုံနှင့် ငွေကြေးထောက်ပံ့မှုများ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ထို့ကြောင့် အသက်ငါးနှစ်ပြည့်ပြီး ကလေးဦးရေ တစ်သန်းကျော်သည် သူငယ်တန်းကို ဝင်ရောက်လာကြသည့်အတွက် တစ်နိုင်ငံလုံး အတိုင်းအတာအရ ကျောင်းဝင်နှုန်း ၉၅ ဒသမ ဝ၅ ရာခိုင်နှုန်းအထိ တိုးတက်လာကြောင်း၊ကျောင်းနေရေး စီမံချက်ဝင် မြို့နယ် ၁၄၄ မြို့နယ်တွင်ဆိုလျှင် သူငယ်တန်းဝင်ရောက်မည့် ကလေးဦးရေ၏ ၉၈ ဒသမ ၉၃ ရာခိုင်နှုန်းအထိ ကျောင်းတက်ရောက်လာကြသည်ကို တွေ့ရကြောင်း။

ထို့အပြင် အသက်ခြောက်နှစ်နှင့်အထက် ကလေးဦးရေ ၁ဒသမ၃ သိန်းကျော်သည်လည်း သူငယ်တန်းဝင်ရောက်လာသည့်အတွက် သူငယ်တန်းတွင် ကျောင်းသားအင်အား ၁ဒသမ၂ သန်း ကျော် တက်ရောက်သင်ယူနေကြပြီး သူငယ်တန်းအပါအဝင် မူလတန်းကျောင်းသားဦးရေ ငါးသန်းခန့် တက်ရောက် သင်ယူလျက်ရှိနေပြီ ဖြစ်ကြောင်း။

သူငယ်တန်းကျောင်းနေအရွယ်လွန်ကလေးများအနက် အသက်ခုနစ်နှစ်မှကိုးနှစ်အတွင်း ကလေးဦးရေ ငါးသောင်းကျော်ပါဝင်နေသည့်အတွက် ကလေး၏အသက်အရွယ်နှင့်ဉာဏ်ရည်ဖွံ့ဖြိုးမှုအရ မူလတန်းအဆင့် ဘာသာရပ်လိုက် တတ်မြောက်မှု အရည်အသွေး လျော့နည်းမှုမရှိစေဘဲ အချိန်တိုကာလအတွင်း မူလတန်းပညာသင်ယူပြီးမြောက်စေမည့် အထူးသင်ကြားရေးအစီအစဉ်ကို ယခုနှစ်က စပြီး ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း။

အလယ်တန်းအဆင့်သို့ ကူးပြောင်းသင်ယူနှုန်း မြင့်မားရေးအတွက် အလယ်တန်းအဆင့်သင်ကျောင်းများနှင့် အလှမ်းကွာဝေးပြီး ကျောင်းသားအင်အား၊ စာသင်ခန်းနှင့် ဆရာအင်အားတို့အပေါ်မူတည်ပြီးမူလတန်းလွန် ကျောင်းအဆင့်သို့ တိုးမြှင့်သင်ကြားခွင့် ပြုပေးလျက်ရှိသည့်အတွက် မူလတန်းလွန်ကျောင်းပေါင်း ၃၈၂၀ ကျောင်းအထိ ရှိလာပြီဖြစ်ကြောင်း။

ကျောင်းသားအင်အား တိုးတက်လာသည်နှင့်အမျှ နိုင်ငံတော်၏ အစီအစဉ်ဖြင့် စာသင်ဆောင်၊ ပရိဘောဂများ ဖြည့်ဆည်းပေးနေသကဲ့သို့ မိဘပြည်သူများ၊ ပညာရေးစေတနာရှင်များ၏ ပံ့ပိုးကူညီမှုများကိုလည်း ရယူဖြည့်ဆည်းပေးလျက်ရှိကြောင်း၊၂၀၀၁-၂၀၀၂ ဘဏ္ဍာရေးနှစ်မှ ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်အတွင်း ဥပမိရုပ်ကောင်းမွန်ရမည့် ကျောင်းပေါင်း ၅၅၉၇ ကျောင်းရှိသည့်အနက် ၂၀၀၃ခုနှစ် ဒီဇင်ဘာအထိ နိုင်ငံတော်အစိုးရနှင့် ပြည်သူပူပေါင်းပြီး ပြုပြင်ပြီးခဲ့သည်မှာ ၃၂၆၈ကျောင်းရှိပြီဖြစ်ကြောင်း။

တိုးတက်လာသည့် ကျောင်းသားအင်အားအပေါ်မူတည်ပြီး လိုအပ်လာသော ဆရာအင်အားကို အပြည့်အဝလေ့ကျင့်ဖြည့်ဆည်းပေးနိုင်ရေးအတွက် ပညာရေးတက္ကသိုလ်များနှင့် ပညာရေးကောလိပ်များမှ တစ်နှစ်လျှင် ဆရာအင်အား ၁၀၀၀၀ကျော်အထိ လေ့ကျင့်မွေးထုတ်ပေးနိုင်မည့် အစီအစဉ်များကိုလည်း လျာထားဆောင်ရွက်လျက်ရှိကြောင်း။

အခြေခံပညာအဆင့်က စတင်ပြီးသင်ကြားသင်ယူမှု လုပ်ငန်းများတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်မှုဆိုင်ရာ ခေတ်မီနည်းပညာများကို မိဘပြည်သူများ၊ ပညာရေးစေတနာရှင်များ၏ ပံ့ပိုးကူညီမှုဖြင့် ဖွဲ့စည်းအသုံးပြုလေ့ကျင့်သင်ကြားပေးလျက်ရှိသကဲ့သို့ အီလက်ထရွန်နစ် သတင်းအချက်အလက် လွှင့်ထုတ်မှုစနစ်၊ အင်တာနက်နှင့် ချိတ်ဆက်အသုံးပြုနိုင်သည့်စနစ်နှင့် ခေတ်မီနည်းပညာအသုံးပြုသင်ကြားနည်းစနစ်များကို အသုံးပြုပြီးပညာရည်မြင့်မားတိုးတက်လာအောင် ချိတ်ဆက်သင်ကြားပေးလျက်ရှိကြောင်း၊ ပညာရေးစေတနာရှင်များကလည်း စာသင်ဆောင်၊ ပရိဘောဂနှင့် မာလ်တီမီဒီယာပစ္စည်းများအတွက် ယခုနှစ်တွင် ထည့်ဝင်လှူဒါန်းငွေကျပ်သန်း ၁၀၀၀ ခန့်ရှိကြောင်း၊ ပညာရေးမြှင့်တင်မှုစတင်ချိန်က စတင်ထည့်ဝင်ခဲ့သည်နှင့်ဆိုလျှင် ထည့်ဝင်လှူဒါန်းငွေပေါင်းသန်း ၈၅၀၀ကျော်သွားပြီဖြစ်ကြောင်း၊ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် အတွင်းတွင် အမျိုးသားပညာရည်မြင့်မားတိုးတက်ရေးလုပ်ငန်းများကို ဒေသအာဏာပိုင်များ၊ ပညာရေး ဝန်ထမ်းများ၊ ပညာရေးစေတနာရှင်များ၊ မိဘပြည်သူများ အပြည့်အဝပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြသည့်အတွက် ယခုလိုတိုးတက်အောင်မြင်မှုရရှိခဲ့ခြင်းဖြစ်ကြောင်း။

ထူးခြားချက်မှာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ နိုင်ငံတော်အစိုးရ၊ ပညာရေးမိသားစု၊ မိဘ၊ ကျောင်းသူကျောင်းသားများ အပါအဝင် မြန်မာ့လူ့အဖွဲ့အစည်းတစ်ခုလုံးက ပညာရေးကို ဗဟိုပြုပြီး စောင့်ရှောက်မြှင့်တင်ပေးနေသည့်အတွက် မြန်မာ့ပညာရေးစနစ်သည် အနှစ် ၃၀ စီမံကိန်းမျှော်မှန်းချက်နှင့်အညီ အောင်မြင်ဖြစ်ထွန်းလာမည်ဟု ရိုးသားစွာ ယုံကြည်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ဆုများချီးမြှင့်

ယင်းနောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ဒသမတန်း ဘက်စုံပညာထူးချွန်ဆုရ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မောင်စိုးမိုးအောင်၊ကယားပြည်နယ်၊ လွိုင်ကော်မြို့၊အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ မဂျူလိုင်ကို၊ ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ မပန်းနုခင်၊ ချင်းပြည်နယ် ဟားခါးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ မနီထာဘောရ်၊စစ်ကိုင်းတိုင်း အင်းတော်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှ မစုစုလှိုင်၊ တနင်္သာရီတိုင်း မြိတ်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ မသဉ္ဇာသျှိုး၊ ပဲခူးတိုင်း (အရှေ့ပိုင်း) ပဲခူးမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ မောင်ရဲဝင်းထွန်း၊ ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ မောင်ကျော်ဇေယျာထွဋ်၊ မကွေးတိုင်း မကွေးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ မောင်ချမ်းမြေ့အေးသောင်၊ မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် အမှတ်(၁၂) အခြေခံပညာ အထက်တန်းကျောင်းမှ မယုယုချစ်၊ မွန်ပြည်နယ် မုဒုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ မသီရိရွှေ၊ ရခိုင်ပြည်နယ် စစ်တွေမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ မဆုသော်သော်ခိုင်၊ ရန်ကုန်တိုင်း ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ဝေလင်းထွန်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)ရပ်စောက်မြို့ အခြေခံပညာ အထက်တန်းကျောင်းမှ မသဲနုဝေ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ အခြေခံပညာ အထက်တန်းကျောင်းမှ မောင်အောင်ရဲကျော်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)ကျိုင်းတုံမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ စိုင်းဆီဝမ်းတစ်ဝ်နှင့် ဧရာဝတီတိုင်း ပုသိမ်မြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ မဆုမွန်ထွန်းမြတ်တို့အားဆုများ ချီးမြှင့်ပြီး ဆုရကျောင်းသားကျောင်းသူများနှင့်အတူအမှတ်တရဓာတ်ပုံရိုက်သည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ၂၀၀၃-၂၀၀၄ပညာသင်နှစ် ကျောင်းနေအရွယ်ကလေးအားလုံးကျောင်းနေရေးလှုပ်ရှားဆောင်ရွက်မှုများတွင် ဆယ်စုနှစ်ထူးခြားသည့် ကျောင်းသူတစ်ဦးဖြစ်သူ ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် ကျောင်းမှ မအေးသဇင်ဌေး၊ ချင်းပြည်နယ် ဟားခါးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ မနီသင်တီာလ်၊ စစ်ကိုင်းတိုင်း ရွှေဘိုမြို့ အမှတ် (၃) အခြေခံပညာ အထက်တန်းကျောင်းမှ မနွေ့ယမုံဆွေ၊ တနင်္သာရီတိုင်း မြိတ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ဟိန်းသန့်၊ ပဲခူးတိုင်း (အရှေ့ပိုင်း) ပဲခူးမြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းမှ မငုဝါဝါဖူး၊ ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မောင်အုပ်စိုး၊ မကွေးတိုင်း သရက်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ မောင်ဝေယံဖြိုးထက်၊ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အမှတ်(၇) အခြေခံပညာ အလယ်တန်းကျောင်းမှ မစုလတ်ဖြူ၊

မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ထူးချွန်ဆုများချီးမြှင့်ပွဲ အခမ်းအနားတွင် အဋ္ဌမတန်းဘက်စုံပညာထူးချွန်ဆုရ ကျောင်းသားကျောင်းသူများအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသူ မစုပုံချစ်အားလည်းကောင်း၊ ထူးခြားသည့် ကျောင်းသားကျောင်းသူများဖြစ်ကြသည့် ပဲခူးတိုင်း(အရှေ့ပိုင်း) ပဲခူးမြို့ အမှတ်(၅) အခြေခံပညာအလယ်တန်းကျောင်းမှ ပထမတန်းကျောင်းသူ မကြည်စင်သန့်၊ မန္တလေးတိုင်း ချမ်းမြသာစည်မြို့နယ် အမှတ်(၂၀)အခြေခံပညာမူလတန်းကျောင်းမှ သူငယ်တန်းကျောင်းသား မောင်ရဲဝင်းနိုင်နှင့် ရန်ကုန်တိုင်းလှည်းကူးမြို့နယ်ဖောင်ကြီး အခြေခံပညာအထက်တန်းကျောင်းမှ ပထမတန်းကျောင်းသား မောင်အောင်မင်းထက်တို့အားလည်းကောင်း ဆုများချီးမြှင့်ပြီး ကျောင်းသားကျောင်းသူများနှင့်အတူ အမှတ်တရ ဓာတ်ပုံရိုက်သည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ၂၀၀၃-၂၀၀၄ ပညာသင်နှစ် အဋ္ဌမတန်း ဘက်စုံပညာထူးချွန်ဆုရ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်းမှ မဂျာဆန်းဘု၊ ကယားပြည်နယ် လွိုင်ကော်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ နော်နေဘလူးလူး၊ ကရင်ပြည်နယ်ကော့ကရိတ်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်း မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ်(၈) အခြေခံပညာ အထက်တန်းကျောင်းမှ မဆုရည်နိုင်၊ ရခိုင်ပြည်နယ် စစ်တွေမြို့ အမှတ်(၇) အခြေခံပညာအလယ်တန်းကျောင်းမှ မချမ်းငြိမ်းဝေ၊ ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းမှ မခိုင်သရဖီဒင်၊ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ အမှတ်(၅) အခြေခံပညာ အလယ်တန်းကျောင်းမှ မနန်းသီတာစိုး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့ အမှတ် (၂) အခြေခံပညာ အလယ်တန်းကျောင်းမှ မလဲ့ရတနာအောင်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ မောင်စစ်နောင်၊ ဧရာဝတီတိုင်း မအူပင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မောင်စိုးနောင်နောင်တို့အား ဆုများအသီးသီးပေးအပ်ပြီး ကျောင်းသားကျောင်းသူများနှင့်အတူ အမှတ်တရ ဓာတ်ပုံရိုက်သည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ဒသမတန်း စာပေ(သိပ္ပံဘာသာတွဲ) ထူးချွန်ဆုရ ကချင်ပြည်နယ်မှ မောင်စိုးမိုးအောင်၊ ကယားပြည်နယ်မှမဂျူလိုင်ကို၊ ကရင်ပြည်နယ်မှ မပန်းနုခင်၊ ချင်းပြည်နယ်မှ မောင်နန်းမွန် ထောန်၊ စစ်ကိုင်းတိုင်းမှ မနွေ့ဦးခိုင်၊ တနင်္သာရီတိုင်းမှ မသဉ္ဇာသျှိုး၊ပဲခူးတိုင်း (အရှေ့ပိုင်း)မှ မောင်ဟိန်းတေဇာမြင့်၊ ပဲခူးတိုင်း (အနောက်ပိုင်း)မှ မောင်ကျော်ဇေယျာထွဋ်၊ မကွေးတိုင်းမှ မောင်ချမ်းမြေ့အေးသောင်၊ မန္တလေးတိုင်းမှ မယုယုချစ်၊ မွန်ပြည်နယ်မှ မသီရိရွှေ၊ ရခိုင်ပြည်နယ်မှ မဆုသော်သော်ခိုင်၊ ရန်ကုန်တိုင်းမှ မဖြိုးပပအောင်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) မှ မောင်ကျော်ခိုင်လင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ မောင်အောင်ရဲကျော်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှ စိုင်းဆီဝမ်းတစ်ဝ်နှင့် ဧရာဝတီတိုင်းမှ မထားလဲ့ယဉ်ထွေးတို့အား ဆုများချီးမြှင့်ပြီး ကျောင်းသားကျောင်းသူများနှင့်အတူ အမှတ်တရဓာတ်ပုံရိုက်သည်။

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ဒသမတန်း (ဝိဇ္ဇာဘာသာတွဲ)ထူးချွန်ဆုရ ပြည်နယ်နှင့်တိုင်းများမှ ကျောင်းသားကျောင်းသူ ၁၇ ဦးတို့အား လည်းကောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က ၂၀၀၃-၂၀၀၄ ပညာသင်နှစ် အဋ္ဌမတန်း စာပေဘာသာရပ်ထူးချွန်ဆုရ ပြည်နယ်နှင့်တိုင်းများမှ ကျောင်းသားကျောင်းသူ ၁၇ ဦးတို့အား လည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးတင်ဝင်းက ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ဒသမတန်း ကျောင်းလုပ်ငန်း ဆောင်ရွက်မှု ထူးချွန်ဆုရ ပြည်နယ်နှင့်တိုင်းများမှ ကျောင်းသားကျောင်းသူ ၁၇ ဦးတို့အား လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က အဋ္ဌမတန်း ကျောင်းလုပ်ငန်းဆောင်ရွက်မှု ထူးချွန်ဆုရ ပြည်နယ်နှင့် တိုင်းများမှ ကျောင်းသားကျောင်းသူ ၁၇ ဦးတို့အား လည်းကောင်း ဆုများအသီးသီး ချီးမြှင့်ကြပြီး ဆုရကျောင်းသားကျောင်းသူများနှင့် အတူအမှတ်တရဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများက "ဘက်စုံဆင့်နွှဲဆုနှင်းပွဲ" တေးသီချင်းဖြင့်လည်းကောင်း၊ ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက ပညာ၊သမာ၊အာဘာ၊နတ္ထိတေးသရုပ်ဖော်အကဖြင့်လည်းကောင်း သီဆိုဖျော်ဖြေကြသည်။

ယင်းနောက် အင်္ဂလိပ်ဘာသာ စာစီစာကုံးပြိုင်ပွဲတွင် ဘွဲ့ကြို(အင်္ဂလိပ်) အဆင့်၊ ဘွဲ့ကြို(အခြားအဆင့်)၊ ဘွဲ့လွန်(အင်္ဂလိပ်)အဆင့်နှင့် ဘွဲ့လွန်(အခြား)အဆင့် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများအား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းကလည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့် စကားရည်လုပြိုင်ပွဲ ဘွဲ့ကြိုနှင့် ဘွဲ့လွန်အဆင့် ပထမနှင့် ဒုတိယ ဆုရရှိကြသူများအား ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ သန်းညွန့်ကလည်းကောင်း၊ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် မြန်မာနှင့် နိုင်ငံတကာ လူမှုဆက်ဆံရေးထုံးဓလေ့တတ်ကျွမ်းမှုပြိုင်ပွဲတွင် ဆုရရှိကြသော အခြေခံပညာကျောင်းသား ကျောင်းသူများအား ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ကျော်မြင့်နှင့် ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဦးကိုလေးတို့ကလည်းကောင်း၊ ၂၀၀၃ ခုနှစ် စတုတ္ထအကြိမ် အခြေခံပညာကျောင်းများ ဘင်ခရာတီးပြိုင်ပွဲတွင် (က)အဆင့်၌ ပထမအဆင့်ရရှိသည့် ရှမ်းပြည်နယ် (တောင်ပိုင်း)တောင်ကြီးမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းနှင့်(ခ)အဆင့်၌ ပထမရရှိသည့် မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းတို့အား ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းကလည်းကောင်း၊ ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်း ဆောင်ရွက်မှု ထူးချွန်ဆုရ ပြည်နယ်နှင့်တိုင်းများမှ အခြေခံပညာကျောင်း ၁၇ ကျောင်းတို့အား သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းကလည်းကောင်း ဆုများအသီးသီး ချီးမြှင့်ကြပြီး ဆုရရှိသူများနှင့်အတူ အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဗိုလ်တထောင်မြို့နယ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူကလေးများက "ဘွေးတုတ်"ယိမ်းအကဖြင့် ကပြဖျော်ဖြေကြသည်။

ဆက်လက်၍ ၂၀၀၂-၂၀၀၃ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ သိပ္ပံဘာသာတွဲနှင့် ဝိဇ္ဇာဘာသာတွဲတို့တွင် အဆင့်(၁)မှအဆင့်(၁၀)အထိ ရရှိကြသော ကျောင်းသားကျောင်းသူများအား ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်းနှင့် သမဝါယမဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦးတို့ကလည်းကောင်း၊ ဧကာဒသမအကြိမ် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိကြသော အဆင့်မြင့်ပညာနှင့် အခြေခံပညာကျောင်းသားကျောင်းသူများအား ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်မှူးကြီးအောင်မျိုးမင်းနှင့် ဦးမျိုးညွန့်တို့ကလည်းကောင်း၊ နိုင်ငံတကာနှင့်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က လည်းကောင်း၊ နိုင်ငံတကာ ပန်းချီပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရ ကျောင်းသားကျောင်းသူများအား နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်ကလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ချီးမြှင့်ကြပြီး အမှတ်တရဓာတ်ပုံရိုက်ကြသည်။

ထို့နောက် စမ်းချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူလေးများက "စုံညီပွဲတော်အားလုံးပျော်" တေးသီချင်းဖြင့် သီဆိုဖျော်ဖြေသည်။

ဆက်လက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကျန်းမာရေးနှင့် ညီညွတ်သော စားသောက်ဆိုင်ဆုရရှိသည့် အခြေခံပညာကျောင်းများအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းကလည်းကောင်း၊ ၂၀၀၃ ခုနှစ် ပညာတန်ဆောင် စာစီစာကုံးပြိုင်ပွဲတွင် အဆင့်အလိုက် ပထမဆုရရှိသည့် ကျောင်းသားကျောင်းသူများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိန်ထွားက လည်းကောင်း၊ မြန်မာတိုကီဝါ ခဲတံပန်းချီပြိုင်ပွဲတွင် အဆင့်အလိုက် ပထမဆုရရှိကြသူ ကျောင်းသား ကျောင်းသူများအား မြန်မာတိုကီဝါ ကော်ပိုရေးရှင်းလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ Mr.Fumiyoshi Sakuraiကလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ချီးမြှင့်ကြပြီး အမှတ်တရဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အခြေခံပညာကျောင်းသား ကျောင်းသူများက "ဘက်စုံပညာကိုရည် တို့လှမ်းချီ" သီချင်းနှင့် "ဓာတ်မာန်" သီချင်းတို့ကို သီဆိုဖျော်ဖြေကြပြီး အခမ်းအနားကို ညနေ၄နာရီမိနစ် ၂၀တွင် ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ **(သတင်းစဉ်)**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက် အမှတ်(၂)စက်မှုဝန်ကြီးဌာန၏ တိုးတက်ဖြစ်ထွန်းလာသည့် ကုန်ထုတ်လုပ်မှုများ

ဘဏ္ဍာနှစ်	ထုတ်လုပ်မှု/ဝန်ဆောင်မှုတန်ဖိုး (ကျပ်သန်း)	ဘဏ္ဍာနှစ်	ထုတ်လုပ်မှု/ဝန်ဆောင်မှုတန်ဖိုး (ကျပ်သန်း)	ဘဏ္ဍာနှစ်	ထုတ်လုပ်မှု/ဝန်ဆောင်မှုတန်ဖိုး (ကျပ်သန်း)
၁၉၈၈-၈၉	၆၉၁ ဒသမ ၂၄	၁၉၉၃-၉၄	၁၅၀၀ ဒသမ ၃၃	၁၉၉၈-၁၉၉၉	၄၄၀၆ ဒသမ ၇၅
၁၉၈၉-၉၀	၇၆၇ ဒသမ ၅၁	၁၉၉၄-၉၅	၁၄၅၉ ဒသမ ၂၈	၁၉၉၉-၂၀၀၀	၇၄၀၇ ဒသမ ၃၇
၁၉၉၀-၉၁	၇၂၅ ဒသမ ၉၀	၁၉၉၅-၉၆	၁၈၂၄ ဒသမ ၆၉	၂၀၀၀-၂၀၀၁	၈၈၄၈ ဒသမ ၆၁
၁၉၉၁-၉၂	၇၄၃ ဒသမ ၁၄	၁၉၉၆-၉၇	၂၀၈၁ ဒသမ ၂၄	၂၀၀၁-၂၀၀၂	၁၃၈၅၅ ဒသမ ၈၂
၁၉၉၂-၉၃	၁၀၀၇ ဒသမ ၄၇	၁၉၉၇-၉၈	၃၁၉၇ ဒသမ ၇၆	၂၀၀၂-၂၀၀၃	၂၁၈၄၀ ဒသမ ၉၀

ယခုအခါ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော စီးပွားရေး၊ လူမှုရေးနှင့် လမ်းပန်း ဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံအများအပြားကို ထူထောင်ပြီးဖြစ်၍ စက်မှုကဏ္ဍမှာ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရန် အားမာန်ချီလျက်ရှိနေပြီဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် လက်ရှိ လူဦးရေအတွက်သာမက နောင်တိုးပွားလာမည့် လူဦးရေအတွက်ပါ ထည့်သွင်းတွက်ချက်ပြီး စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတစ်ဝန်းလုံးရှိ နယ်မြေဒေသအသီးသီးတွင် စက်မှုလုပ်ငန်းများ ထူထောင်ပေးလျက်ရှိသည်။



အမှတ်(၂)စက်မှုဝန်ကြီးဌာန မြန်မာ့တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်ရေးလုပ်ငန်း သထုံမြို့ အမှတ်(၁) တာယာနှင့်ရော်ဘာပစ္စည်းထုတ်လုပ်ရေးစက်ရုံ၏ တာယာပေါင်းစက်။

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ဂုဏ်ပြု

လျှပ်စစ်ပစ္စည်းစက်ရုံ

ပဲခူးတိုင်း ပန်းတောင်းမြို့နယ် ညောင်ခြေထောက်ရွာ အနီးရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့ စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း အမှတ် (၁) စက်ရုံသည် လျှပ်စစ်ပစ္စည်းနှင့် ဝါယာကြိုးခွေများ ထုတ်လုပ်ပေးလျက်ရှိသည်။

ပဲခူးတိုင်း ပန်းတောင်းမြို့နယ် ထုံးဘိုရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင် ထုတ်လုပ်မှုလုပ်ငန်း အမှတ်(၂)မော်တော်ယာဉ်ထုတ်လုပ်မှု စက်ရုံကြီး (ယာပုံ) နှင့် မော်တော်ကား ထုတ်လုပ်သည့် ယင်းစက်ရုံသည် မြန်မာပြည်လုပ် မာဇဒါဂျစ် အမျိုးအစား မော်တော်ကားများ ထုတ်လုပ်ပေးလျက်ရှိသည်။ (အပေါ်ပုံ)



နိုင်ငံတော်က ပုဂ္ဂလိကစက်မှုကဏ္ဍအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးရေးအားပေးလျက်ရှိ ပုဂ္ဂလိကစက်မှုလုပ်ငန်းရှင်များ ယုံကြည်ချက်အပြည့်ဖြင့် ညှိနှိုင်းပေါင်းစပ်လုပ်ကိုင် ဘတ်စကားနှင့် ထရပ်ကားများထုတ်လုပ်ရေး ကျွမ်းကျင်မှုအပေါ်အခြေခံထုတ်လုပ်

ရန်ကုန် ဇန်နဝါရီ ၃

စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏အစီအစဉ်ဖြင့် စက်ရုံ၊ အလုပ်ရုံများကိုလှည့်လည်လေ့လာခဲ့ပြီး စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြသည့် စက်မှုဇုန် ၁၈ ဇုန်မှ စက်မှုလက်မှုလုပ်ငန်းရှင်များအား ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန သင်တန်းခန်းမဆောင်၌တွေ့ဆုံ၍ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန်လိုအပ်ပုံများကို ဆွေးနွေးမှာကြားသည်။

အခမ်းအနားသို့စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး၊ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်း၊ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ အမှတ်(၂)စက်မှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ စက်မှုဇုန် တာဝန်ခံဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စက်မှုဇုန်ဥက္ကဋ္ဌများ၊ စက်မှုဇုန် ၁၈ဇုန်မှ စက်မှုလက်မှုလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အစီအစဉ်အရ စက်ရုံအလုပ်ရုံများလေ့လာရေးနှင့်အလုပ်ရုံဆွေးနွေးပွဲများကျင်းပပြုလုပ်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ အမှတ်(၁)စက်မှုဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဝင်းက စက်ရုံ၊ အလုပ်ရုံလေ့လာရေး အစီအစဉ်များ စနစ်တကျ ဆောင်ရွက်ခဲ့မှုနှင့် စက်မှုဇုန်အလိုက် ဘတ်စကားနှင့် ထရပ်ကားများထုတ်လုပ်နိုင်ရေးအတွက် ကုန်ကြမ်းနှင့် စက်ပစ္စည်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စက်ရုံအလုပ်ရုံများလှည့်လည်ပြသရေး ဆပ်ကော်မတီဥက္ကဋ္ဌ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်က နိုင်ငံပိုင်စက်ရုံအလုပ်ရုံများတွင် စက်မှုလက်မှုလုပ်ငန်းရှင်များ လှည့်လည်လေ့လာခဲ့သည့်အခြေအနေများ၊ ဘတ်စကားနှင့်ထရပ်ကားဒီဇိုင်း ထုတ်လုပ်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲများကျင်းပပြုလုပ်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာချမ်းငြိမ်းက အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခဲ့မှု၊ စက်မှုဇုန်အလိုက် အရည်အသွေးတိုးတက်မြင့်မားရေးအတွက်တောင်းခံလာသော စက်ပစ္စည်းအမျိုးအစား၂၇မျိုးနှင့် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

စက်မှုဇုန်များပူးပေါင်း

ဆက်လက်၍ ရွှေပြည်သာစက်မှုဇုန်၊ မန္တလေးစက်မှုဇုန်၊ တောင်ဒဂုံစက်မှုဇုန်၊ ပြည်စက်မှုဇုန်တို့မှ စက်မှုလက်မှုလုပ်ငန်းရှင်များက စက်ရုံအလုပ်ရုံများသို့ သွားရောက်လေ့လာခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ တက်ရောက်ခြင်းတို့ကြောင့် ရရှိသည့်အကျိုးကျေးဇူးများ၊ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာသစ်များရရှိရန် အရေးကြီးပုံများ၊ ဘတ်စကားနှင့်ထရပ်ကားများထုတ်လုပ်ရေးအတွက် စက်မှုဇုန်အလိုက် ယခုထက် ပိုမိုပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပုံများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းနှင့် မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက် ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ အမှတ်(၂)စက်မှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောလွင်တို့က စက်မှုဇုန်တစ်ခုချင်း၏စွမ်းအားများကို အခြားစက်မှုဇုန်များက အပြန်အလှန် သိရှိဖလှယ်နိုင်ရေး၊ စက်မှုဇုန် အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေး နှင့် မော်တော်ယာဉ်များ ထုတ်လုပ်ရာ၌ ပိုင်ပိုင်နိုင်နိုင် ထိရောက်စွာ ဆက်စပ် ညှိနှိုင်းဆောင်ရွက်ရေးအတွက် လိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေး မှာကြားကြသည်။

လမ်းညွှန်မှုများ

ထို့နောက် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ဆွေးနွေးမှာကြားရာ၌ ယခု လေ့လာရေး အစီအစဉ်များနှင့် အလုပ်ရုံ ဆွေးနွေးပွဲများသည် ပုဂ္ဂလိက စက်မှုဇုန်များ လက်တွေ့ကျကျ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိကျသော လုပ်ငန်းအစီအမံများ ထွက်ပေါ်လာစေကြောင်း၊ နိုင်ငံတော် အပိုင်းက ပုဂ္ဂလိက စက်မှုကဏ္ဍ အရှိန်အဟုန်ရှိရှိ ဖွံ့ဖြိုးတိုးတက်လာအောင် စေတနာ ထက်ထက်သန်သန်ဖြင့် အားပေးကူညီမှု၊ လမ်းညွှန်မှုများ ပြုလုပ်လျက်ရှိကြောင်း။

ပုဂ္ဂလိက လုပ်ငန်းရှင်များ အပိုင်းကလည်း နိုင်ငံတော်၏ စေတနာနှင့် အားပေးမှုများအပေါ် အခြေခံ၍ စိတ်ဓာတ် တက်တက်ကြွကြွဖြင့် အလုပ်လုပ်ကြရန်လိုကြောင်း။

ခေတ်မီနိုင်ငံတော်ဖြစ်ပေါ်ရေးအတွက် လိုအပ်သော အခြေခံအဆောက်အအုံပိုင်းဆိုင်ရာများကို အတော်ပြည့်ပြည့်စုံစုံအခြေချတည်ဆောက်ထားပြီးဖြစ်၍ စက်မှုကဏ္ဍအရှိန်အဟုန်ဖြင့် တိုးတက်ရန် မိမိတို့အလေးပေးဆောင်ရွက်ကြရမည့် အချိန်အခါရောက်ရှိနေပြီဖြစ်ကြောင်း။

တွန်းအားပေးလုပ်ကိုင်

ပုဂ္ဂလိကစက်မှုလုပ်ငန်းရှင်များအနေဖြင့်လည်း လယ်ယာသုံးစက်ပစ္စည်းကိရိယာထုတ်လုပ်မှု၊ မော်တော်ယာဉ်ထုတ်လုပ်မှုတို့နှင့် စပ်လျဉ်း၍ အတွေ့အကြုံရှိပြီးဖြစ်၍ ပုဂ္ဂလိက စက်မှုလုပ်ငန်း အရှိန်အဟုန်ရှိရှိ တိုးတက်ရေးကို ယုံကြည်ချက်အပြည့်အဝဖြင့် ညှိနှိုင်းပေါင်းစပ်တွန်းအားပေးလုပ်ကိုင်သွားရန်လိုအပ်ကြောင်း။

နိုင်ငံတော်၏ စီးပွားရေးဘဝ၌ ပုဂ္ဂလိကကဏ္ဍသည် အချိုးအစားအားဖြင့် ကြီးမားစွာပါဝင်လျက်ရှိကြောင်း၊ စက်မှုလက်မှုကဏ္ဍ၌လည်း ပုဂ္ဂလိကပါဝင်မှု အချိုးအစားသည် မြင့်မားကျယ်ပြန့်လျက်ရှိရာ ပုဂ္ဂလိကလုပ်ငန်းရှင်များက နိုင်ငံတော်၏ အားပေးမှုနှင့် လမ်းညွှန်မှုကို အခြေခံ၍ တက်တက်ကြွကြွ တီထွင်ကြံဆအားထုတ်လုပ်ကိုင်သွားမည်ဆိုလျှင် နိုင်ငံတော်၏ စက်မှုကဏ္ဍသည် သိသာစွာ ဖွံ့ဖြိုး တိုးတက်လာမှာ သေချာလျက်ရှိကြောင်း။

ဝိုင်းဝန်းကူညီ

နိုင်ငံတော်အစိုးရအဖွဲ့အစည်းများမှ နိုင်ငံ့ဝန်ထမ်း အဆင့်ဆင့်ကလည်း ပုဂ္ဂလိကစီးပွားရေးအပိုင်း၏ အခန်းကဏ္ဍကို မှန်မှန်ကန်ကန် နားလည်သိရှိပြီး တိုင်းပြည်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပုဂ္ဂလိကလုပ်ငန်းပိုင်းကို ဝိုင်းဝန်းအားပေး ကူညီစောင့်ရှောက်သွားကြရန်လိုအပ်ကြောင်း။

အသေးစိတ်မှာကြား

ယခုကျင်းပခဲ့သော ဆွေးနွေးညှိနှိုင်းမှုများကို အခြေခံပြီး နိုင်ငံတော်အပိုင်းနှင့် ပုဂ္ဂလိကအပိုင်းတို့သည် နိုင်ငံတော်၏စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် အထူးသဖြင့် ၂၀၀၄ ခုနှစ်၌ စက်မှုကဏ္ဍအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်သွားအောင်တက်ညီလက်ညီ ပူးပေါင်းအကောင်အထည်ဖော်သွားရန် ဖြစ်ကြောင်းပြောကြားပြီး ဘတ်စကားနှင့် ထရပ်ကားများ ထုတ်လုပ်ရေး၊ CNC Machine၊ DRO Machine များ အပါအဝင် ခေတ်မီစက်ကိရိယာများတပ်ဆင်ရေး၊ ကျွမ်းကျင်မှုအပေါ် အခြေခံ၍ စက်ပစ္စည်းများ ခွဲဝေထုတ်လုပ်ရေးစသည့် ကိစ္စရပ်များကို အသေးစိတ် ညှိနှိုင်းမှာကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ စီစဉ်မှုဖြင့် စက်မှုဇုန် ၁၈ဇုန်မှ စက်မှုလက်မှုလုပ်ငန်းရှင်များသည် ဒီဇင်ဘာ ၂၆ ရက်မှ ၃၁ရက်အတွင်းကာကွယ်ရေးဝန်ကြီးဌာနအမှတ်(၂)စက်မှုဝန်ကြီးဌာန၊လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ စက်ရုံအလုပ်ရုံများ၏ ကုန်ထုတ်လုပ်မှုများ၊ အဆင့်မြင့်နည်းပညာသုံးစွဲနေမှုများကို လှည့်လည်လေ့လာခဲ့ကြသည်။

ဆွေးနွေးပွဲတက်ရောက်

ထို့နောက် စက်မှုလက်မှုလုပ် ငန်းရှင်များသည် ဒီဇင်ဘာ ၃၀ ရက်နှင့် ဇန်နဝါရီ ၁ရက်၊ ၂ ရက်တို့တွင် ရန်ကုန်မြို့ကျိုက္ကဆံကွင်း၌ ပုဂ္ဂလိကစက်မှုလက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့ကြသည်။

အလုပ်ရုံ ဆွေးနွေးပွဲများတွင် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ မော်တော်ယာဉ်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စာတမ်းပေါင်း ၁၉ စောင်ကို စာတမ်းရှင်များက ဖတ်ကြားတင်သွင်းခဲ့ကြသည်။

ဒီဇင်ဘာ ၃၁ရက်တွင် ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲသို့ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းကိုယ်တိုင်တက်ရောက်၍ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စများ၊ ခေတ်မီစက်ကိရိယာများတပ်ဆင်အသုံးပြုရေးကိစ္စများကို လုပ်ငန်းရှင်များနှင့် ရင်းနှီးစွာ အချိန်ယူဆွေးနွေးညှိနှိုင်း၍ လိုအပ်သည်များကို မှာကြားခဲ့သည်။

နိုင်ငံတော်က ၂၀၀၄-၂၀၀၅ ခုနှစ်ကို စက်မှုကဏ္ဍဖွံ့ဖြိုး တိုးတက်မှုအရှိန်အဟုန်စတင် မြှင့် တင်သည့်နှစ်အဖြစ် သတ်မှတ်ပြီး စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် ပံ့ပိုးအားပေးမှုများ ပြုလျက်ရှိသည်။

အလုပ်ရုံ ဆွေးနွေးပွဲများတွင် စက်မှုလက်မှု လုပ်ငန်းရှင်များက စာတမ်းရှင်များ၏ တင်သွင်းချက်များ၊ စက်ရုံအလုပ်ရုံများတွင် လေ့လာခဲ့မှုများအပါအဝင် နိုင်ငံတော်၏အားပေးပံ့ပိုးမှုများအပေါ် အခြေခံ၍ ပုဂ္ဂလိကစက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စိတ်ပါဝင်စားစွာ ပါဝင်ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ပြည်လမ်း၊ (၇) မိုင်ခွဲ၊ အမှတ် (၅၆/J)နေ
ဦးဖေသန်း(ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)-ဒေါ်ချိုချိုထွန်း
တို့၏ တစ်ဦးတည်းသောသား

ဒေါက်တာ သန်းမိုးနိုင် M.B.,B.S(Ygn)နှင့်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြားရိပ်သာ၊ ငွေဝတ်မှုန်ရပ်ကွက်၊ အမှတ်(၇၀/H)နေ
ဗိုလ်ချုပ်တင်စိန်(ငြိမ်း)-ဒေါ်မြမြစီ
တို့၏ သမီးထွေး

ဒေါက်တာ အေးမြမြတင်စိန် M.B.,B.S(Ygn)

(သရုပ်ပြ၊ ဇီဝကမ္မဗေဒဌာန၊ သူနာပြုတက္ကသိုလ်)

တို့၏ ၃-၁-၂၀၀၄ ရက်နေ့ Sedona Hotel ၌ ကျင်းပပြုလုပ်သည့် မင်္ဂလာညှော်ခံပွဲ အခမ်းအနားသို့ ကြွရောက်အားပေးချီးမြှင့်သော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ဇနီးများ၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးသော ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ဇနီး ဒေါက်တာဒေါ်ဝေဝေသာ၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးသော ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ဇနီး ဒေါ်မြသီဂီ၊ မော်ကွန်းတင်လက်မှတ် ရေးထိုးပေးသော တရားရုံးချုပ်တရားသူကြီး ဦးခင်မောင်အေး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ ဂုဏ်သရေရှိ စစ်ဘက်နယ်ဘက်မှ လူကြီးမင်းများနှင့် ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများအား လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာသန်းမိုးနိုင်-ဒေါက်တာအေးမြမြတင်စိန်။

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ပြည်လမ်း၊ (၇)မိုင်ခွဲ၊ အမှတ်(56/J)နေ
ဦးဖေသန်း(ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)-ဒေါ်ချိုချိုထွန်း
တို့၏ တစ်ဦးတည်းသောသား

ဒေါက်တာသန်းမိုးနိုင် M.B.,B.S(Ygn) နှင့်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြားရိပ်သာ၊ ငွေဝတ်မှုန်ရပ်ကွက်၊ အမှတ် (70/H) နေ
ဗိုလ်ချုပ်တင်စိန်(ငြိမ်း)-ဒေါ်မြမြစီ
တို့၏ သမီးထွေး

ဒေါက်တာအေးမြမြတင်စိန် M.B.,B.S (Ygn)

(သရုပ်ပြ၊ ဇီဝကမ္မဗေဒဌာန၊ သူနာပြုတက္ကသိုလ်)

တို့၏ ၃-၁-၂၀၀၄ ရက်နေ့ Sedona Hotel ၌ ကျင်းပပြုလုပ်သည့် မင်္ဂလာညှော်ခံပွဲ၌ မေတ္တာဖြင့် မင်္ဂလာအခမ်းအနားမှူးပြုလုပ်ပေးသော ဦးဝင်းတင်၊ မင်္ဂလာအခါတော် ဒေါ်တင်တင်မြနှင့် အေဝမ်းစိုးမြင့် မင်္ဂလာတူရိယာအဖွဲ့၊ မင်္ဂလာပန်းကြဲပေးသော မေဘရဏီဟန်၊ မင်္ဂလာဇန်းကိုင်ပေးသော ယဉ်မူယာယုခင်၊ သတို့သားအရန်များအဖြစ် မေတ္တာဖြင့်ကူညီပေးကြသော ကိုထင်လင်းနှင့် ဒေါက်တာမြင့်မြတ်၊ သတို့သမီးအရန်များအဖြစ် မေတ္တာဖြင့် ကူညီပေးကြသော ဒေါက်တာတိုးသီရိအောင်နှင့် ဆွေယုခင်၊ မိတ်ကပ်ဖြင့် အလှဆင်ပေးသော မိတ်ကပ်စိုးစိုး၊ ပန်းအလှဆင်ပေးသော မလေးရှားသန်းမြင့်၊ မင်္ဂလာဝတ်စုံဆင်မြန်းပေးသော မမဥ္ဇူ(အင်းယား)၊ ရတနာအလှဆင်ပေးသော စိမ်းမြသန္တာ၊ ဗီဒီယိုဓာတ်ပုံရိုက်ကူးပေးသော မြန်မာ့မီးရထားနှင့် ဦးစန်းအောင်(ရွှေပင်လယ်)၊ ဓာတ်ပုံ တက္ကသိုလ်အေးမြင့်နှင့် မေတ္တာဖြင့် မင်္ဂလာလက်ဆောင်ပေးပို့ကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးကြသော ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ Sedona Hotel မန်နေဂျာနှင့် ဝန်ထမ်းများ၊ဆွေမျိုးမိတ်သင်္ဂဟများအား လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

ဒေါက်တာသန်းမိုးနိုင်-ဒေါက်တာအေးမြမြတင်စိန်။

ဖို့မြေဓမ္မာရုံဆွမ်းလောင်းအသင်း၌ ဓမ္မသဘင်တရားပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး ဖို့မြေရပ်ကွက် ဖို့မြေဓမ္မာရုံ ဆွမ်းလောင်းအသင်း၏ (၈၆) ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်း လှူဒါန်းပွဲအကြိုဓမ္မသဘင်ပွဲအဖြစ် ဇန်နဝါရီ ၄ ရက်ညတွင် သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ အဓိပတိ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ ဂုဏ်ထူးဆောင် ပါမောက္ခ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သဲကုန်းဆရာတော် အရှင်ဒေါက်တာ ဉာဏိဿရ (D.Litt)က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်သည်။

(သတင်းစဉ်)

လူငယ်လူရွယ်ပညာပေးလေ့ကျင့်ရေးစခန်းဖွင့်ပွဲကျင်းပ

စစ်တွေ ဒီဇင်ဘာ ၃၀

ရခိုင်ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီကကြီးမှူး၍ လူငယ်လူရွယ်ပညာပေး လေ့ကျင့်ရေးစခန်း (၃/၂၀၀၃)ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၆ရက် နံနက်က စစ်တွေတပ်နယ် ဗန္ဓုလခန်းမ၌ကျင်းပသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် စစ်တွေခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးမျိုးတင့်က လူငယ်လူရွယ် ပညာပေးလေ့ကျင့်ရေးစခန်း၏ ရည်ရွယ်ချက်များရှင်းလင်းတင်ပြပြီး ရခိုင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီနာယက တိုင်းမှူး၏ဇနီး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးက စစ်တွေမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နာယက ဒေါ်ခင်သန်းအိသို့ အလှူငွေကျပ်၅၀၀၀၀ ပေးအပ်လှူဒါန်းသည်။

(ခရိုင် ပြန်/ဆက်)

တံတားသစ်ဆောက်ရွက်မှု မြို့နယ်ဥက္ကဋ္ဌစစ်ဆေး

ကျောင်းကုန်း ဒီဇင်ဘာ ၃၀

ကျောင်းကုန်းမြို့နယ် ကျေးလက်နှင့် မြို့ဆက်သွယ်သည့် လမ်းမပေါ်မှ အလျား ၂၂ပေ၊ အကျယ် ၁၂ပေရှိ ဒေသဖွံ့ဖြိုးရေးအုတ်ခုံခံသစ်သားတံတား သစ် ဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၂၅ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းနိုင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်ဇော်ဝင်းတို့က ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

တံတားပြီးစီးပါက ကျောင်းကုန်းနှင့် ပန်းတနော်မြို့နယ်ရှိ ကျေးရွာများ၊ ကျေးရွာချင်းဆက်သွယ်ရာတွင်လည်းကောင်း၊ မြို့နှင့်ကျေးရွာဆက်သွယ်ရာတွင်လည်းကောင်း သွားလာမှုလွယ်ကူပြီး ကုန်စည်သယ်ယူ ပို့ဆောင်မှုလုပ်ငန်းများပါ အဆင်ပြေလျင်မြန်သွားမည်ဖြစ်သည်။ **(၂၆၅)**

အမြို့မြို့အနယ်နယ်သတင်းများ

နဝမအကြိမ် မွန်ပြည်နယ်ဗုဒ္ဓဒေသနာတော်ရွတ်ဆိုမှု အကောင်းဆုံး ရွေးချယ်ပွဲဆုချီးမြှင့်ခြင်းကို ဒီဇင်ဘာ ၂၀ ရက်က မော်လမြိုင်မြို့ သာသနာ့ဗိမာန်တော်ကြီးတွင် ကျင်းပရာ မွန်ပြည်နယ် အမျိုးသမီးရေးရာလုပ်ငန်းကော်မတီနာယက ဒေါ်သန်းသန်းနွဲ့က အာဂုံရွတ်ဆိုမှု ပထမဆုရ မွန်ပြည်နယ် ရဲတပ်ဖွဲ့ဝတ်အသင်းအား ဆုချီးမြှင့်စဉ်။ (၁၆၈)

ပဲခူးမြို့ပန်းခြံကုန်းလမ်းမကြီးဖွင့်ပွဲကျင်းပ

ပဲခူး ဒီဇင်ဘာ ၃၁

ပဲခူးမြို့ ကျောက်ဖူးကုန်းရပ်ကွက် ပန်းခြံကုန်းလမ်းမကြီး ကိုယ့်အားကိုယ်ကိုးလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၇ရက်နံနက်တွင် လမ်းဖွင့်ပွဲမုခ်ဦးရှေ့၌ကျင်းပသည်။

ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်ကိုကိုနှင့် တိုင်းအဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ ရပ်ကွက်ပြည်သူများတက်ရောက်ကြသည်။ ကတ္တရာလမ်းသစ်ကြီးကို သာသနာ့မဏ္ဍိုင်ပါဠိတက္ကသိုလ် စာသင်တိုက် ဒုတိယဆရာတော်ဘဒ္ဒန္တပညာသီဟနှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

အဆိုပါလမ်းမကြီးအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ရပ်ကွက်ပြည်သူပူးပေါင်း၍ အလျား ပေ၁၄၂၀၊ အကျယ်၁၂ပေရှိ ကတ္တရာလမ်းအဖြစ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**

ဒီဇင်ဘာ ၂၁ ရက်က သန်လျင်မြို့နယ် ဘော့သပြေကန်ကျေးရွာရှိ နိုင်ငံသားအရည်အချင်းပြည့်မီသူများအား သန်လျင်မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးတင်ထွန်းအုန်း နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်စဉ်။ (က-ပ)

ခရမ်းမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက်ဆက်သွယ်ရေးလမ်းများ ဖောက်လုပ်လျက်ရှိရာ ဒီဇင်ဘာ၂၉ရက် နံနက်က ပြည်သူများ တမံကြီးကျေးရွာအုပ်စုနှင့်ပုဂံတောင်ကျေးရွာအုပ်စု ဆက်သွယ်သည့် လက်ပန်တန်းကျေးရွာ မြေသားလမ်း ဖောက်လုပ်ကြစဉ်။ (၂၈၃)

ဒီဇင်ဘာ တတိယပတ်လူထုလမ်းလျှောက်ပွဲ သနပ်ပင်မြို့နယ်၌ စုပေါင်းဆင်နွှဲ

သနပ်ပင် ဒီဇင်ဘာ ၃၀

တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးအတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီကကြီးမှူးကျင်းပသော ဒီဇင်ဘာ တတိယပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၂၇ရက် နံနက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့တွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးမြင့်ဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အားကစားမှူး ဦးမြင့်ခိုင်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ အသင်းအဖွဲ့များ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ပြည်သူလူထုများ တပျော်တပါး စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲကြသည်။

လူထုလမ်းလျှောက်ပွဲကို သနပ်ပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးရှေ့မှ သနပ်ပင်–ပဲခူးကားလမ်းမ ဘော်ဖြူရိုးတံတားအထိ နှစ်မိုင်အသွားအပြန်လမ်းလျှောက်ကြပြီး လူထုအားကစားလကို ဆင်နွှဲသောအားဖြင့် မြို့ပေါ်ရပ်ကွက်များတွင် နေ့ချင်းပြီး ပြေးခုန်ပစ်၊ ထုပ်ဆီးတိုး၊ ပိုက်ကျော်ခြင်း ပြိုင်ပွဲများ ကျင်းပကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဒီဇင်ဘာ ၁၉ရက် နံနက်က ညောင်ဦးမြို့နယ် ရွာလုကျေးရွာတွင် စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားပြုလုပ်ရာ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်မောင်ဦး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းလင်းထွန်းနှင့် စက်ရေတွင်းအလှူရှင် ဦးနေအောင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (၃၀၀)

ကျောက်ချောလမ်းခင်းရန် ကွင်းဆင်း တိုင်းတာ

တာချီလိတ် ဒီဇင်ဘာ ၃၀

တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၃–၂၀၀၄ ဘဏ္ဍာရေးနှစ် နိုင်ငံတော် ထောက်ပံ့ငွေကျပ် ၉၇ ဒသမ ၅ သိန်းဖြင့် တာချီလိတ်မြို့ လွယ်တော်ခမ်း ကျေးရွာအုပ်စု အဒီးစံပြကျေးရွာသွားလမ်း မူလမြေသားလမ်း အကျယ် ၁၂ ပေ၊ အရှည်ပေ ၃၄၅၀အား ကျောက်ချောလမ်းခင်းရန်အတွက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးဇော်မိုးအေး ဦးဆောင်၍ တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကိုနိုင်၊ လွယ်တော်ခမ်း ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးအစီးတို့နှင့်အတူ ဒီဇင်ဘာ ၁၂ရက်က ကွင်းဆင်း တိုင်းတာဆောင်ရွက်ကြသည်။ **(က-ပ)**

ကိုယ့်အားကိုယ်ကိုးကျေးရွာရုံးနှင့်စာကြည့်တိုက်ဖွင့်

လှိုင်းဘွဲ့ ဒီဇင်ဘာ ၂၅

လှိုင်းဘွဲ့မြို့နယ် နောင်ဘိုကြီးကျေးရွာ ကိုယ့်အားကိုယ်ကိုးကျေးရွာရုံးနှင့် ကျေးရွာစာကြည့်တိုက်ဖွင့်ပွဲကို ဒီဇင်ဘာ ၁၄ ရက် နံနက်က ကျေးရွာရှိ အဆိုပါအဆောက်အအုံတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌဦးကျော်ဇောလှ နှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးမန်းသန်းဝင်းတို့က ကျေးရွာရုံးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဇောလှ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစောမြရွှေနှင့် ရပ်မိရပ်ဖ ဦးစောလှကြည်တို့က ကျေးရွာစာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

(မြို့နယ် ပြန်/ဆက်)

ရန်ကုန်တိုင်း သဃ်ာန်းကျွန်းမြို့နယ် စစ်ကိုင်းစာသင်တိုက်နှင့် ပရိယတ္တိမဉ္ဇူ စာသင်တိုက်ရှိ ရဟန်းသာမဏေများအား မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှ သာသနာဝင် စိစစ်ရေးကတ် ဆက်ကပ်ပွဲကို ဒီဇင်ဘာ ၁၂ ရက်က စစ်ကိုင်းစာသင်တိုက်၌ပြုလုပ်ရာ သဃ်ာန်းကျွန်းမြို့နယ် ဦးစီးဌာနမှူး ဦးစန်းဝေက သာသနာဝင် စိစစ်ရေးကတ်များ ဆက်ကပ်စဉ်။ (ဝ၅၂)

မင်္ဂလာတောင်ညွန့် ဖို့မြေရပ်ကွက်ဓမ္မာရုံ ဆွမ်းဆန်စိမ်းလောင်းလှူပွဲအကြိုဓမ္မသဘင်

ရန်ကုန် ဇန်နဝါရီ ၃

မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး ဖို့မြေရပ်ကွက် ဖို့မြေဓမ္မာရုံ ဆွမ်းလောင်းအသင်းကြီး၏(၈၆)ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အကြိုဓမ္မသဘင်ပွဲများအဖြစ် ဇန်နဝါရီ ၄ ရက်ညတွင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ အဓိပတိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ ဂုဏ်ထူးဆောင်ပါမောက္ခ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မ ကထိက ဗဟုဇနဟိတဓရ သဲကုန်းဆရာတော် အရှင် ဒေါက်တာဉာဏိဿရ (D. Litt.)၊ ဇန်နဝါရီ ၁၄ ရက်ညတွင် ဘဒ္ဒန္တ စန္ဒာသူရိယ (အောင်စကြာဆရာတော်)၊ ဇန်နဝါရီ ၁၅ ရက်ညနေတွင် ဘဒ္ဒန္တ ဝါသဝ (မြစ်သားဆရာတော်)၊ဇန်နဝါရီ၁၆ ရက်ညတွင် ဘဒ္ဒန္တ စန္ဒာဝရာဘိဝံသ(ကျိုက္ကလော့ဆရာတော်)၊ ဇန်နဝါရီ ၁၈ ရက်ညတွင် ဘဒ္ဒန္တ တေဇောစာရ(မလွန်ဆန်လှူဆရာတော်)၊ ဇန်နဝါရီ ၁၉ ရက်ညတွင် ဘဒ္ဒန္တ ဝဏ္ဏိတ(မင်္ဂလာဂုဏ်ရည်ဆရာတော်)၊ ဇန်နဝါရီ ၂၀ရက်ညတွင် ဘဒ္ဒန္တ အာဘရာလင်္ကာရ (ကိုးဘွဲ့ရဆရာတော်)၊ ဇန်နဝါရီ ၂၂ရက် ညတွင် အရှင်ဆန္ဒိက (ရွှေပါရမီတောရဆရာတော်)၊ ဇန်နဝါရီ ၂၃ ရက်ညတွင် အရှင်ခေမာသီရိလင်္ကာရ (ရွှေကျောင်းဆရာတော်)၊ဇန်နဝါရီ ၂၄ ရက်ညတွင် အရှင်ဆေကိန္ဒ(ဓမ္မဒူတဆရာတော်)၊ ဇန်နဝါရီ ၂၆ ရက်ညတွင် အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဘဒ္ဒန္တ ကုမာရာဘိဝံသ (ဗန်းမော်ဆရာတော်)၊ ဇန်နဝါရီ၂၇ ရက်ညတွင် ဘဒ္ဒန္တ ဝံသပါလာ လင်္ကာရ (ရွှေရတုဆရာတော်)၊ ဇန်နဝါရီ ၂၈ ရက်ညတွင် ဘဒ္ဒန္တ ဂန္ဓမာလာလင်္ကာရ (ဝိုင်းတူးတေဆရာတော်)၊ဇန်နဝါရီ ၂၉ ရက်ညတွင် ဘဒ္ဒန္တ ဝါယာမိန္ဒာဘိဝံသ (ရေစကြိုဆရာတော်)နှင့် ဇန်နဝါရီ ၃၀ ရက်ညတွင် ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်)တို့က နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားမည်ဖြစ်သည်။ **(က-ပ)**

ပုတီးကုန်းမြို့ အဝေးရောက် နယ်သူနယ်သားများ တွေ့ဆုံပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက်က ဗဟန်းမြို့နယ် ကြားတောရလမ်း ကုန်သွယ်လယ်ယာ ဓမ္မာရုံ၌ ကျင်းပရာ ၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ သချာဂုဏ်ထူးရှင် မလဲ့ဝေမိုးအား နာယက ဦးမင်းနိုင်က ပညာရည်ချွန်ဆု ချီးမြှင့်စဉ်။ (က-ပ)

ဓမ္မာရုံကျောင်းသိမ်သမုတ်ပွဲ

ရန်ကုန် ဇန်နဝါရီ ၃

မန္တလေးတိုင်း မန္တလေးမြို့ သံဃနာယက ဥက္ကဋ္ဌ ဘဒ္ဒန္တ သာသနာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)မြတောင်တိုက် ရွှေဝါဝင်းကျောင်း ဆရာတော်နှင့် မန်းမြို့မြင်းဝန်မင်းကြီးတိုက် မန်းခေတ္တာရာကျောင်းဆရာတော်ဘဒ္ဒန္တ ကုန္ဒကပဏ္ဍိတ (အဂ္ဂမဟာပဏ္ဍိတ)နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များကို အမှူးထားလျက် နောက်ပါသံဃာရှစ်ပါးတို့နှင့်အတူ ၁၃၆၅ခုနှစ် တပို့တွဲလဆန်း ၉ ရက်၊ ၁၀ ရက် (ဇန်နဝါရီ ၃၀ရက်၊ ၃၁ ရက်)မှစ၍ ဇေယျာဝတီမြို့ ဇေယျာဝတီဆရာတော် ဘဒ္ဒန္တ သောဘန၏ ဓမ္မာရုံကျောင်းတိုက်ကြီးတွင် 'သောဘနလင်္ကာရာဘယရုံသိ'ဝိသုံဂါမ သိမ်သမုတ်ပွဲကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

အောင်ဇမ္ဗူစာပေမှ ထုတ်ဝေပြီး မျိုးဆက်သစ်စာပေ ဖုန်း-၂၄၉၈၄၁ က ဖြန့်ချိလိုက်သည့် အရှင်သြဘာသ (ဓမ္မကထိက စာချ ဓမ္မာစရိယ) ရေးသားသော သံသရာခရီးသည်များအတွက် မြတ်ဗုဒ္ဓ၏ ရွှေနှုတ်တော်မှ တရားတော်များ အတွဲ (၁) စာအုပ်မျက်နှာဖုံး။ (က-ပ)

အင်္ဂလိပ်နှင့်ဂျပန်ဘာသာစကား သင်တန်းများလစဉ်ဖွင့်လှစ်သင်ကြား

ရန်ကုန် ဇန်နဝါရီ ၃

Learners English & Japanese Training Centre မှ အင်္ဂလိပ် ဘာသာနှင့် ဂျပန်ဘာသာစကား ကျွမ်းကျင်လိုသူများ အတွက် ပုံမှန်တန်းခွဲများကို လစဉ် ဖွင့်လှစ် သင်ကြားပေးလျက် ရှိသည်။

ထို့ပြင် နိုင်ငံခြားဘာသာ တက္ကသိုလ်မှ နှစ်စဉ် ကြီးမှူးကျင်းပစစ်ဆေးသော ဂျပန်ဘာသာ အရည်အချင်းစစ် စာမေးပွဲ (JLPT Level 1,2, 3,4) အတွက် တန်းခွဲများနှင့် ယခုနှစ်တွင် စတင်စစ်ဆေးမည့် EJU (Entrance for Japanese University) စာမေးပွဲအတွက် တန်းခွဲသစ်များကို ဇန်နဝါရီ ၅ ရက်တွင် ဖွင့်လှစ် သင်ကြားပေးမည် ဖြစ်ရာ စိတ်ပါဝင် စားသူ မည်သူမဆို ဗိုလ်တထောင်မြို့နယ် ဗိုလ် အောင် ကျော် လမ်း (အလယ်) အမှတ် ၂၁၈ သို့ဖြစ်စေ ဖုန်းအမှတ်- ၃၇၀၁၅၅၊ ၃၇၀၂၄၈ နှင့် ၂၅၆၇၄၂ သို့ ဖြစ်စေ ဆက်သွယ် စုံစမ်းစာရင်း ပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အင်္ဂလိပ်စာသင်တန်းများဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၃

May Education Center တွင် ဖွင့်လှစ်သင်ကြားပေးလျက် ရှိသော TOEFL, IELTS, SAT, ACE (Eng), LCCI, Goeaking နှင့် GEPC သင်တန်းများအပြင် ၂၀၀၄ တွင် English for Executives, English for Business English for Tourism နှင့် English for Teachers တို့ကို ထပ်မံဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ နွေရာသီ သင်တန်းများကို အသက် ၇ နှစ်မှ ၉နှစ် ကလေးငယ်များအတွက် English for Children သင်တန်း၊ အသက် ၁၀နှစ်မှ ၁၄နှစ်နှင့် အသက် ၁၅နှစ်မှ ၁၈နှစ် ကလေးများအတွက် Level I English နှင့် Level II English သင်တန်းများကို မတ်လ ပထမပတ်တွင် စတင်ဖွင့်လှစ် သင်ကြားပေးမည်ဖြစ်သည်။ ထို့ပြင် Institutional Testing Pogram ဖြင့် စစ်ဆေးသည့် ITP TOEFL စာမေးပွဲကို ဖေဖော်ဝါရီ ၈ ရက်တွင် ကျင်းပမည်ဖြစ်၍ ဖြေဆိုလိုသူများ ဇန်နဝါရီ ၁၃ရက် နောက်ဆုံးထား၍ ၉၁(က) ဗညားဒလလမ်း (တာမွေလမ်း) ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၄၄၂၂၄ ၌ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ခုနစ်ရက်တရားစခန်း

ရန်ကုန် ဇန်နဝါရီ ၃

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် (၃၃၇/က)ပြည်လမ်း လယ်တီဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်၌ (၆၇)ကြိမ်မြောက် လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်းကို ဇန်နဝါရီ ၆ရက်တွင် ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း- ၅၃၄၃၂၉ သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးမှပေးပို့လှူဒါန်းသော အိုင်အိုဒင်းဆားအထုပ် ၂၀၀၀ လွှဲပြောင်းပေးအပ်ပွဲကို ဒီဇင်ဘာ ၁၁ရက်က မုဒုံမြို့နယ် ကမာဝက်ကျေးရွာ အထကကျောင်းတွင်ကျင်းပရာ ကမာဝက်အထကကျောင်း ကျောင်းအုပ်ဆရာမကြီးထံ မွန်ပြည်နယ် မြန်မာ့ဆားလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးလွန်းငွေ ပေးအပ်စဉ်။ (၁၆၈)

စီးပွားကူးသန်းဂျာနယ် အတွဲ(၄)၊ အမှတ်(၁)ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၃

ဆရာ မောင်စူးစမ်း၊ ဆရာ အောင်သင်း၊ ဆရာပါရဂူ၊ ဒေါက်တာ ခင်မောင်ညို၊ ဦးဟန်ထွန်းတို့၏ ဆောင်းပါးများနှင့်အတူ သုတ/ရသဆောင်းပါးများဖြင့် ဝေဝေဆာဆာဖော်ပြထားသည့် စီးပွားကူးသန်းဂျာနယ် အတွဲ (၄)၊ အမှတ်(၁) ထွက်ရှိနေပြီ ဖြစ်သည်။ **(အောက်ပုံ)** **(က-ပ)**



ဒဂုံမြို့သစ် (မြောက် ပိုင်း) မြို့နယ် အမှတ် (၄၄) ရပ်ကွက် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းခွဲမှ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် သတ္တမအကြိမ်မြောက် ကလေးပြိုင်ပွဲ ဆုပေးပွဲကို ဒီဇင်ဘာ ၂၈ ရက် တွင် ကျင်းပရာ အသင်းခွဲ ဥက္ကဋ္ဌ ဒေါ်သန်းသန်းက ဆုရကလေးငယ် တစ်ဦးအား ဆုပေးအပ်စဉ်။ (က-ပ)

e- Education Learning Centre
သင်ခန်းစာ ထုတ်လွှင့်မည့်အစီအစဉ်
နေ့လယ်၁၃း၀၀ နာရီမှ ၁၅း၀၀ နာရီအထိ

၅-၁-၂၀၀၄ (တနင်္လာနေ့)
- ❑ Discourse Analysis (1)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ
- ❑ Teaching Short Story (2)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ

၆-၁-၂၀၀၄ (အင်္ဂါနေ့)
- ❑ English Language Teaching Methodology (2)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ
- ❑ Discourse Analysis (2)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ

၇-၁-၂၀၀၄ (ဗုဒ္ဓဟူးနေ့)
- ❑ Teaching Short Story (3)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချ လျက်ရှိသော ဆရာ ဆရာမများ
- ❑ English Language Teaching Methodology (3)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ

၈-၁-၂၀၀၄ (ကြာသပတေးနေ့)
- ❑ Discourse Analysis (3)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ
- ❑ Error Analysis (1)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ၊ ဆရာမများ

၉-၁-၂၀၀၄ (သောကြာနေ့)
- ❑ Psycholinguistics (1)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ
- ❑ Business English (1)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ

၁၀-၁-၂၀၀၄ (စနေနေ့)
- ❑ အဆေးသင်တက္ကသိုလ် ကျောင်းသူ ကျောင်းသားများအတွက် သင်ခန်းစာများ

၁၁-၁-၂၀၀၄ (တနင်္ဂနွေနေ့)
- ❑ အဆေးသင်တက္ကသိုလ် ကျောင်းသူကျောင်းသားများအတွက် သင်ခန်းစာများ

သမ္မတနီတွန်ကုန် နှင့် သင်္ကန်းပရိက္ခရာတိုက်ဆိုင်ကြီး

နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

ကျွန်တော်များ သမ္မတနီတွန်ကုန်နှင့် သင်္ကန်းပရိက္ခရာတိုက်ဆိုင်ကြီးမှ [illegible] ၂၀၀၄ ခုနှစ် [illegible] သမ္မတနီတွန်ကုန်နှင့် သင်္ကန်းပရိက္ခရာ [illegible] ဆုမွန်ကောင်းတောင်းအပ်ပါသည်။

[illegible] ဦးသန်းနိုင် + [illegible] ဒေါ်ကြည်ကြည်ဇော်
သမ္မတနီတွန်ကုန်နှင့် သင်္ကန်းပရိက္ခရာတိုက်ဆိုင်ကြီးမိသားစု

☎ : [illegible]

မွေးနေ့ဆုမွန်

[illegible] (KG-2,MIEC) ၏ ၄-၁-၂၀၀၄ [illegible]

[illegible] – [illegible] (Quality Publishing House)

တိုက်ခန်းနှင့်ကား ရောင်းမည်

၁။ စမ်းချောင်း၊ ဟသ်ာတလမ်း၊ လမ်းကျယ်(၂၅ပေ x ပေ၅၀) ပြီးခါစတိုက်သစ်
၂။ စမ်းချောင်း၊ ညောင်တုန်းလမ်း၊ လမ်းကျယ် (၂၅ပေ x ပေ၅၀) စတင်ဆောက်လုပ်ဆဲတိုက်
၃။ Blue Bird ဘ/တစ်---ကျော်၊ ၈၉မော်ဒယ်၊ အဖြူအိမ်စီးကားသန့်
ဖုန်း-၅၃၉၅၂၁



(၄)နှစ်ပြည့် မွေးနေ့ဆုတောင်း

သားသား ညီညီမိုးမြင့် Pre 1 A (ILBC) ရဲ့
၄-၁-၂၀၀၄ ရက်တွင် ကျရောက်သော
မွေးနေ့မှသည်
နောင်မွေးနေ့ပေါင်းများစွာကို
ပျော်ရွှင်စွာ ဖြတ်သန်းနိုင်ပါစေလို့
ဆုမွန်တောင်းလျက်။

ဖေဖေ – ဗိုလ်ကြီးလှပို
(ဥက္ကဋ္ဌ၊ မောင်တောမြို့နယ်
အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ)
မေမေ – ဒေါ်အုန်းတင်
မမကြီး – မြဇင်ဦး M.Sc,M II (Zool) D.U
ကိုကိုကြီး – ဗိုလ်မျိုးမြင့်ထိုက်
B.E (Electronics) D.S.T.A
ဝါဝါ – ခင်ဝါဝါထွန်း(ခ)မအေး

ရှစ်ရှင်သရှစ်ဆောင် အာကာယံခမီကိုလှမင်း

အန်ကယ်လေး မြန်မာ့ရုပ်ရှင်ရွှေရတုနှစ်မှာ အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုကို ရရှိခဲ့တဲ့အတွက် အန်ကယ်လေးမိသားစုနဲ့အတူ သမီး ဝါဆို ဝမ်းမြောက် ဂုဏ်ယူမိပါတယ်။

ကလေးသရုပ်ဆောင် **ဝါဆိုမိုးဦး** ([illegible])
([illegible] (၂) [illegible])

၄-၁-၂၀၀၄ မွေးနေ့ဆုတောင်း

အချစ်ဆုံးသားကြီး ပိုင်သက်ကျော်(ခ)အိညောင် ၏
(၆) နှစ်မြောက်မွေးနေ့မှသည်
နောင်နှစ်(၁၂၀)တိုင်အောင်
ထူးချွန်ထက်မြက်သော သားကောင်းရတနာ
ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်–
ချစ်ဖေဖေ – ဦးလေးလွင်
ချစ်မေမေ – ဒေါ်နီနီညွန့်
ချစ်ညီမလေး – အေးချမ်းမြတ်ဖြိုး(ခ)ဆန်းမီ

အမြန်ရောင်းမည်

(ညှိနှိုင်းဈေး)

၁။ Mitsubishi Delica (4˚x˚4)
မစ်ဆူဘီရှိ ဒီလီကာ (၅က/ခုနှစ်ထောင်ကျော်)
၂။ Mitsubishi Jeep (4˚x˚4)
မစ်ဆူဘီရှိ ဂျစ် (88) (၂ခ/ခြောက်ထောင်ကျော်)
(**ဆက်သွယ်ရန်** – ၀၉-၅၀ ၁၉၇၀၉၊ ၀၉-၅၀ ၁၉၇၀၆)

THREE STAR Air Con၊ ရေခဲသေတ္တာ တပ်ဆင်၊ ပြုပြင်ရောင်းဝယ်ရေး (Good Second Air con များကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနေပါသည်။ **ဖုန်း–၇၀၅၇၈၄**

GMG
GREENLINE MYANMAR GROUP CO.,LTD.

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌ ကျပ်ငွေဖြင့်သာခန့်ထားရန်)

1. Manager (Administration/ Sales & Marketing) (ကျား/မ) ၃ ဦး
2. Supervisor (Sales & Marketing) (ကျား/မ) ၂ ဦး
3. Accountant (ကျား/မ) ၃ ဦး
4. Office Secretary (မ) ၂ ဦး
5. Public Relation Officer (ကျား/မ) ၁ ဦး
6. Sales & Marketing Staff (ကျား/မ) ၅ ဦး
7. Driver (ကျား) ၃ ဦး

- အမှတ်စဉ် (၁) (၂) (၄) နှင့် (၅) အတွက် ဘွဲ့ရဖြစ်ရမည်။
- အမှတ်စဉ် (၃) အတွက် B.Com/LCCI Level III ဖြစ်ရမည်။
- အမှတ်စဉ် (၆) နှင့် (၇) အတွက် မိမိထမ်းဆောင်ရမည့် လုပ်ငန်းတာဝန်အားရိုးသားတက်ကြွစွာ ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- အမှတ်စဉ် အားလုံးအတွက် သက်ဆိုင်ရာ လုပ်ငန်းအတွေ့အကြုံ နှစ်နှစ်အထက် ရှိရမည်။

လျှောက်ထားလိုသူများသည် ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကိုယ်ရေးရာဇဝင်၊ အလုပ်သမားမှတ်ပုံတင် (မိတ္တူ)၊ ဓာတ်ပုံ သုံးပုံ၊ အိမ်ထောင်စုစာရင်း (မိတ္တူ)၊ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ထောက်ခံစာ၊ အခြားတင်ပြလိုသော စာရွက်စာတမ်းများနှင့်အတူ Greenline Myanmar Group Co.,Ltd. အမှတ် ၂၀၂၊ ဦးဝိစာရလမ်း၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်သို့ လျှောက်ထားနိုင်ပါသည်။

Peace Myanmar Electric Co., Ltd.

ဝန်ထမ်းအလိုရှိသည်။
(မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ ခန့်ထားရန်။)

၁။ Marketing Executive (MBA / ECO) (ကျား) ၃ ဦး
အသက် (၃၀-၄၀)နှစ်၊ Marketing [illegible] Marketing Planများ [illegible] Marketing Team များကို [illegible]

၂။ Sale Executive (ကျား/မ) ၃ ဦး
အသက် (၂၅-၃၀)နှစ်၊ ဘွဲ့ တစ်ခုခု ရရှိပြီး Sale & Marketing များ [illegible]

၃။ Engineer (B.E (or) A.G.T.I - E.P / M.P) (ကျား) ၅ ဦး
အသက် (၂၅-၃၀)နှစ်၊ [illegible] (၃)နှစ် [illegible]

၄။ [illegible] (ကျား) ၂ ဦး
အသက် (၂၀-၃၀)နှစ်၊ [illegible]

လျှောက်ထားလိုသူများသည် [illegible] Peace Myanmar Electric Co., Ltd. အမှတ် ၁၃၇/၁၃၉၊ [illegible] ရန်ကုန်မြို့သို့ [illegible] လျှောက်ထားနိုင်ပါသည်။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀
ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် တရားရုံးတော်၌
၂၀၀၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၂

ဒေါ်မေဝင်းကြူ **နှင့်** ဦးကျော်ရွှေ
(တရားလို၏အထွေထွေကိုယ်စားလှယ်
လွှဲစာရသူ–ဦးသန်းလွင်)
တရားလို **တရားပြိုင်**

ဦးကျော်ရွှေ အမှတ် ၅၆၀၊ ဇေယျာသီရိလမ်း၊ ၃၁ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) ရန်ကုန်မြို့နေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌တရားလို ဒေါ်မေဝင်းကြူက အရောင်းအဝယ်စာချုပ်ပါအတိုင်း ဆောင်ရွက်ပေးစေလိုမှုလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၀၃ ခုနှစ် ဇန်နဝါရီ ၂၆ ရက်(၁၃၆၅ခုနှစ် တပို့တွဲလဆန်း ၅ ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင်သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကိုသင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေး ထိုးထုတ်ပေးလိုက်သည်။
အောင်သန်း (တ/၁၇၅၆)
တွဲဖက်မြို့နယ်တရားသူကြီး (၁)
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

ချစ်မေမေ " ဒေါ်ခင်ကျင် " အတွက်
မွေးနေ့မင်္ဂလာဆုမွန်

၄.၁.၂၀၀၄ ရက်နေ့မှာကျရောက်တဲ့ ချစ်မေမေ၏ [illegible]နှစ်ပြည့် မွေးနေ့မှသည်နောင်နှစ်ပေါင်း များစွာတိုင် ချစ်ခင်ပွန်း ချစ်သား ချစ်သမီး ချစ်မြေးများနှင့်အတူ စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံစေရန် ဆုမွန်ကောင်းတောင်းလျက်–

ချစ်သော သမီး သားများနှင့် မြေးတစ်စု

သမီးလေး "ခိုင်တင်ဇာမွေ" အတွက်
မွေးနေ့မင်္ဂလာဆုမွန်

[illegible] ၄.၁.၂၀၀၄ ရက်နေ့မှာကျရောက်တဲ့ (၁၁) နှစ်မြောက်မွေးနေ့မှသည်နောင်နှစ်ပေါင်း (၁၂၀) တိုင်ချစ်သော ဖေဖေ မေမေတို့နှင့်အတူ စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်း [illegible]

ဆုမွန်ခြွေလျက် –

ချစ်သော ဖေဖေ [illegible]
ချစ်သော မေမေ ဒေါ်တင်တင်[illegible]

မွေးနေ့မင်္ဂလာဆုမွန်လွှာ
ချစ်သားလေး မောင်စွမ်းထက်နိုင်

တတိယတန်း(C) အထက(၂) ကမာရွတ်
Primary II (B) ILBC (ကျိုက္ကဆံ)

၄–၁–၂၀၀၄ (လွတ်လပ်ရေး)နေ့တွင် ကျရောက်သော (၉)နှစ်မြောက်မွေးနေ့မှသည် နောင်နှစ်ပေါင်း(၁၂၀)တိုင် ယဉ်ကျေးလိမ္မာ ဉာဏ်ပညာမြင့်၍ ထူးချွန်ထက်မြက်သော သားလိမ္မာလေးဖြစ်ပါစေ။

ဖေဖေ – ဦးရဲထွန်း(ဒုတိယအင်ဂျင်နီယာမှူးကြီး၊ လမ်းအထူးအဖွဲ့ –၁၆)
မေမေ – ဒေါ်သီဂီမင်း
မမကြီး – ခင်သူဇာထွန်း
မမလေး – နွေးဝင်းထွန်း

[illegible]
Jan (16th - 18th)
Jan (23rd - 25th)
Jan (30th - 1st)
Feb (6th - 8th)
[illegible] View Point [illegible]
Resort Group [illegible]

အမည်ပြောင်း

အဖ ဦးသိန်းဝင်း၏သား ရန်ကင်း T T C စတုတ္ထတန်း(A)မှ မောင်ကောင်းထိုက်ထွန်းအား ယနေ့မှစ၍ မောင်ဟိန်းတေဇာဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဟိန်းတေဇာ**

Japan လီ(ဒ်)ဂစ်တာ

(Second) သန့်သန့်ရပြီ
ခိုင်မာဂစ်တာဆိုင်
(၈) ကျိုက်ဝိုင်းဘုရားလမ်း၊ သမိုင်းလမ်းဆုံအနီး၊
ဖုန်း–၆၆၂၈၅၀

စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီ ပလတ်စတစ် စားပွဲနှင့်ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉:၃၀ မှ ညနေ ၄:၃၀နာရီအတွင်းဆက်သွယ်နိုင်ပါသည်။
အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်
ဖုန်း:–၂၄၅၆၂၀၊ ၂၄၅၆၄၂

ဦးအောင်စကျော် Tu Tu - Su Su
(Ex-English Master / Editor)
[illegible] English [illegible]
ENGLISH SPEAKING / GRAMMAR / PHONETICS
[illegible] ☎ 250727

ရုံးခန်းပြောင်းရွှေ့ဖွင့်လှစ်ခြင်း

ကျွန်တော်များ Myanmar Bestin Co., Ltd. အား အောက်ပါလိပ်စာသို့ ပြောင်းရွှေ့ ဖွင့်လှစ်လိုက်ကြောင်း မိတ်ဟောင်း မိတ်သစ်များအား အသိပေးကြော်ငြာအပ်ပါသည်။

တိုက်–အေ၊ အခန်း ၂၀၁၊ ရွှေသံလွင် ကွန်ဒိုမီနီယမ်၊တက္ကသိုလ်ရိပ်သာလမ်းသစ်၊ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း–၇၂၇၆၃၈၊ ၅၄၄၀၂၉

အများသိစေရန် ကြေညာချက်

မော်လမြိုင်မြို့၊ ဖက်တန်းရပ်၊အောက်လမ်းမကြီး၊ အိမ်အမှတ် ၁၃၀(အေ)နေ ဦးကြူ၊ ဒေါ်ရိမ်း၊ ဦးစိုးမြတ်၊ ဒေါ်ခင်နှင်းသွယ်၊ ဒေါ်မြင့်မြင့်စန်း၊ ဒေါ်အေးအေးမြင့်တို့၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေအပ်ပါသည်။

မော်လမြိုင်မြို့ အုပ်စုနံပါတ်–၂၉၊ အကွက်အမှတ်–၃၉ (ဖက်တန်း)၊ ဦးပိုင်အမှတ် ၆၅ (က) မြေဧရိယာ (၀ဒသမ ၀၇၂)ဧကရှိ မြေနှင့် ထိုမြေပေါ်ရှိ အမှတ် ၁၃၀(အေ)၊ အောက်လမ်းမကြီး၊ ဖက်တန်းရပ်၊ မော်လမြိုင်မြို့ဟုခေါ်သော သုံးထပ်တိုက်သည် မော်လမြိုင်မြို့နယ် စာချုပ်မှတ်ပုံတင်ရုံး၏ မှတ်ပုံတင်စာချုပ် အမှတ် ၁၃၆/၆၈ အရ ဦးကြူနှင့် ဒေါ်ကင်ယုပိုင်ပစ္စည်းဖြစ်ပါသည်။

ဒေါ်ကင်ယုသည် ကွယ်လွန်သွားပြီဖြစ်၍ ကျန်ရစ်သူ ဦးကြူနှင့်သားသမီးများဖြစ်ကြသော ဒေါ်ခိုင်ခိုင်၊ ဒေါ်ရိမ်း၊ ဦးစိုးမြတ်၊ ဒေါ်ခင်နှင်းသွယ်၊ ဒေါ်မြင့်မြင့်စန်း၊ (ချွေးမ)၊ ဦးထွေးလင်း၊ ဒေါ်အေးအေးမြင့် (မြေး)တို့အားလုံး၏ သဘောတူညီမှု မပါရှိဘဲ မည်သူမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း မပြုပါရန် အသိပေး ကြေညာပါသည်။ ပြုလုပ်ပါက ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးအေးမော်
(ဘီအက်စ်စီ၊ အိပ်ချ်ဂျီပီ၊ ဒီဘီအယ်လ်၊ D.A.P (စဥ်–၁၈၆၀၉)
အထက်တန်းရှေ့နေ၊ အမှတ် ၂၆၀ (ပထပ်)၊ လမ်း ၄၀ ၊ ရန်ကုန်မြို့

သဗ္ဗညုပုထိုးတော်ကြီးတည်ဆောက်ရေး



ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကျောက်ရေတွင်းလမ်းတွင် ဗုဒ္ဓမြတ်စွာဘုရားရှင်တို့၏ ဉာဏ်တော်အနန္တကိုရည်ညွှန်းပူဇော်လျက် ရာဇမဟာမုနိရုပ်ပွားတော်မြတ်ကြီးနှင့် တန်ခိုးကြီး ရှေးဘုရားဆင်းတုတော်မြတ်များကို ကိန်းဝပ်အပူဇော်ခံနိုင်ရန်အတွက် ပုဂံသဗ္ဗညုပုထိုးတော်နှင့် ဉာဏ်တော်တူသဗ္ဗညု ပုထိုးတော်မြတ်ကြီးကို တည်ဆောက်ပူဇော်လျက်ရှိပါသည်။

ပုထိုးတော်ကြီး၏ ရွှေထီးတော်အား မကြာမီကာလအတွင်း တင်လှူပူဇော်မည်ဖြစ်ပါသဖြင့် သာသနာတော်ကို ကြည်ညိုမြတ်နိုး သဒ္ဓါရှင်လန်း လှူဒါန်းလိုသော ဗုဒ္ဓဘာသာဝင် သူတော်စင်တို့မှ လှူဒါန်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

(က) ၁၈ပေအမြင့် သံကူကွန်ကရစ်တိုင်တစ်တိုင်(ဇာတ်တော်သရိုးပုံဖော်ပြီး) ကျပ် ၁၀.၅ သိန်း
(ခ) ၂၄ပေအမြင့် သံကူကွန်ကရစ်တိုင်တစ်တိုင်(ဇာတ်တော်သရိုးပုံဖော်ပြီး) ကျပ် ၁၄ သိန်း
(ဂ) မျက်နှာကြက်/နံရံသံကူကွန်ကရစ် ၁၀ပေ ပတ်လည်အကွက်တစ်ကွက် ကျပ် ၆ သိန်း

(တစ်ပေပတ်လည်နှုန်း ကျပ် ၆,၀၀၀)

လှူဒါန်းကြမည့် သဒ္ဓါတရားထက်သန်သူ စေတနာရှင်များမှ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးရည်မျှော်လျက် နှိုးဆော်အပ်ပါသည်။

အဖွားလေး ဒေါ်ဓမ္မေသီ ဓမ္မေသကသီလရှင်စာသင်တိုက် ဖုန်း– ၆၆၄၈၀၂၊
☎ ၂၉၆၄၅၂၊ ☎ ၂၉၆၄၅၃၊ ☎ ၆၆၅၈၆၃၊ ☎ ၆၆၅၉၃၅၊
☎ ၆၆၅၆၁၈၊ ☎ ၆၆၅၆၆၅၊ ☎ ၂၉၉၃၇၇၊ ☎ ၂၉၉၃၈၈

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ အင်းလျားလမ်း၊ ခြံအမှတ် ၂၈(A)နေ
ဦးဟုတ်ကျော်–(ဒေါ်စောညွန့်)၏မြေး
ဦးကျော်ဇော–ဒေါ်အားမူထော တို့၏သား

မောင်ကျော်ထွန်းနိုင်

Technical Supervisor (Eita Service Pte Ltd. Singapore)

နှင့်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ မင်းရဲကျော်စွာလမ်း၊ အမှတ် ၈၁/၈၅ နေ
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အငြိမ်းစားအရာရှိ
ဦးတင်ရှိန်(အငြိမ်းစား ဒုတိယအင်ဂျင်နီယာချုပ် MEPE)–ဒေါ်သန်းမြင့်
တို့၏ သမီးကြီး

မမီမီခိုင်

Accountant (Kajima Corporation)

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူညီချက်ဖြင့် ၁–၁–၂၀၀၄ ရက်တွင် လက်ထပ်ပြီးစီးပါကြောင်း။
နှစ်ဖက်သောမိဘများနှင့် မောင်ကျော်ထွန်းနိုင်–မမီမီခိုင်။

စားကြမယ် ဟော ကောင်းကောင်း

[illegible] ရန်ကုန်ဘူတာကြီးတွင် ဖွင့်လှစ်လိုက်ပါပြီ ---------
[illegible]

ဦးမောင်မောင်ကြီး

(အရှေ့ဖွားစော၊ ညောင်ဦး)

ဥက္ကဋ္ဌ (ငြိမ်း) ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့

မော်ကွန်းဝင်ဒုတိယဆင့်၊ နိုင်ငံ့ဂုဏ်ရည်ဒုတိယဆင့်

(အငြိမ်းစားသံအမတ်ကြီး)

အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဦးကြွယ်ဟိုးလမ်း၊ အမှတ် ၅၂ နေ သက်န်းကုန်သည်ကြီး (ဦးသန်းအုံ-ဒေါ်မြမေ)တို့၏သား၊ မိတ္ထီလာမြို့၊ ပထမလမ်းမတော်နေ (ဦးကျော်ညွန့်-ဒေါ်သီလှ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဗဟန်း မြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ အမှတ် ၂၇(ဘီ)၊ အောင်ဇေယျလမ်းသွယ်၊ ကမ္ဘောဇရိပ်သာ၊ ကုက္ကိုင်းနေ ဒေါ်ခင်မေ၏ခင်ပွန်း၊ (ဦးသိန်းလွင်)-ဒေါ်မမလေး တို့၏ညီ၊ ဦးဘစိန်-(ဒေါ်ခင်နုဆွေ)၊ (ဒေါ်အေးဟန်)တို့၏အစ်ကို၊ ဦးရဲလင်း (MRTV-3)-ဒေါ်ညိုမေလတ်၊ ဗိုလ်မှူးကြီးလှမင်း(ကာကွယ်ရေးဝန်ကြီးဌာန)-ဒေါ်ယုယုလှိုင်၊ ဦးသန်းနိုင်အောင်-ဒေါ်သန်းသန်းမေတို့၏ဖခင်သည် ၃-၁-၂၀၀၄ ရက် (စနေနေ့)နံနက် ၆နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၀၄ ရက် (တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးသင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးမောင်မောင်ကြီး

(အရှေ့ဖွားစော၊ ညောင်ဦး)

ဥက္ကဋ္ဌ (ငြိမ်း) ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့

မော်ကွန်းဝင်ဒုတိယဆင့်၊ နိုင်ငံ့ဂုဏ်ရည်ဒုတိယဆင့်

(အငြိမ်းစားသံအမတ်ကြီး)

အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဦးကြွယ်ဟိုးလမ်း၊ အမှတ် ၅၂ နေ သက်န်းကုန်သည်ကြီး (ဦးသန်းအုံ-ဒေါ်မြမေ)တို့၏သား၊ မိတ္ထီလာမြို့၊ ပထမလမ်းမတော်နေ (ဦးကျော်ညွန့်- ဒေါ်သီလှ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ကုက္ကိုင်းနေ ဒေါ်ခင်မေ၏ခင်ပွန်း၊ ဦးစိန်တိုး(Myanmar Care Products Ltd.)၊ ဒေါ်မြတ်မင်းခိုင်(MBA,9th - Batch)၊ မောင်ဇော်ထွန်းလင်း(Mid Land Shwe Pyi Trading Co.,Ltd.)၊ မအေးယုယုမင်း(B.A.English)၊ မမေသီရိနိုင်(X-C၊အထက-၁၊ဗဟန်း)၊ မောင်ရဲဝင့်ကျော်(IX-C၊အထက-၂၊ဗဟန်း)၊ မောင်သက်နိုင်ဝင်း(Grade II,MLA)တို့၏အဘိုးသည် ၃-၁-၂၀၀၄ ရက် (စနေနေ့)နံနက် ၆နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၀၄ ရက် (တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးသင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဦးမောင်မောင်ကြီး

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ(အငြိမ်းစား)

လွတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)

နိုင်ငံ့ဂုဏ်ရည်ဘွဲ့(ဒုတိယဆင့်)

အသက်(၈၅)နှစ်

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ(အငြိမ်းစား) လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်)၊ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ဒုတိယဆင့်) ဦးမောင်မောင်ကြီးသည် ၃-၁-၂၀၀၄ရက် နံနက် တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့။

ဝမ်းနည်းကြေကွဲခြင်း

ဦးမောင်မောင်ကြီး

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ(အငြိမ်းစား)

လွတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)

နိုင်ငံ့ဂုဏ်ရည်ဘွဲ့(ဒုတိယဆင့်)

အသက်(၈၅)နှစ်

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ(အငြိမ်းစား) လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်)၊ နိုင်ငံ့ဂုဏ်ရည်ဘွဲ့(ဒုတိယဆင့်) ဦးမောင်မောင်ကြီးသည် ၃-၁-၂၀၀၄ရက် နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန။

ဝမ်းနည်းကြေကွဲခြင်း

ဦးသန်းအောင် အသက်(၅၄)နှစ်

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း

ရေကြောင်းနှင့်အင်ဂျင်နီယာဌာနမှ သင်္ဘောသားအဆင့်(၁) ဦးသန်းအောင် စီဒီစီ-၄၁၅၃၅သည် ၃-၁-၂၀၀၄ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးဆောင်ညွှန်ကြားရေးမှူးနှင့်
မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း၊ ဝန်ထမ်းမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ထားထားအေး

အထက(၄)အလုံ၊ ဆရာမ (ငြိမ်း)

အသက်(၆၂)နှစ်

အမေထား ကွယ်လွန်သည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ အမေထား မြင့်မြတ်ရာဘုံဘဝသို့ရောက်ရှိပါစေ။

ကျောင်းသူကျောင်းသားဟောင်းများ
အထက(၄)အလုံ(ယခင်ကူရှင်ကျောင်း)။

ဘုရားအမ၊

အောင်မင်္ဂလာ ကျောင်းအမ (မြင်းခြံ)

ဒေါ်ခင်ရွှေ(မြင်းခြံ)

အသက် (၈၆)နှစ်

မြင်းခြံမြို့၊ ကူရွာနေ (ဦးကြာ-ဒေါ်ငြိမ်းလှ)တို့၏သမီး၊ မြင်းခြံမြို့နေ (ဦးအေးကြည်)၏ ဇနီး၊ ကူရွာနေ ဦးသန်းမြင့်၊ ဒေါ်အေးအေးခိုင် (ကွင်းစိုက်အမက)တို့၏အစ်မ၊ မန္တလေးမြို့နေ ဒေါ်လှလှမြင့်(ဌာနမန်နေဂျာ၊ မန္တလေးတိုင်း လယ်ယာထွက်ကုန်၊ငြိမ်း)၊ မြင်းခြံမြို့နေ ဦးဝင်းမောင်မြင့်(မြို့နယ်တရားရုံး) ဒေါ်ကြည်ကြည်၊ ဒုရဲမှူးဦးတင်ဝင်း (မြစ်သားမြို့နယ်၊ ပရမှူး)- ဒေါ်တင်တင်အုန်း၊ ဦးဇော်မင်း(မန်နေဂျာ၊နတ်ရေကန်မွေးမြူရေးခြံ)-ဒေါ်မြင့်မြင့်သန်း၊ ဗိုလ်မှူးမြင့်လွင်၊ ဒေါ်ဝါဝါ(ဦးစီးအရာရှိ၊ ရန်ကုန်တိုင်း၊ ဥပဒေရုံး)၊ မြင်းခြံမြို့နေ ဦးတင်မောင်ဆွေ-ဒေါ်သန်းသန်းထူး၊ မန္တလေးမြို့၊ တမ္ဗဝတီရပ်နေဦးကျော်ညွန့် (စာအုပ်လုပ်ငန်း) ဒေါ်မိမိလေး (အထက-၇)တို့၏မိခင်၊ မြေး၂၀ယောက်၊ မြစ် လေးယောက်တို့၏အဘွားသည် ၂-၁-၂၀၀၄ရက်ည၁၀း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁-၂၀၀၄ရက် ညနေ ၃နာရီတွင် မြင်းခြံမြို့ ရွှေကူကြီးဘုရားအနီးတွင် ပို့ဆောင်သဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းအမကြီး

ဒေါ်အုန်းကြည်

အသက်(၈၂)နှစ်

ကျောက်တန်းမြို့နေ ဦးသိန်းထွန်း-ဒေါ်စိုးညွန့်၊ အမှတ်၁၅(မ-၅၉)၊ ရဲမွန်တောင်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့နှင့် တိုက်(C-1)၊ အခန်းအမှတ်၁၀၂၊ သီရိမင်္ဂလာဥယျာဉ်အိမ်ရာ၊ အလုံမြို့နယ်နေ ဦးစိုးဝင်း-ဒေါ်စန်းစန်းမြင့်တို့၏မိခင်၊ကျောက်တန်းမြို့နေ မခင်မိုးထွန်း၊ ဦးဇော်နိုင်ထွန်း-မသန္တာ၊ ကိုဇော်မျိုးထွန်း၊ မခင်ချောစု၊ ကိုအောင်အောင်လင်း၊ ပခုက္ကူမြို့နေ ကိုအောင်ဖြိုးဝင်း-မလေးလေးမြင့်၊ မိတ္ထီလာမြို့နေ ကိုသန်းထက်ဝင်း-မနေရီသန့်၊ မန္တလေးမြို့နေ ကိုဝင်းကိုကို-မမွှေးမွှေး၊ ကိုမျိုးသီဟဝင်း တို့၏အဘွား၊ မြစ်ငါးယောက် တို့၏ အဘွားသည် ၃-၁-၂၀၀၄ရက် နံနက်၂း၂၀နာရီတွင် ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်သွားပါ၍ ၅-၁-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (ရန်ကုန်နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်းဒါယိကာမကြီး

ဒေါ်ဒေါ်သန်း(မြင်းခြံ)

ဇဋိလသက်န်းတိုက်

အသက်(၇၆)နှစ်

မြင်းခြံမြို့၊ အမှတ် ၅/၉၆၊ ကြက်သွန်တန်းလမ်းနေ (ဦးလှသိန်း)၏ဇနီး၊ ဦးအောင်ကျော်ဇင်-ဒေါ်မြိုင်မြိုင်၊ ဦးမောင်မြင့်-ဒေါ်သီတာအေး၊ ဦးစိုးမြင့်-ဒေါ်ရီမြသွေး၊ (ဦးအောင်ကျော်စိုး)-ဒေါ်ခင်မြသိန်း၊ ဦးကျော်ဆွေဝင်း-ဒေါ်သန်းသန်းအေး (အထပြ၊ မြစ်သား)၊ ဦးမြင့်သိန်းထွန်း၊ ဦးကျော်ဇံထွေး-ဒေါ်ခင်မြဝေ၊ ဦးကျော်ညွန့်ရိန်-ဒေါ်ပုလဲစုကြည် တို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၃-၁-၂၀၀၄ရက် (စနေနေ့) ညနေ ၅း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၀၄ရက်(တနင်္လာနေ့) မွန်းလွဲ၁နာရီတွင် နေအိမ်မှ ရွာစည်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမြေး၊မြစ်တစ်စု။

ဦးသန်းအောင်

MV. Mandalay

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း

အသက်(၅၄)နှစ်

မော်လမြိုင်မြို့၊ ဇေယျာသီရိမြို့သစ်၊ အောင်သပြေ ၂ လမ်း (ဦးမောင်သွင်-ဒေါ်အေးမြိုင်)တို့၏သား၊ ဒေါ်ကျင်အိန်း (ကျောင်းအုပ်ဆရာမကြီး၊ အလက-၄၊ မော်လမြိုင်မြို့)၏ခင်ပွန်း၊ မစုခိုင်ခိုင်စံ (P.A.T၊ အမက၊ ဘာဘူကုန်း)၊ မောင်ထွဋ်အောင်ကိုကိုတို့၏ဖခင်သည် ၃-၁-၂၀၀၄ ရက် နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၀၄ ရက် ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အမှတ် ၃၆၁၊ C.7. ဗညားဒလလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ် နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမ

ဒေါ်ယဉ်မြ

အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ သီရိဟေမာလမ်း၊ ဦးညိုခြံဝင်းနေ (ဦးဘာဘူ-ဒေါ်သိန်းမေ)တို့၏သမီး၊ (ဦးကျော်ဇံ)-ဒေါ်သန်းမြင့်တို့၏အစ်မကြီး၊ဦးအောင်သူ-ဒေါ်ခင်မျိုးအေး၊ ဦးနေဝင်း-ဒေါ်ခင်မျိုးဟန်မမြအေးသွယ်တို့၏ကြီးကြီးမေ၊ မောင်ဉာဏ်လင်းထက်၏အဘွားသည် ၂-၁-၂၀၀၄ရက် (သောကြာနေ့) ည ၇း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၃-၁-၂၀၀၄ရက် (စနေနေ့)ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊တံတားအမ

ဒေါ်ရင်ထား(ဇင်းကျိုက်)

အသက်(၈၁)နှစ်

ပေါင်မြို့နယ်၊ ဇင်းကျိုက်ရွာနေ (ဦးနော်ရာ- ဒေါ်သူဌေးမ)တို့၏သမီး၊ (ဦးကြီးစိန်)၏ဇနီး၊ ဒေါ်သက်သက်ခင်-ဗိုလ်မှူးကျော်မြင့်(ငြိမ်း)၊ ဒေါ်ရီရီခင်-ဦးထွန်းအောင်၊ ဒေါ်သီသီခင်- ဦးကျော်နှစ်၊ ဦးဆင့်တင်၊ ဒေါ်ကျော့ကျော့ခင်-ဒေါက်တာဌေးအောင်၊ ဒေါ်လဲ့လဲ့ခင်-(ဦးတိုးတိုးဝင်း)၊ ဦးအောင်မော်-ဒေါ်မြင့်လှိုင်ဝင်း(ခ)မေလန်း၊ ဦးပိုလင်း-ဒေါ်မိုး၊ ဒေါ်အိအိရွှေစင်- ဦးသန်းအောင်တို့၏မိခင်၊ မြေး၂၃ ယောက်၊ မြစ်ခုနစ်ယောက်တို့၏ အဘွားသည် ၂-၁-၂၀၀၄ ရက်တွင် အမှတ် ၁၀၁၂၊ မေတ္တာလမ်း၊ (၉) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၀၃ ရက် နံနက် ၁၁ နာရီတွင် ရေဝေးတရုတ်သင်္ချိုင်းတွင် ဂူသွင်းသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်းဒါယကာ

ဗိုလ်မှူးအောင်မြင့် (ငြိမ်း)

(Master Mariner CDC-5981)

အသက်(၇၆)နှစ်

မော်လမြိုင်မြို့နေ (ဦးစံဝင်း-ဒေါ်သိန်းတင်)တို့၏ဒုတိယသား၊ (F.B Legois- Margaret Legois)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ၁၈/၃(ဟ)၊ အောင်သိဒ္ဓိရိပ်သာ၊ လမ်းသွယ်(၂)၊ အောင်သိဒ္ဓိလမ်း၊ မရမ်းကုန်းမြို့နယ်နေ ဒေါ် Leonie ၏ခင်ပွန်း၊ ဦးအောင်မင်း၊ ဦးအောင်ဝင်း (C/O, P.I.L)-ဒေါ်သီတာခင်၊ ဦးတက်မြင့်-ဒေါ်စံပယ်မြင့်၊ ဦးဝင်းကို-ဒေါ်စန္ဒာမြင့်(ဘေဘီ)၊ ဦးဝင်းအောင်-ဒေါ်လှရီတို့၏ဖခင်၊ ကိုသီရိန်မင်း၊ ကိုဇာဏီမင်း-မသီတာအေး၊ မောင်ရန်နိုင်မင်း၊ မအင်ကြင်းလှိုင်၊ မောင်ရန်မျိုးအောင်၊ မရတနာမြင့်၊ မောင်ကျော်ဝင်းတက်၊ မချမ်းညိမ်းကို၊ မောင်ဖြိုးသက်ကို၊ မခန့်ရူပါကို(သဲသဲလေး)တို့၏ဘိုးဘိုး၊ မြစ်သုံးယောက်တို့၏ဘိုးဘိုးကြီးသည် ၂-၁-၂၀၀၄ရက် (သောကြာနေ့) နံနက် ၃း၅၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၄-၁-၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

မြို့သစ်မြို့နယ်အသင်း(ရန်ကုန်)

ဒေါ်ညွန့်ရီ

အသက်(၆၂)နှစ်

မကွေးတိုင်း၊ မြို့သစ်မြို့နယ် ထောက်ရာတန်းကျေးရွာနေ (ဦးလှကျော်-ဒေါ်ထိုက်)တို့၏သမီး၊ တိုက်၄၊ အခန်း ၆၊ ပေါ်ဆန်းမွှေးလမ်း သုဝဏ္ဏမြို့သစ်နေ (ဦးမျိုးအောင်)၏ဇနီး အသင်းဝင်ဒေါ်ညွန့်ရီသည်၁-၁- ၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၅-၁-၂၀၀၄ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ အသင်းသားများလိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများမွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) အမှုဆောင်အဖွဲ့။

ဒေါ်သန်းသန်းအေး

အလယ်တန်းပြ-အမက

(သံကြိုးတိုင်၊ ဝါးခယ်မမြို့)

အသက် (၄၆)နှစ်

ဝါးခယ်မမြို့၊ အမှတ် ၁၂၆၊ ရေကျော်ရပ်ကွက်နေ ဦးဘိုကေ-ဒေါ်လှကြည်တို့၏သမီး၊ ဒေါ်ရင်မေ(လယ်ပြ၊ ဝါးခယ်မ)၊ ဦးစံထူး(အကျဉ်းဦးစီး)-ဒေါ်ကြည်ကြည်စိန်၊ဦးလှမင်း (လယ်ပြ-ပညာရေးမှူးရုံး) ဒေါ်အေးကြူ (ဆမ) တို့၏ညီမ၊ ဒေါ်မြမြလွင်(လယ်ပြ၊ထော်ကန္တတ်)၏အစ်မ၊တူ၊တူမခြောက်ယောက်တို့၏အဒေါ်၊ မြေးနှစ်ယောက်တို့၏ အဘွားသည်၂-၁-၂၀၀၄ရက်(သောကြာနေ့) ည၁၀း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၄-၁-၂၀၀၄ရက်တွင် ဝါးခယ်မသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

ဗိုလ်ကြီးဖွန်နှင် (အငြိမ်းစား)

Capt. Phun Hnin

အသက်(၈၈)နှစ်

ဖလမ်းမြို့၊ Cin Mual ရပ်ကွက်နေ (U Bawi Tlam-Daw Tluk Man) တို့၏ သားကြီး၊ (Daw Nu Hngel) ၏ မောင်၊ Sister Ngam Cuai (ငြိမ်း၊ ရန်ကုန်ဆေးရုံကြီး)၊ (U Do Zam) (အလက ကျောင်းအုပ်၊ငြိမ်း)၊ (U Khua Kulh) (အမက ကျောင်းအုပ်၊ငြိမ်း)၊ U Van Kulh(သင်းအုပ်ဆရာ)၊ (U Thawng Luai) (ကျန်းမာရေးဌာန၊ငြိမ်း)၊ Daw Henny Kyaw Twe (မြန်မာ့ရုပ်သံ၊ ငြိမ်း) Daw Ngun Kim (ကျန်းမာရေးဌာန) တို့၏အစ်ကိုကြီးသည် ၃-၁-၂၀၀၄ရက် နံနက် ၁ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ယင်းနေ့ ညနေ ၃ နာရီတွင် ဖလမ်းမြို့ ခရစ်ယာန်သင်္ချိုင်းတွင် သဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာ

ဦးနိုင်လင်း (တော်လတီ)

အသက်(၈၁)နှစ်

တိုက်ကြီးမြို့နေ(ဦးကောက်-ဒေါ်ကြင်မြိုင်)တို့၏သား၊ (ဦးကြင်ပိုး-ဒေါ်ရွှေမှန်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊မနောဟရီလမ်း၊အမှတ် ၇၉/၈၁နေ ဒေါ်စမ်းကြည်၏ခင်ပွန်း၊ (ဦးဟန်စိန်)-ဒေါ်ထားရှင်တို့၏မောင်၊ (ဦးကျော်ဇော)-ဒေါ်ကျင်တင်၊ ဦးကျော်မြင့်-ဒေါ်ခင်မေသက်၊ ဦးစိုးသိန်း-(ဒေါ်ယဉ်မေ)၊ (ဦးသန်းဌေး) - ဒေါ်ကြင်မဲ့၊ ဒေါက်တာဦးတိုး-ဒေါ်ချိုတို့၏ အစ်ကိုကြီး၊ ဒေါ်ယဉ်ယဉ်လှ (၃၆၃၊ ဘီရုံ၊ သိမ်ကြီးဈေး)၊ ဦးကျင်ရိန်-ဒေါ်တင်တင်နိုင် (၂၈၉၊ ဘီရုံ၊ သိမ်ကြီးဈေး)၊ ဒေါက်တာကျော်လင်း-ဒေါ်လွင်လွင်သက်၊ ဒေါ်ကြည်ကြည်ဇင် (ကထိက၊ ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ဦးမြင့်ဇော်-ဒေါ်ချိုချိုမြင့် (၂၂၇-၂၂၉၊ ဘီရုံ၊ သိမ်ကြီးဈေး)၊ ဦးသန်းထွန်းလင်း-ဒေါ်ချိုချိုဦး(၂၉၀၊ ဘီရုံ၊ သိမ်ကြီးဈေး)၊ ဦးစိုးမော်-ဒေါ်ဥမ္မာကြည်၊ ဦးအောင်ဝင်းနိုင်တို့၏ဖခင်၊ မြေး ၁၀ ယောက်တို့၏အဘိုးသည် ၁-၁-၂၀၀၄ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါ၍ ၅-၁-၂၀၀၄ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်းအမ

ဒေါ်မြညွန့် (ကော့မှူး)

အသက်(၇၁)နှစ်

တောင်ဥက္ကလာပမြို့နယ်၊ (၁၅) ရပ်ကွက်၊ ၃ လမ်း၊အမှတ် ၁၀၇/ခ နေ (ဦးပွ-ဒေါ်အုံးရှင်)တို့၏သမီး၊ ဦးရွှေဇင်(တောင်ဥက္ကလာပစေတီ ဂေါပကအဖွဲ့ဝင်)၏ဇနီး၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီး/တောင်ရပ်ကွက်နေ(ဦးထွန်းရင်-ဒေါ်ဖွားမေ)တို့၏ ညီမ၊ သန်လျင်မြို့၊ အောင်ချမ်းသာ၊ (၃) ရပ်ကွက်နေ ဦးသောင်းရွှေ-ဒေါ်အုန်းရီတို့၏အစ်မ၊ ဦးအေးချို (မြန်မာ့စီးပွားရေးဘဏ်၊ သင်္ဃန်းကျွန်း) - ဒေါ်မို (အလက-၇၊ တောင်ဥက္ကလာ)၊ မနီလာ(ဆည်မြောင်းဦးစီးဌာန၊ ဘူမိဗေဒဌာနခွဲ)-ကိုမောင်မောင်အေးတို့၏မိခင်၊ မချိုချိုစန္ဒီ၊ မောင်ဇင်လင်းထွဋ်တို့၏ အဘွားသည် ၂-၁-၂၀၀၄ရက် (သောကြာနေ့) နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၀၄ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးကျော်ကျော်

(အငြိမ်းစားအရာခံဗိုလ်)

အသက်(၅၅)နှစ်

ကျောက်ပန်းတောင်းမြို့၊ စမ်းကုန်းကျေးရွာနေ(ဦးရွှေပိုင်-ဒေါ်စောရင်)တို့၏သား၊ ဒေါ်အုံးကျင်၊ ဦးသန်းလွင် (မလက)-ဒေါ်ဝင်းခင်၊ တောင်ငူမြို့နေ ခွဲတပ်ကြပ်ကြီးသောင်းရွှေ- ဒေါ်နွယ်၊ ဦးရွှေမောင်-ဒေါ်နွဲ့တို့၏ ညီမောင်၊ ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ် ၁၃၈၅ နေ ဒေါ်ခင်ဝင်းရီ၏ခင်ပွန်း၊ မခိုင်ခိုင်သွယ်၊ မောင်မင်းကျော်ထင်-မချိုချိုနွယ်၊ မအေးအေးမာ၊ မနီနီတို့၏ ဖခင်၊ မောင်ကောင်းမြတ်သူ၏ အဘိုးသည် ၃၁-၁၂-၂၀၀၃ ရက်တွင် ကွယ်လွန်သွားပါ၍ ၂-၁-၂၀၀၄ ရက်တွင် ထိန်ပင်သုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ရွှေကျင်ဂိုဏ်းကြီး၏ ရတ္တညူမဟာနာယက

သက်တော်ရှည် ဗုဒ္ဓသာသနာပြု

ယောနယ်အသင်း(ရန်ကုန်)၏ ဩဝါဒါစရိယ

မဟာသာသနဝေပုလ္လကျောင်းဆရာတော်

ဘဒ္ဒန္တ ဝေပုလ္လ(အဂ္ဂမဟာပဏ္ဍိတ) မဟာထေရ်မြတ်

သက်တော်(၈၇)နှစ်၊ သိက္ခာတော်(၆၇)ဝါ

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ကြားတောရလမ်း၊ မြို့မရပ်ကွက်၊ မဟာသာသန ဝေပုလ္လကျောင်းနှင့် မင်္ဂလာဒုံမြို့နယ်၊ သင်္ဃန်းကျွန်းကြီးကျေးရွာအုပ်စု၊ ကာယရပ်ကွက်၊ ကာယ ၉လမ်း၊ မဟာသာသနဝေပုလ္လ ပရိယတ္တိစာသင်တိုက်တို့၏ ဦးစီးပဓာနနာယက ဗုဒ္ဓသာသနာပြုဖြစ်တော်မူသော ရွှေကျင်နိကာယရတ္တညူ မဟာနာယက ယောနယ်အသင်း၏ ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တဝေပုလ္လ(အဂ္ဂမဟာပဏ္ဍိတ) မဟာထေရ်မြတ်သည် ၁၃၆၅ ခုနှစ် ပြာသိုလဆန်း ၁၁ရက် (၂-၁-၂၀၀၄ ရက်)သောကြာနေ့ နံနက် ၁း၀၅နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ဘဝနတ်ထံပျံလွန်တော်မူပါသဖြင့် ဆရာတော်၏ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်မြတ်ကို ၁၃၆၅ခုနှစ် ပြာသိုလပြည့်နေ့ (၆-၁-၂၀၀၄ ရက်) အင်္ဂါနေ့ ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ သာဓုကီဠနအန္တိမအဂ္ဂိဈာပနသဘင် ဆင်ယင်ကျင်းပပူဇော်ကြမည်ဖြစ်ပါကြောင်း တပည့်ဒါယကာ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ယောနယ်အသင်း(ရန်ကုန်)။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ သာသန

(ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ ရတ္တညူမဟာနာယက)

ရွှေကျင်နိကာယ မဟာဗောဓိဂိုဏ်းထောက်ဆရာတော်

သက်တော် (၈၄)နှစ်၊ သိက္ခာတော်(၆၄)ဝါ

ရန်ကုန်တိုင်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ကျိုက္ကဆံအနောက်ရပ်ကွက်၊ ကျိုက္ကဆံရွှေကျင်တိုက်သစ် ကျောင်းတိုက်ကြီး၏ဦးစီးပဓာန နာယက ရတ္တညူမဟာနာယက ရွှေကျင်နိကာယ မဟာဗောဓိ ဂိုဏ်းထောက်ဆရာတော် ဘဒ္ဒန္တ သာသန မဟာထေရ်မြတ်သည် (၁၃၆၅ ခုနှစ် ပြာသိုလဆန်း ၁၂ ရက်) ၃-၁-၂၀၀၄ ရက် (စနေနေ့) နံနက် ၁၀း၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို (၁၃၆၅ ခုနှစ် ပြာသိုလပြည့်ကျော် ၁ ရက်) ၇-၁-၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်၍ အန္တိမ အဂ္ဂိဈာပနသာဓုကီဠနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါသောကြောင့် တပည့် ဒါယကာ ဒါယိကာမ အပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

တပည့်သံဃာ၊ ဒါယကာ ဒါယိကာမများ။

ရဟန်း ဒါယကာကြီး

ဦးအောင်လွင်

လက်ထောက်ညွှန်ကြားရေးမှူး (ငြိမ်း)

အထည်အလိပ်၊ စက်မှု(၁)

အသက်(၆၈)နှစ်

ပုသိမ်မြို့နေ(ဦးဖိုးဆိတ်-ဒေါ်အေးသွယ်) တို့၏သား၊ အမှတ် ၁၂၇၂၊ မင်္ဂလာသုခ ၂ လမ်း၊ (၄၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) နေ (ဒေါ်ခင်လှမြင့်) (ဆရာအတတ်သင်သိပ္ပံ)၏ ခင်ပွန်း၊ ဦးသန်းထိုက်အောင်၊ ဒေါ်သီသီလွင်တို့၏ဖခင်၊ မမီမီသန်းထိုက်အောင် (ပထမနှစ်-သချာ၊ ဒဂုံ တက္ကသိုလ်)၊ မောင်အေးခန့်သန်းထိုက်အောင် (အထက-၂၊ ကမာရွတ်)တို့၏ အဘိုးသည် ၃-၁-၂၀၀၄ ရက် (စနေနေ့)တွင် ကွယ်လွန်သွားပါ၍ ၇-၁-၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

(နေအိမ်မှ ကားများ ညနေ ၃ နာရီခွဲတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

သက်မင်းထွန်း(ခ)အထွန်း

အသက်(၃၄)နှစ်

ပဲခူးမြို့၊ ဟသ်ာကုန်း (၁၈)ရပ်ကွက်၊ မာဃလမ်း၊ အမှတ်၇၄၉နေ (ဦးဘကြွယ်)-ဒေါ်တင်လှတို့၏ တစ်ဦးတည်းသောသားထွေး၊ စည်တီးရွာနေ (ဦးဘသော်)-ဒေါ်ငွေရှင်၊ သံကြိုးဝိုင်းရွာနေ (ဦးဘစိန်)-ဒေါ်ကျင်ငွေ တို့၏တူ၊ ညာန်ကျွန်းရွာနေ ဦးသောင်းကြွေ-ဒေါ်ကျင်စန်း၊ ပဲခူးမြို့နေ ဦးလှမောင်-ဒေါ်တင်ရိန်၊ ရန်ကုန်မြို့၊ ၁၀မိုင်နေ ဦးခင်မောင်ဦး-ဒေါ်သိန်းသိန်း၊ ဦးဝင်းအောင်-ဒေါ်အေးအေး၊ ဦးသန်းနိုင်-ဒေါ်စိန်စိန်ရီ၊ ဦးအေးကို-ဒေါ်သန်းသန်းဌေး၊ (ဦးမျိုးမြင့်လွင်)-ဒေါ်စန်းစန်းအေး၊ ဦးဝေလင်း-ဒေါ်ဌေးဌေးချိုတို့၏ ညီ/မောင်သည် ၂-၁-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၄-၁-၂၀၀၄ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (၁၀မိုင်၊နဝဒေးလမ်း၊ အမှတ် ၇၄နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

ဗိုလ်ကြီးဖွန်နှင်(အငြိမ်းစား)

Capt. Phun Hnin

အသက်(၈၈)နှစ်

ဖလမ်းမြို့၊ ကျင်မွာလ်ရပ်ကွက်နေ (U Bawi Tiam-Daw Tluk Man)တို့၏ သားကြီး၊ (U Lian Tai-Daw Paak Leng)တို့၏သားသမက်၊ Daw Sim Twe၏ ခင်ပွန်း၊ (U Cung Ling)၊ (U Lai Thang)၊ Daw Nei Lan(အထက ရိခေါဒါရ်)- U That Cung Nung၊(Daw Nei Tling)-(U Ral Rel Mang)၊ Daw Nei Bawi (မြို့နယ်ပညာရေးမှူးရုံး၊ ဖလမ်း မြို့)-U Thang Aung၊ Daw Nei Uk (အထက-၂၊ ဖလမ်းမြို့)၊ U San Thang-Daw Thawng Than Thluai၊ Daw Nei Ciang-U Myint Naing (I.B.T.C)၊ Daw Nei Ve(တိုင်းငါးလုပ်ငန်းဦးစီးဌာန၊ မန္တလေးမြို့)၊ U Thuah Thang (MEPE၊ ဖလမ်း)-Daw Van Khaw Thiang၊ Ma Nei Vum၊ Ma Nei Mawi တို့၏ဖခင်၊ မြေး ၂၀ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘိုးသည် ၃-၁-၂၀၀၄ ရက် နံနက်၁နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ယင်းနေ့ ညနေ၃နာရီ၌ ဖလမ်းမြို့ ခရစ်ယာန်သင်္ချိုင်းတွင် သဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ကိုမြင့်အောင်

ဒဂုံတက္ကသိုလ် (မြန်မာစာ)

အသက်(၃၃)နှစ်

ရန်ကုန်တိုင်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ လေးထောင့်ကန်လမ်း၊ အမှတ် ၄၂ နေ ဦးပန်းဖုံ-ဒေါ်အေးမုံ၊ ဦးချစ် အေး-ဒေါ်အုံးမြတို့၏မြေး၊ ဦးသာညွန့်-ဒေါ်ခင်သန်း (ပေါက်ကျိုင်း)တို့၏သား၊ ဦးစိန်ကျော်-ဒေါက်တာကြည်ကြည်ဝင်း၊ ဒေါ်မြင့်မြင့်စိန် (ရွှေပေါက်ကံ)၊ ဦးဉာဏ်ထွန်း-ဒေါ်ခင်ရွှေဝင်းတို့၏တူ၊ ကိုဇော်ဝင်း-မတင်တင်စိုး၊ (ကိုဝင်းသန်း)တို့၏ညီ၊ (ကိုတင့်ကိုကျော်)-မအေးအေးသန်းတို့၏အစ်ကို၊ မနှင်းဝေဦး၊ မထားဥလီ၊ မသက်ထားစံ၊ မစန္ဒာဇော်ဝင်းတို့၏ ဦးလေးသည် ၃-၁-၂၀၀၄ ရက် ညနေ ၄း၁၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၅-၁-၂၀၀၄ ရက် (တနင်္လာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချီ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့် ပညာရေးစုံညီပွဲတော်ကျောင်းသားကျောင်းသူများသရုပ်ပြပွဲတက်ရောက်ချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၃

ပညာရေးမြှင့်တင်မှုအစီအစဉ်နှင့် အမျိုးသားပညာရည်မြင့်မားရေးလုပ်ငန်းစဉ်ဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုဖြစ်စေရန်၊ ကျောင်းသားကျောင်းသူများ၏ ဘက်စုံပညာဖွံ့ဖြိုးတိုးတက်မှုစွမ်းရည်ကို ဖော်ထုတ်ပြသရန်၊ ဘက်စုံပညာဖွံ့ဖြိုးတိုးတက်မှုစွမ်းရည်ကို ကျောင်းသားကျောင်းသူများ ပိုမိုစိတ်ဝင်စားပြီး ကိုယ်တိုင်ကြိုးစားအားထုတ်လာစေရန်နှင့် ကျောင်းသားကျောင်းသူများ၏ ထူးချွန်ထက်မြက်သည့် စွမ်းရည်ကို တိုးတက်မြှင့်တင်ပေးရန်ဟူသည့် ရည်ရွယ်ချက်လေးရပ်ဖြင့် ကျင်းပသော ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ထူးချွန်ထက်မြက် ကျောင်းသားကျောင်းသူများ၏ချီတက်သရုပ်ပြပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သဃ်္ဃန်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏဥ္ဆကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်အားပေးချီးမြှင့်သည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ထူးချွန်ထက်မြက်သော ကျောင်းသားကျောင်းသူများ ချီတက်သရုပ်ပြပွဲ တက်ရောက်အားပေးချီးမြှင့်စဉ်။ (အပေါ်ဝဲပုံနှင့် အောက်ပုံ) (မြန်မာ့အလင်း)

အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း (၅၆)နှစ်မြောက်လွတ်လပ်ရေးနေ့ပြပွဲဖွင့်ပွဲတက်ရောက်ချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၃

နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲလက်တွဲ ပူးပေါင်းကာကွယ်စောင့်ရှောက်ရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးအတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး၊ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော

စာမျက်နှာ ၁၁ ကော်လံ ၄ ✡

ယနေ့ထုတ် မြန်မာ့အလင်းစောင်ရေ ၂၀၂၃၁၉

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်ပြီး ပြခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ် (အပေါ်ပုံ) နှင့် ပြပွဲခင်းကျင်းပြသရေး ဆပ်ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်းက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (အောက်ပုံ) (သတင်းစဉ်)

"သားကြီးလာရင် စစ်ဗိုလ်ကြီးလုပ်ခိုင်းမယ်"

မနန္ဒာအောင် [လှိုင်မြို့နယ်မှ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ပြပွဲသို့ လာရောက်လေ့လာကြည့်ရှုသူ]။ ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)